# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြ၏**

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၉ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၄၈)


# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**
**(၂၀၁၈ခုနှစ်၊ ဇွန်လ ၆ ရက်)**

**ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအေဂျင်စီများသည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပြုနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် ယနေ့လက်မှတ်ရေးထိုးခဲ့ကြသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် "ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်" ကို အကောင်အထည်ဖော်ရာတွင် မြန်မာအစိုးရ၏ဆောင်ရွက်ချက်များအား အထောက်အပံ့ပြုနိုင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့ကို ဖိတ်ခေါ်ခဲ့မှုအရ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည့်အတိုင်း နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးချိန်မှ စတင်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၃။ ယခုကဲ့သို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းကြောင့် မြန်မာအစိုးရက ယမန်နှစ်ကပင် စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည့် နေရပ်စွန့်ခွာသွားသူများ မိမိသဘောဆန္ဒအလျောက် လုံခြုံဘေးကင်းသိက္ခာရှိစွာ ပြန်လာနိုင်ရေးလုပ်ငန်းများကို ပိုမိုအားဖြည့်မြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ထားသည်။ ကုလသမဂ္ဂအေဂျင်စီများ ပါဝင်မှုကြောင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ပိုမို၍ လျင်မြန်လာမည်ဟုလည်း မျှော်လင့်ထားသည်။

၄။ နိုင်ငံတော်အစိုးရ၏ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်စွဲဖြင့် ထုတ်ပြန်ချက်ပါအတိုင်း နေရပ်စွန့်ခွာသွားသူများ အရေးကိစ္စနှင့်စပ်လျဉ်း၍ မြန်မာအစိုးရ၏


*စာမျက်နှာ ၄ ကော်လံ ၁*


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဒုတိယအကြိမ်မြောက် Myanmar-EU Economic Forum ဖွင့်ပွဲတက်ရောက်

**နေပြည်တော် ဇွန် ၆**

ဒုတိယအကြိမ်မြောက် Myanmar-EU Economic Forum ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်မျိုးနှင့် ဦးအောင်ထူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt နှင့် ကိုယ်စားလှယ်များ၊ ဥရောပကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




**ဒုတိယသမ္မတ ဦးမြင့်ဆွေ ဒုတိယအကြိမ်မြောက် Myanmar- EU Economic Forum ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
သတင်းစဉ်

❑ **Asian Development Outlook 2018 အရ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်၌ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းကို တိုးတက်ခဲ့**

❑ **လာမည့်နှစ်များ၌ မြန်မာနိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ၇ ရာခိုင်နှုန်းကျော်အထိ ရှိလာမည်ဟု မျှော်မှန်း**

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဒုတိယအကြိမ်မြောက် Myanmar - EU Economic Forum ကို စီစဉ်ကျင်းပပေးသော ဥရောပကုန်သည်ကြီးများအသင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုဖိုရမ်မှတစ်ဆင့် မြန်မာနိုင်ငံနှင့် ဥရောပစီးပွားရေး အသိုက်အဝန်းများအကြား စီးပွားဆက်ဆံရေးကို ပိုမိုတိုးတက်အောင် ဆောင်ကြဉ်းပေးသွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း။

မြန်မာ့စီးပွားရေး လက်ရှိတိုးတက်မှုအခြေအနေများနှင့် ပတ်သက်၍ ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးမှုမူဝါဒတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အား ရရှိရေး၊ အလုပ်အကိုင်ဖန်တီးပေးရေး၊ သဘာဝအရင်းအမြစ်များအား ရေရှည်ထိန်းသိမ်းနိုင်ရေး၊ စွမ်းဆောင်ရည်တည်ဆောက်ရေးနှင့် လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး အစရှိသည့် ပြည်သူကိုဗဟိုပြုပြီး ပြည်သူများပါဝင်နိုင်သော မူဝါဒရည်မှန်းချက်များ ပါဝင်ပါကြောင်း။

ထို့ပြင် မိမိတို့အနေဖြင့် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းကဏ္ဍများ ပိုမိုတိုးတက်


*စာမျက်နှာ ၃ ကော်လံ ၁*



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ကန်ထရိုက်လယ်ယာစိုက်ပျိုးရေး

ကန်ထရိုက်လယ်ယာစိုက်ပျိုးရေး (Contract Farming) ဆိုသည်မှာ တောင်သူလယ်သမားများနှင့် ကုမ္ပဏီတို့ကြား လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအတွက် နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုခြင်း ဖြစ်ပါသည်။ အဆိုပါ သဘောတူစာချုပ်၌ နှစ်ဦးနှစ်ဖက်စလုံး၏ တာဝန်ဝတ္တရားများနှင့် ကတိကဝတ်များ၊ အန္တရာယ်များအပါအဝင် အကျိုးအမြတ်တို့အပေါ် မည်သို့မည်ပုံ မျှဝေခံစားပုံ စသည်တို့ကို အကျေအလည်ညှိနှိုင်း၍ အတိအကျ သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ကန်ထရိုက်လယ်ယာ စိုက်ပျိုးရေး၏ အဓိကသော့ချက်သည် တောင်သူလယ်သမားများနှင့် ကုမ္ပဏီအကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ရေး ဖြစ်ပါသည်။

ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးစနစ်ကို အောင်မြင်စွာအကောင်အထည်ဖော်လိုပါက တောင်သူလယ်သမားများနှင့် ကုမ္ပဏီတို့သည် မိမိတို့၏ကတိကဝတ်တို့အပေါ် အလေးအနက်ထားလိုက်နာစောင့်ထိန်းရန် လိုအပ်သကဲ့သို့ သဘောတူညီချက်နှင့်အညီ ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးစနစ်ကို စီမံခန့်ခွဲရမည် ဖြစ်ပါသည်။ တောင်သူလယ်သမားများနှင့် ကုမ္ပဏီတို့အကြား အပြန်အလှန်ယုံကြည်မှုရှိရေးသည် အချိန်ယူ အကောင်အထည်ဖော်ရမည်ဖြစ်သကဲ့သို့ နှစ်ဦးနှစ်ဖက်စလုံးက မိမိတို့၏ တာဝန်ဝတ္တရားများကို ကြိုးပမ်းအကောင်အထည်ဖော်ကြရမည် ဖြစ်ပါသည်။ ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးစနစ်က တောင်သူလယ်သမားများနှင့် ကုမ္ပဏီအတွက် အကျိုးအမြတ်တို့ကို စဉ်ဆက်မပြတ်ဖန်တီးပေးနိုင်မှသာ နှစ်ဦးနှစ်ဖက်ကြား ယုံကြည်မှုခိုင်မာလာပြီး လုပ်ငန်းအောင်မြင်မည်ဖြစ်ပါသည်။

ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးစနစ်၏ အားသာချက်တစ်ရပ်မှာ စိုက်ပျိုးရေးထုတ်လုပ်ရောင်းချသော ဖြစ်စဉ်တစ်ရပ်လုံးရှိ အရေးပါသူအားလုံးကို စုစည်းဆက်စပ်ပေးနိုင်ခြင်း ဖြစ်ပါသည်။ မျိုးစေ့နှင့် မြေဩဇာကဲ့သို့သော လယ်ယာသွင်းကုန် ပစ္စည်းရောင်းချသူများ၊ တောင်သူလယ်သမားများ၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ရောင်းချငှားရမ်းသူများ၊ ဆန်ကြိတ်ခွဲခြင်းကဲ့သို့သော ဝန်ဆောင်မှုကုမ္ပဏီများ၊ ကုန်သည်များ၊ ဘဏ်များစသည့်စသည့် အရေးပါသူအားလုံးကို ကန်ထရိုက် လယ်ယာစိုက်ပျိုးရေးစနစ်က စုစည်းဆက်စပ်ပေးပါသည်။ ဘဏ်များသည်လည်းတောင်သူလယ်သမားများနှင့် ကုမ္ပဏီကြား နှစ်ဦးနှစ်ဖက် မျှမျှတတ အကျိုးရှိစေသည့် သဘောတူညီချက်ရရှိစေရေးအတွက် ကူညီဝန်ဆောင်မှုပေးပါသည်။ တချို့သော ကုမ္ပဏီတို့သည် ၎င်းတို့ရရှိသော အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား တောင်သူလယ်သမားတို့ကို မျှဝေခံစားစေခြင်းဖြင့် ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးစနစ်ကို ခိုင်မာအားကောင်းစေပါသည်။

အိန္ဒိယနိုင်ငံ၌ နီးစပ်ရာကျေးရွာနှစ်ရွာ၊ သုံးရွာရှိ လုပ်ကွက်ငယ် တောင်သူလယ်သမားတို့အား စုစည်း၍ ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးစနစ်ကို အကောင်အထည်ဖော်ကြပါသည်။ ကုမ္ပဏီက တောင်သူလယ်သမားတို့လိုအပ်သော သွင်းအားစုတို့ကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးပါသည်။ ကျေးရွာအဆင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာပြင်ဆင်ထိန်းသိမ်းငှားရမ်းရေးစခန်းများဖွင့်လှစ်ပေးပါသည်။ စိုက်ပျိုးရေးနည်းစနစ်အပါအဝင် အရည်အသွေးမြှင့်တင်ရေး သင်တန်းတို့ကို ပို့ချပါသည်။ ဘဏ်ချေးငွေရရှိရေးကို ပံ့ပိုးပေးပါသည်။ မျှတသောဈေးနှုန်းဖြင့် ဈေးကွက်ရရှိရေးကို ဖန်တီးပေးပါသည်။ မြန်မာနိုင်ငံရှိ ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့အနေဖြင့်လည်း တခြားနိုင်ငံတို့၏ နည်းစနစ်တို့ကို အတုယူလျက် "တွဲလက်မြဲ ဟန်ချက်ညီ"သော ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးစနစ်ကို ပုံဖော်ကြပါရန်လေးစားစွာ တိုက်တွန်းနှိုးဆော် အပ်ပါသည်။ ။

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၆

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏(၁/၂၀၁၈) ညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဇွန် ၅ ရက်က ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းသူများကို မသန်သော်လည်း စွမ်းဆောင်နိုင်မည့်သူများ ဖြစ်စေရန် ပံ့ပိုးကူညီရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးတို့ကိုလည်း အပြည့်အဝဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ စနစ်တကျ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့်ဆောင်ရွက်ရာတွင် ရှိပြီးဖြစ်သော ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ မသန်စွမ်းသူများနှင့် ပံ့ပိုးကူညီသူအားလုံးသည် ဥပဒေ၊ နည်းဥပဒေတို့ကိုသဘောပေါက်နားလည်အောင် ပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း။

ယခုအခါ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆-၂၀၂၅) ကိုလည်းရေးဆွဲခဲ့ပြီးဖြစ်သဖြင့် မသန်စွမ်းသူများ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးမှုတို့ကို အကောင်အထည်ဖော်ပေးရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကိုဖွဲ့စည်းပေးပြီး ဖြစ်ကြောင်း၊ ထိုအမျိုးသား ကော်မတီက လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရန် ဆွေးနွေး အကြံပြုချက်များဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဓိကအရေးကြီးသည်မှာအမျိုးသားကော်မတီတွင် ပါဝင်သော မသန်စွမ်းသူများအသင်းချုပ်နှင့် မသန်စွမ်းအရေးတက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူများ၊ မသန်စွမ်းသူများကိုယ်တိုင်ကမသန်စွမ်းသူများအတွက် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်တို့ကို တင်ပြဆွေးနွေးပြီး ယခုတက်ရောက်လာကြသောလုပ်ငန်းကော်မတီဝင်များက အမှန်တကယ်လက်တွေ့ အခွင့်အရေးများရရှိခံစားစေရန် လုပ်ငန်းစဉ်များရေးဆွဲဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ မသန်စွမ်းသူများပံ့ပိုးမှုရရှိရေး၊ ပြန်လည်ထူထောင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့ကျင့်ပေးရေး၊ ပညာရေး၊ ပတ်ဝန်းကျင်တွင် သွားလာလှုပ်ရှားပါဝင်နိုင်အောင် အတားအဆီးကင်းသည့်ပတ်ဝန်းကျင် ဖန်တီးပေးရေးစသည်တို့ကိုစနစ်တကျ ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသူများက လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီများဖွဲ့စည်းအတည်ပြုနိုင်ရေး၊ မသန်စွမ်းရန်ပုံငွေတစ်ရပ်ထူထောင်ရေး၊ မသန်စွမ်းသူများအား အချိုးကျအလုပ်ခန့်ထားရရှိရေး၊ နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများအတွက် ကဏ္ဍအသီးသီးတွင် လိုအပ်ချက်များ ဖြည့်ဆည်းရန်သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက လက်ရှိ ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ပေးနိုင်ရေး စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သမဝါယမကောလိပ်(ဖောင်ကြီး)မှ ဒီပလိုမာလက်မှတ်ရရှိသူ ၂၄၆၅ ဦး မွေးထုတ်ပေးခဲ့

နေပြည်တော် ဇွန် ၆

သမဝါယမကောလိပ်(ဖောင်ကြီး)၏ (၂၂)ကြိမ်မြောက် ဒီပလိုမာလက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို သမဝါယမကောလိပ်(ဖောင်ကြီး)၌ ဇွန် ၂ ရက်က ကျင်းပသည်။

သမဝါယမကောလိပ် (ဖောင်ကြီး) ကို ၁၉၉၄-၁၉၉၅ ပညာသင်နှစ်ကစတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ယနေ့ ၂၂ ကြိမ်မြောက် ဒီပလိုမာလက်မှတ်အပ်နှင်းချိန်အထိ ဒီပလိုမာလက်မှတ်ရရှိသူ ၂၄၆၅ ဦးကို မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

ယင်းကောလိပ်အနေဖြင့် စီးပွားရေးလုပ်ငန်းစာရင်းကိုင်ဒီပလိုမာ၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှု ဒီပလိုမာ၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုဒီပလိုမာ၊ အသုံးချစာရင်းအင်းဒီပလိုမာနှင့် လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဒီပလိုမာစသည့် ဒီပလိုမာငါးခုနှင့် သက်ဆိုင်သော ဘာသာရပ်များကိုသင်ကြားပေးလျက်ရှိပြီးနှစ်စဉ် သမဝါယမစီးပွားရေး ပညာတတ်မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးလျက်ရှိသည်။

ယနေ့ခေတ်တွင် နည်းပညာများ တစ်နေ့တခြား တိုးတက်ပြောင်းလဲလျက်ရှိသောကြောင့် အဘက်ဘက်က ကြုံတွေ့လာမည့် စိန်ခေါ်မှုများကိုယှဉ်ပြိုင်တုံ့ပြန်နိုင်စွမ်းရှိရန် အသိပညာ၊ အတတ်ပညာစွမ်းအားများ ပြည့်စုံနေရန် လိုအပ်ကြောင်း၊ စိန်ခေါ်မှုများကို ယှဉ်ပြိုင်အနိုင်ယူရန်အတွက် မိမိကိုယ်ကိုယ်တည်ဆောက်ရမည့်အရာများကို စဉ်းစားပြီး Self Learning လုပ်နေရမည်ဖြစ်ကြောင်း၊ သာမန်လေ့လာကြိုးစားမှုမျိုး မဟုတ်ဘဲ စဉ်ဆက်မပြတ်လေ့လာမှု Continuous Learning လုပ်နေရန် လိုအပ်ကြောင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ပြောသည်။

ဒီပလိုမာလက်မှတ်အပ်နှင်းပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပညာရည်ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခဲ့ပြီး သမဝါယမကောလိပ်(ဖောင်ကြီး)ကျောင်းအုပ်ကြီး ဒေါက်တာတင်လဲ့လဲ့ဝင်းက ကျောင်းသားကျောင်းသူ ၂၄၀ အား ဒီပလိုမာအောင်လက်မှတ်များ အပ်နှင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံမှ ရေကြီးရေလျှံမှုလျော့နည်းစေရန် ဆောင်ရွက်

မန္တလေး ဇွန် ၆

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိဆည်တော်ကြီးရေလှောင်တမံမှ မိုးရာသီတွင် ရေကြီးရေလျှံမှုလျော့နည်းစေရန် ရေပိုရေလွှဲတံခါးများနှင့် ဆည်ရေထုတ်ပေါက်တံခါးများကို ကြိုတင်စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက ပြောသည်။

အဆိုပါဆောင်ရွက်မှုများကို မေလကုန်နှင့် ဇွန်လဆန်းတို့တွင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် အတူ ဂျပန်နိုင်ငံမှပညာရှင်များ ပူးပေါင်းပြီး ရေပိုရေလွှဲတံခါးများ အဖွင့်အပိတ်စစ်ဆေးခြင်း၊ ဆည်ရေထုတ်ပေါက်ရေတံခါးများ အဖွင့်အပိတ်စစ်ဆေးခြင်းနှင့် လျှပ်စစ်စက်ရုံ ရေပေးတံခါးများ ကြံ့ခိုင်မှုစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆည်တော်ကြီး ရေလှောင်တမံအနေနဲ့ နှစ်စဉ် ဇူလိုင်လလယ်ကစပြီး ရေပိုလွှဲတံခါးတွေကို ချိန်ညှိလျှော့ချလေ့ရှိတာကြောင့် ကြိုတင်စစ်ဆေးရခြင်းဖြစ်ပါတယ်၊ ဒါ့အပြင် ရေလှောင်တမံဓာတ်အားပေးစက်ရုံမှာရှိတဲ့ ဓာတ်အားပေးစက်တွေကိုလည်း ဂျပန်နိုင်ငံချေးငွေနဲ့ အလုံးစုံပြုပြင်မွမ်းမံရေးတွေလုပ်ဆောင်တော့မှာဖြစ်တဲ့အတွက် လျှပ်စစ်စက်ရုံရေတံခါးတွေရဲ့ကြံ့ခိုင်မှုကို စစ်ဆေးခြင်းဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ဆည်တော်ကြီးရေလှောင်တမံသည် လက်ရှိအချိန်ထိ ရေသိုလှောင်ပမာဏမှာ ဧကပေ ၁၆၈၀၀၀ရှိပြီးရေမှတ် RL-၁၈၆ ဒသမ ၂ ပေရှိကာ ယင်းဆည်မှ လက်ရှိစိုက်ပျိုးနေသည့်နွေစပါးစိုက်ဧက ၇၀၀၀၀ ကျော်ကို အောင်ရေပေးဝေလျက်ရှိသည့်အပြင် ယခုနှစ် မိုးစပါးစိုက်ပျိုးရန်အတွက် ပျိုးထောင်ရေကိုလည်း ဆက်လက် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန် သင်တန်းပေး

စလင်း ဇွန် ၆

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၆ ရက်က ရပ်ကွက်အုပ်ချုပ်ရေးရာနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ရေးအတွက် ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းအမှတ်စဉ် ၁/၂၀၁၈ ဆင်းပွဲကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်က သင်တန်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် သင်တန်းတက်ရောက်အောင်မြင်သူများအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ပြည်တွင်းသတင်း





ဒုတိယအကြိမ်မြောက် Myanmar-EU Economic Forum ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ သတင်းစဉ်



မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် Euro Cham Myanmar မှ ဥက္ကဋ္ဌ Mr.David Levrat တို့က Myanmar-EU Economic Forum ကို မောင်းတီး၍ ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

မြန်မာနိုင်ငံတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချို့၏ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးသည် ၂၀၁၈ ခုနှစ် ဧပြီလအထိ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံခန့် ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှု စုစုပေါင်းတန်ဖိုး၏ ၈ ဒသမ ၆၈ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ မြန်မာနိုင်ငံတွင် ဖွဲ့စည်းထူထောင် လည်ပတ်နေသည့် ဥရောပသမဂ္ဂ ကုမ္ပဏီ စုစုပေါင်း ၃၀၀ ကျော် ရှိပါကြောင်း။

**ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်**

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် တိုက်တွန်းလိုပါကြောင်း၊ ယခုကျင်းပမည့်ဖိုရမ် အောင်မြင်ပါစေကြောင်းနှင့် ပြည့်စုံသော အပြန်အလှန်ဆွေးနွေးမှုများမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်သွားနိုင်ပါစေကြောင်း ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr. Kristian Schmidt က အမှာစကား ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr.Kristian Schmidt၊ EU-ASEAN Business Council ဥက္ကဋ္ဌ Mr.Donald Kanak ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ Euro Cham Myanmar မှ ဥက္ကဋ္ဌ Mr.David Levrat နှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ EU-ASEAN Business Council ဥက္ကဋ္ဌ Mr. Donald Kanak နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အမှာစကားပြောကြားကြပြီး Euro Cham Myanmar မှ ဥက္ကဋ္ဌ Mr.David Levrat က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် Euro Cham Myanmar မှ ဥက္ကဋ္ဌ Mr.David Levrat တို့က Myanmar-EU Economic Forum ကို မောင်းတီး၍ ဖွင့်လှစ်ပေးသည်။

**ဝိုင်းဝန်းဆွေးနွေး**

Myanmar-EU Economic Forum ကို ခေါင်းစဉ် ၁၂ ခုဖြင့် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံနှင့် အီးယူအဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးအခန်းကဏ္ဍ၊ လူမှုရေးရာပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ ဒီဂျစ်တယ် အသွင်ကူးပြောင်းရေးကဏ္ဍ၊ အထည်ချုပ်လုပ်ငန်းများကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ကုန်စည်ပို့ဆောင်ရေးကဏ္ဍ၊ တရားမဝင်ကုန်သွယ်မှု ဆန့်ကျင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ စိုက်ပျိုးစီးပွားကဏ္ဍနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးအသွင်ကူးပြောင်းမှု အခြေအနေတို့နှင့် စပ်လျဉ်းပြီး ဝိုင်းဝန်းဆွေးနွေးကြသည်။

**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

ကောင်းမွန်စေရေးအပါအဝင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒသည် သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းနိုင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်တစ်ခုကိုလည်း ချမှတ်ပေးထားခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒ ၁၂ ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမူဝါဒက ပံ့ပိုးပေးထားခြင်းဖြစ်ပါကြောင်း။

Asian Development Outlook 2018 အရ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်၌ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းကို တိုးတက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ တိုးတက်လာရခြင်းသည် ရင်းနှီးမြှုပ်နှံမှု အခြေအနေ ဆက်လက်ကောင်းမွန်လာခြင်းနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ ပိုမိုခိုင်မာလာခြင်း၊ ပို့ကုန်တိုးတက်လာခြင်းနှင့် ပုဂ္ဂလိကကဏ္ဍတွင် သုံးစွဲနိုင်စွမ်း ပိုမို အားကောင်းလာခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံခြားသား ခရီးသွားဧည့်သည် ဝင်ရောက်မှုသည်လည်း ၂၀၁၇ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး ဦးရေအားဖြင့် ၃ ဒသမ ၄ သန်းအထိ ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကြောင့် ဖြစ်ပေါ်လာသည့် ဝယ်လိုအားမြင့်မားလာခြင်းကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိပါကြောင်း၊ လာမည့်နှစ်များ၌ မြန်မာနိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ၇ ရာခိုင်နှုန်းကျော်အထိ ရှိလာမည်ဟု မျှော်မှန်းထားရှိပါကြောင်း။

**ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့် ပိုမိုဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖန်တီးနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများကိုလည်း အခါအခွင့်သင့်ခိုက်တွင် အနည်းငယ် ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကိုလည်း ပြဋ္ဌာန်းထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိရန်နှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ ဖြစ်လာရန်အတွက် ပိုမိုသင့်လျော်ကောင်းမွန်ပြီး အထောက်အကူဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်တစ်ရပ် တည်ဆောက်ရန်စသည့် အခြားလိုအပ်သော ပြုပြင်ပြောင်းလဲမှုများစွာကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုပွင့်လင်းမြင်သာမှုရှိသော၊ ပိုမိုဖြေလျှော့ပေးထားသော၊ ပိုမိုအာမခံချက်ပေးသည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ရရှိစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်အရ ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ရာတွင်လည်း လွယ်ကူစေမည့်အပြင် ကုမ္ပဏီငယ်များအနေဖြင့်လည်း ပိုမိုပြီး လုပ်သာကိုင်သာရှိလာမည်ဖြစ်ပါကြောင်း၊ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်အတူ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်သည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်မှစတင်ပြီး အာဏာသက်ဝင်လာမည်ဖြစ်ပါကြောင်း။

**မိမိတို့အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွေ့ကျပြီး အခြေအနေ ဖန်တီးခွင့်များရှိသည့် လမ်းကြောင်းမျိုးကို ခင်းကျင်းပေးထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဥပဒေမူဘောင်သည် မြန်မာနိုင်ငံတွင်ရှိသော စီးပွားရေးလုပ်ငန်းများ အားလုံးအတွက် ပိုမိုကောင်းမွန်သည့် အခြေအနေများနှင့်အတူ ပိုမိုခိုင်မာထိရောက်လာမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။**

**ရင်းနှီးမြှုပ်နှံပေးကြရန် ဖိတ်ခေါ်**

မိမိတို့အနေဖြင့် အီးယူမှ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် ရင်းနှီးမြှုပ်နှံသူအားလုံးကို ဦးစားပေးလုပ်ငန်းများဖြစ်သည့် အခြေခံအဆောက်အအုံကဏ္ဍ၊ လယ်ယာကဏ္ဍ၊ တိရစ္ဆာန်နှင့် ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ပို့ကုန်မြှင့်တင်နိုင်မည့် ကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ တန်ဖိုးနည်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းများ၊ စက်မှုမြို့တော်တည်ဆောက်ခြင်း လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံပေးကြရန် ဖိတ်ခေါ်လိုပါကြောင်း။



မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E.Mr. Kristian Schmidt အမှာစကား ပြောကြားစဉ်။ သတင်းစဉ်



Myanmar- EU Economic Forum ကို ခေါင်းစဉ် ၁၂ ခုဖြင့် ဝိုင်းဝန်းဆွေးနွေးကြစဉ်။ သတင်းစဉ်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် International IDEA တို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမြင်ဗဟုသုတများ ကျယ်ပြန့်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် International IDEA (Institute For Democracy and Electoral Assistance) တို့ ပူးပေါင်း၍ "Empirical study on Sub-State Constitutions in Federal Systems" အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ParkRoyal Hotel ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး International IDEA မှ ဌာနေကိုယ်စားလှယ် Mr. Mark McDowell က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းအစီအစဉ်မှ အကြီးတန်းအရာရှိ Dr. Kimana Zulueta-Fulscher နှင့် အီဒင်ဘရာတက္ကသိုလ် ဥပဒေပညာဌာနမှ ကထိက Dr. Asanga Welikala တို့ ပါဝင်လျက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခုံရုံးသုတေသနအဖွဲ့မှ အရာထမ်းများ၊ IDEA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




# ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ်(I-1)၌ လက်ခံတွေ့ဆုံသည်။(**ဓာတ်ပုံ**)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ရှေ့ဖုံးမှ

ဘက်စုံလွှမ်းခြုံပြီး ရေရှည်တည်တံ့သော ဖြေရှင်းချက်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့၏ ထောက်ခံမှုကို ယခုနားလည်မှုစာချွန်လွှာတွင် အတည်ပြုထားသည်။ ယခုလက်မှတ်ရေးထိုးသော နားလည်မှုစာချွန်လွှာအရ နေရပ်စွန့်ခွာသူများ မိမိသဘောဆန္ဒအလျောက် ပြန်လာရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်နိုင်ရေး ဆန်းစစ်မှုများပြုလုပ်ရာတွင်လည်းကောင်း၊ အသိုင်းအဝိုင်းအားလုံးကို အကျိုးဖြစ်ထွန်းစေမည့် အတူယှဉ်တွဲနေထိုင်ရေး ရှေ့ပြေးစီမံကိန်းနှင့် အခြားစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအနေဖြင့် မြန်မာအစိုးရအား အထောက်အပံ့ဖြစ်သွားမည်ဖြစ်ပြီး အလားအလာရှိသော ဒေသများတွင် ပြန်လည်ထူထောင်တည်ဆောက်ရေးကို အခြေခံသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ရာတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် အတူတကွ ဆောင်ရွက်သွားမည်ဖြစ်သည်။

၅။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်အနေဖြင့် ပြန်လည်ထူထောင်တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည့် ဆန်းစစ်မှုများ ပြုလုပ်ရာတွင် ပေါင်းစပ်ညှိနှိုင်းရန်နှင့် အကူအညီပေးရန်အတွက် လည်းကောင်း၊ လူ့အသိုင်းအဝိုင်းအားလုံးကို အကျိုးဖြစ်ထွန်းစေမည့် ပြန်လည်ထူထောင်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် စီမံကိန်းများရေးဆွဲရန်အတွက်လည်းကောင်း အသိုင်းအဝိုင်းများကြား လူမှုသဟဇာတ ဖြစ်မှုကို မြှင့်တင်ရန်အတွက် လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း မြန်မာနိုင်ငံအစိုးရကို အထောက်အပံ့ပြုသွားမည်ဖြစ်သည်။

၆။ နေရပ်စွန့်ခွာသွားသူများ မိမိဆန္ဒအလျောက်လုံခြုံဘေးကင်း သိက္ခာရှိစွာ ပြန်လာရေးအတွက် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့အနေဖြင့် ရှေးယခင်ကပင် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့သည် နေရပ်စွန့်ခွာသွားသူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆန္ဒအလျောက် ပြန်လာနိုင်ရေးတွင် အထောက်အပံ့ပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်ဖြစ်သည့် နားလည်မှုစာချွန်လွှာကို ၁၉၉၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး နေရပ်စွန့်ခွာသူ ၂၃၀၀၀၀ ခန့်ကို ပြန်လည်စိစစ်လက်ခံခဲ့သည်။

၇။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ကုလသမဂ္ဂဌာနညှိနှိုင်းရေးမှူး UN Resident Coordinator ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကိုယ်စားလှယ် UNHCR Representative တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

၈။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ နားလည်မှုစာချွန်လွှာအား ၂၀၁၈ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ကနဦးလက်မှတ်တိုရေးထိုးခဲ့ပြီး လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပြီးသည့်နောက် ယနေ့ ဇွန်လ ၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

# အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပုသိမ်)၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်း၊ အိမ်တွင်းမှုသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပုသိမ်)၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ (ဧည့်ကြိုသင်တန်း) အိပ်ခန်းဆောင်သင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်း သင်တန်းအမှတ်စဉ်(၁)ကို လည်းကောင်း၊ သင်တန်းအမှတ်စဉ်(၂)၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၇)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၆)ဖွင့်ပွဲအခမ်းအနားကို လည်းကောင်း ဇွန် ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်အမှာစကားပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက သင်တန်းဖွင့်လှစ်ပေးမှုအစီအစဉ်နှင့် သင်တန်းအတွက် ထောက်ပံ့ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ရာ ဧည့်ကြိုသင်တန်းသူများအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ အိပ်ခန်းဆောင်သင်တန်းသူများအတွက် ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှု သင်တန်းသူများအတွက် တာဝန်ရှိသူတစ်ဦးက လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ချောင်းသာဟိုတယ်ဇုန် ဥက္ကဋ္ဌ ဦးကျော်ခိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ Luxembourg Agency for Development Cooperation LuxDev. ၊ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင် ပညာရှင်များအသင်း (MHPA) တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းနည်းပြများ၊ သင်တန်းသူ ၁၄၉ ဦး အပါအဝင် စုစုပေါင်း ၂၆၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းသင်တန်းသူ ၇၅ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၂)နှင့် အိမ်တွင်းမှုသင်တန်းများကို စက်တင်ဘာ ၇ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်ဝေး၌ စပါးမျိုးများပြောင်းလဲစိုက်ပျိုးသောကြောင့် အထွက်နှုန်းတိုး

**နေပြည်တော် ဇွန် ၆**

ယခုနှစ် စပါးစိုက်တောင်သူများ အထွက်နှုန်းများ တိုးတက်ခဲ့သည့်အပြင် ဈေးကောင်းရရှိခြင်း၊ မျိုးကောင်းမျိုးသန့် အသုံးပြုခြင်း၊ တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်လုပ်နိုင်အောင် ဌာနမှ ကူညီပေးခြင်းနှင့် မျိုးများပြောင်းလဲစိုက်ပျိုးသောကြောင့် အထွက်နှုန်းတိုးတက်ခဲ့ခြင်းဖြစ်ကြောင်း မေ ၅ ရက်က လယ်ဝေးမြို့နယ် ရေအိုးစင်ကျေးရွာ တောင်သူ ဦးဇော်ဝင်း၏ ထိုင်းနှံကောက်မျိုးစိုက်ခင်းတွင် ပြုလုပ်သော စံကွက်ရိတ်သိမ်းပွဲ၌ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က တောင်သူများအား ပြောကြားသည်။

အဆိုပါ နွေစပါးရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးလှညိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်နှင့် တောင်သူများ တက်ရောက်ကြသည်။ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် အစို ၁၃၂ ဒသမ ၆၃ တင်းထွက်ရှိကြောင်း သိရသည်။ လယ်ဝေး မြို့နယ်တွင် ယခုနှစ်တွင် တောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ဆည်ကန် သုံးခုမှ စိုက်ပျိုးရေများ ဖြန့်ဝေပေးခဲ့ရာ စိုက်ဧက ၁၆၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဌာနမှ သိရသည်။

**မောင်ကျော်ကြီး**

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ။)**

**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**

**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ၏ အမည်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ"**

၃။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁။ ဤဥပဒေကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေဟု ခေါ်တွင်စေရမည်။"

၄။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) နှင့် (င) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) **မူလတန်းကြိုကျောင်း** ဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ခြောက်နှစ် မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များနှင့် အသက်ငါးနှစ်ပြည့်ပြီးသော်လည်း သူငယ်တန်းသို့ အပ်နှံခြင်းမပြုသေးသော ရှေးဦးအရွယ်ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်ခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများရရှိစေရန် ပြုစုပျိုးထောင်လေ့ကျင့်ပေးသော ဌာန၊ ကျောင်း သို့မဟုတ် လုပ်ငန်းကို ဆိုသည်။

(င) **မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်း** ဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ခြောက်နှစ် မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်ခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှု ရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများ ရရှိစေရန် ပြုစုပျိုးထောင်ရာတွင် လိုက်နာဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်သော သင်ရိုးညွှန်းတမ်းကို ဆိုသည်။"

၅။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၅ ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပါအဝင် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်-"

၆။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေတွင်-

(က) ပုဒ်မ ၇ ၏ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များအပါအဝင် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်-"

(ခ) ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ(ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) မိဘအုပ်ထိန်းသူ၊ ရပ်ရွာတာဝန်ရှိသူများ၏ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အကြံပြုချက်၊ တင်ပြချက်များကို လက်ခံရယူခြင်းနှင့် လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းပေးခြင်း။"

၇။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ (က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ဂ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာ မဟုတ်သော နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၈။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။"

၉။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀ တွင်-

(က) ခေါင်းစဉ်တွင်ပါရှိသော "ပုဒ်မ ၉" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၉၊ ပုဒ်မခွဲ (က)" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် စီးပွားရေး အကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားချက်ဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၀။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ (က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တို့အရ တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၁၁။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -

(က) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့်ကို သက်တမ်းတိုးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၁၂။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁၅ ၏ ခေါင်းစဉ်တွင် ပါရှိသော "ပုဒ်မ ၁၄" ဆိုသည့်စကားရပ်ကို "ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၉။ (က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက် ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

*ဆက်လက်ဖော်ပြပါမည်*

# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)**

**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**

**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေတွင် ပါရှိသော "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "ဘဏ္ဍာရေးဝန်ကြီး" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂ တွင် ပါရှိသော "ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဇူလိုင်လ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃။ ပြည်ထောင်စုလွှတ်တော်နာယက က နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များသည် မိမိတို့၏စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ တင်ပြရမည်။"

၅။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင်ပါရှိသော "ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅ တွင်ပါရှိသော "အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဧပြီလ ၃၀ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ ပြည်ထောင်စုလွှတ်တော် နာယက က နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များသည် မိမိတို့၏စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် မေလ ၁၀ ရက်နေ့မတိုင်မီ တင်ပြရမည်။"

၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင်ပါရှိသော "နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "မေလ ၂၄ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၉။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၈ တွင်ပါရှိသော "အောက်တိုဘာလအတွင်းတွင်" ဆိုသည့်စကားရပ်ကို "မေလ နောက်ဆုံးပတ်ထက်နောက်မကျစေဘဲ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇွန် ၆

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ဦးမြင့်အောင်
ပြည်ထောင်စု
တရားလွှတ်တော်ချုပ်
တရားသူကြီး



ဦးလှကျော်
ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊
မွေးမြူရေးနှင့်
ဆည်မြောင်း
ဝန်ကြီးဌာန

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ရှင်းလင်းဖြေကြားကြသည်။

## ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ စာစောင်၏ အပိုဒ် (၄၁) ကို ရည်ညွှန်းခြင်း ဖြစ်သည်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ယူဆ

ကော့သောင်း မဲဆန္ဒနယ်မှ ဦးခင်ဇော်၏ **ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုသည့် အယူအဆကို ပြန်လည်စိစစ်သုံးသပ်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုသည့် အယူအဆသည် တရားလွှတ်တော် ရှေ့နေများကောင်စီက ရှေ့နေရှေ့ရပ်များ လိုက်နာကျင့်သုံးရန် လုပ်ငန်းလမ်းညွှန်အဖြစ် ထုတ်ဝေခဲ့သည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ စာစောင်၏ အပိုဒ် (၄၁) ကို ရည်ညွှန်းခြင်း ဖြစ်သည်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ယူဆပါကြောင်း။

## နည်းလမ်းအမျိုးမျိုးဖြင့် ရှေ့နေလုပ်ငန်းကို ကြော်ငြာမောင်းခတ်မည်ဆိုပါက ငွေရရှိရေးအတွက်သာ ရည်မှန်းချက်ထားရှိရာ ရောက်နိုင်

ရှေ့နေရှေ့ရပ်၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ၏ အမှုလိုက်ပါဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ အပိုဒ်(၄၁)တွင် ရှေ့နေရှေ့ရပ်များသည် မိမိအမည်နှင့် နေရပ်လိပ်စာ ရိုက်နှိပ်ထားသည့် ကတ်ပြားများကို ဝေ၍ မိမိ၏လုပ်ငန်းကို ကြော်ငြာခြင်း၊ လျှောက်လွှာပုံစံ ဗလာစာရွက်များပေါ်တွင် မိမိအမည်လိပ်စာကို ရိုက်နှိပ်၍ ကြိုတင်လက်မှတ်ရေးထိုးကာ အခြားသူများ လိုအပ်သလို အသုံးပြုရန်ပေးအပ်ခြင်းများသည် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်ခြင်းမရှိသဖြင့် သတိပြုသင့်ပါကြောင်း၊ (၁၉၆၈ ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံး တရားရုံးချုပ်စာ ၂၀၈) ဟု ရှေ့နေရှေ့ရပ်များအတွက် အမှုလိုက်ပါဆောင်ရွက်ရာတွင် လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာကျင့်သုံးရန် သတ်မှတ်ပေးထားသည်ကို တွေ့ရှိရကြောင်း။

အခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောသဘာဝ မတူညီသည့် ရှေ့နေလုပ်ငန်းကို အခြားစီးပွားရေးလုပ်ငန်းများနှင့် တန်းတူထား၍ ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာဈေးကွက်ပြိုင်ဆိုင်ရန်အလို့ငှာ နည်းလမ်းအမျိုးမျိုးဖြင့် ရှေ့နေလုပ်ငန်းကို ကြော်ငြာမောင်းခတ်မည်ဆိုပါက ငွေရရှိရေးအတွက်သာ ရည်မှန်းချက်ထားရှိရာ ရောက်နိုင်ပြီး ဦးတည်ချက်မှာ တရားမျှတရေး၊ အမှန်တရားဖော်ထုတ်ရေးအတွက် မဟုတ်ဘဲ မိမိအမှုသည် အနိုင်ရရေး အောင်နိုင်ရေးကိုသာ ဦးတည်ဆောင်ရွက်ရာ ရောက်နိုင်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံတော်က အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကျိုးကို ကူညီဆောင်ရွက်မည်ဟူသော ပြဋ္ဌာန်းချက်နှင့်လည်း ညီညွတ်မည်မဟုတ်သည်ကို သတိမူသင့်သည်ဟု ယူဆပါကြောင်း။

ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုသည့် အယူအဆအား နိုင်ငံတော်တရားရုံးချုပ်က စီရင်ထုံးတွင် မှတ်ချက်ပြုခဲ့သည်ကို တရားလွှတ်တော်ရှေ့နေများကောင်စီက ညွှန်ပြ၍ အမှုလိုက်ပါဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းပြီး ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာအဖြစ် လိုက်နာရန် သတ်မှတ်ပေးခဲ့ခြင်းသာဖြစ်ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်ဆောင်ရွက်ရန်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်၏ **လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ အခွန်တံဆိပ်ခေါင်းတန်ဖိုးမည်မျှကပ်ရမည်၊ စာချုပ်စာတမ်းမှတ်ပုံတင်ခ မည်မျှပေးသွင်းရမည်ကို ၂၀၁၂ခုနှစ် လယ်ယာမြေနည်းဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိသည့်အတွက် လယ်ယာမြေရောင်းဝယ်မှုအား တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်များ၊ သတ်မှတ်နှုန်းထားများ ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တည်ဆဲ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအခန်း(၄) ပုဒ်မ ၁၂(ဂ)တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ ဦးစီးဌာနက သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ လယ်ယာမြေလွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံသူတို့သည် လယ်ယာမြေတည်ရှိသည့် သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်တွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်၍ စာချုပ်ချုပ်ဆိုရမည်ဟု ၂၀၁၂ ခုနှစ် လယ်ယာမြေ နည်းဥပဒေ ၂၄ မှ ၂၈ အထိ ဖော်ပြပြဋ္ဌာန်းထားပြီးပါကြောင်း။

## တံဆိပ်ခေါင်းခွန်နှုန်းထားအတွက် အထူးဥပဒေဖြစ်သည့် တံဆိပ်ခေါင်းခွန် အက်ဥပဒေနောက်ဆက်တွဲ ဇယားတွင် ပါရှိသည့်အတိုင်း ထိုက်သင့်စေရန် ညှိနှိုင်းသဘောထားပါရှိခဲ့

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ-၃ ပုဒ်မခွဲ(ဍ)ပါ ပြဋ္ဌာန်းချက်အရ တံဆိပ်ခေါင်းခွန်သတ်မှတ်ခြင်းကိစ္စအား ၂၀၁၆ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေ့ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်ကိစ္စနှင့် ပတ်သက်၍ ထည့်သွင်းဆွေးနွေး ညှိနှိုင်းခဲ့ပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တံဆိပ်ခေါင်းခွန်နှုန်းထားအတွက် အထူးဥပဒေ (Mother Law)ဖြစ်သည့် တံဆိပ်ခေါင်းခွန် အက်ဥပဒေနောက်ဆက်တွဲဇယားတွင် ပါရှိသည့်အတိုင်း ထိုက်သင့်စေရန် ညှိနှိုင်းသဘောထားရှိခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(ဂ)တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံ၍ ချေးငွေတစ်ရပ်ရပ်ရယူခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့အတွက် ချုပ်ဆိုသည့် စာချုပ်စာတမ်းအမျိုးအစားအလိုက် မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန် အက်ဥပဒေအရ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် ထမ်းဆောင်စေပြီး ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခ ပေးဆောင်စေ၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်ဟု ပြင်ဆင်ပေးရေးကို မိမိဝန်ကြီးဌာနသို့ ညှိနှိုင်းလာခဲ့ပါကြောင်း။

## လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်

မိမိဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပါ တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခဆိုသည့်စကားရပ်အား အစားထိုးပြင်ဆင်နိုင်ရေးအတွက် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြန်လည်သုံးသပ်စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)ကို ဥပဒေပညာရှင်များ၊ ဌာနရှိ ကျွမ်းကျင်ဝန်ထမ်းများဖြင့် ညှိနှိုင်းစည်းဝေး ရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါ ဥပဒေ(မူကြမ်း) ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၀၁၇ ခုနှစ် ဇွန် ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့တင်ပြထားပါကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

## မောင်းသူမဲ့ယာဉ်ကို အသုံးပြုပြီး မြေတိုင်းတာခြင်း လုပ်ငန်းကို ဆောင်ရွက်ရာတွင် ကိုင်တွယ်အသုံးချမှုဆိုင်ရာ နည်းပညာများလည်း လိုအပ်မည်

ဘီးလင်း မဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၏ **လယ်ယာမြေပိုင်ဆိုင်မှုပုံစံ(၇)များကို မြန်ဆန်စွာနှင့် မှန်ကန်စွာထုတ်ပေးနိုင်ရန် ကုန်ထုတ်လမ်းဖောက်ရာတွင် ညှိနှိုင်းဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရန်နှင့် မြေနယ်ကျွန်းပြဿနာများကို မြေပုံပေါ်တွင် ဖြေရှင်းနိုင်ရန် ခေတ်မီနည်းစနစ်များအပြင် (Drone)ဖြင့် တိုင်းတာပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ Drone ဆိုသည့် မောင်းသူမဲ့ယာဉ်ကို အသုံးပြုပြီး မြေတိုင်းတာခြင်းလုပ်ငန်းကိုဆောင်ရွက်ရာတွင် ပို၍အရည်အသွေးမြင့်သည့် ကင်မရာများကို တပ်ဆင်အသုံးပြုပြီး ရိုက်ကူးရမည့်ပုံရိပ်များကို ကွန်ပျူတာစနစ်အသုံးပြုသည့် မြေပုံများထုတ်လုပ်နိုင်ရန်အတွက် အရည်အသွေးမြင့်ကွန်ပျူတာများ လိုအပ်မည်ဖြစ်ပါကြောင်း၊ Drone များကို ကိုင်တွယ်အသုံးချမှုဆိုင်ရာ နည်းပညာများလည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ မြေပုံအတိုင်းအတာထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများနှင့် လက်တွေ့ကျွမ်းကျင်မှုသင်တန်းများ၊ ဆက်စပ်ပစ္စည်းများ ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် လက်ရှိအခြေအနေတွင် Digital Kwin Map များထုတ်လုပ်ခြင်းအပါအဝင် လယ်ယာမြေပိုင်ဆိုင်မှုများ၊ ပုံစံ(၇) ထုတ်ပေးခြင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် မြေနယ်ကျွန်းပြဿနာများကို လက်ရှိအသုံးပြုနေသည့် ခေတ်မီမြေတိုင်းပစ္စည်းများဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်သည့်အခြေအနေများ ရှိနေသေးသည့်အတွက် Drone ဖြင့် မြေတိုင်းတာပေးရန်အတွက် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းနှင့် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် အရေးကြီးအဆိုအဖြစ် မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးက နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် လွတ်လပ်သောကော်မရှင်တစ်ရပ်ကို နိုင်ငံတကာမှ ပုဂ္ဂိုလ်တစ်ဦး အပါအဝင် အဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ UNSC ကိုယ်စားလှယ်အဖွဲ့၏ အကြံပြုချက်တွင် ပြည်ပအဖွဲ့ဖြင့် စစ်ဆေးခြင်းနှင့် ပြည်တွင်းအဖွဲ့ဖြင့် စစ်ဆေးခြင်း၊ နည်းလမ်းနှစ်သွယ်ပါရှိရာ လွတ်လပ်သော နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံသားပြည်သူများ၏ ဂုဏ်သိက္ခာကို လေးစားယုံကြည်သောအားဖြင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ရေးကို ပြန်လည်စဉ်းစားဆုံးဖြတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က အဆိုကို ထောက်ခံပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

## ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်း

ယင်းနောက် ရှားတော မဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းက **သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်ပံ့ပိုးမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်အရ ဥပဒေများကို ပြဋ္ဌာန်းရေးဆွဲရပြီး စီးပွားရေးမူဝါဒပါ အချက် ၁၂ ချက်များအပေါ် မူတည်ပြီး ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မျှော်မှန်းချက်အနေဖြင့် အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ်ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေခြင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ဟု ဖော်ပြထားပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက် ၁၁ ရပ်တွင် သမဝါယမနှင့်သက်ဆိုင်သည့်ရည်မှန်းချက် ၄ ရပ် ပါရှိပါကြောင်း၊ သမဝါယမလုပ်ငန်းများနှင့် သမဝါယမစနစ်ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ ၆ ရပ်၊ သမဝါယမလုပ်ငန်းများနှင့် သမဝါယမ စနစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ် ၉ ရပ်၊ သမဝါယမဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Action Plan ၈ရပ် ရှိပါကြောင်း။

## သမဝါယမစနစ် ခိုင်မာအားကောင်းစေရန်အတွက် နိုင်ငံတကာမှ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် အတွေ့အကြုံများကို သင်ခန်းစာယူရန်လို

အသေးစားအရင်းအနှီးချေးငွေထုတ်ချေးခြင်းလုပ်ငန်းရည်ရွယ်ချက်သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ သမဝါယမအသင်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြန်မာ့လယ်ယာကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ သမဝါယမအသင်းသား တောင်သူလယ်သမားများအား အတိုးနှုန်းသက်သာစေရေးတို့အတွက် တရုတ်နိုင်ငံမှ China EXIM BANK မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ချေးယူထားပါကြောင်း၊ ၁၉၉၂ ခုနှစ် သမဝါယမ

*စာမျက်နှာ ၇ သို့*

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြု

နေပြည်တော် ဇွန် ၆

**ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။**

## မောင်တောခရိုင် (န.တ.လ)ကျေးရွာများတွင် နေထိုင်ကြသည့်တိုင်းရင်းသားများ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး လူဦးရေ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်လျက်ရှိ

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၏ **ရခိုင်ပြည်နယ် မောင်တောခရိုင်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ (န.တ.လ) ကျေးရွာများ၌ နေထိုင်ကြသည့် နိုင်ငံသား၊ တိုင်းရင်းသားများ၏ လူဦးရေနှင့် အိမ်ထောင်စု ပုံစံ ၆၆/၆ စာရင်းများအား နိုင်ငံခြားသားများ မတရားဝင်ရောက် ကာကွယ်တားဆီးရေးအဖွဲ့(မကဖ)မှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ မည်သည့်အချိန်၌ စနစ်တကျလွှဲပြောင်းပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရခိုင်ပြည်နယ် မောင်တောခရိုင် အတွင်း (န.တ.လ)ကျေးရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများအနေဖြင့် နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် လူဦးရေ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ခြင်းလုပ်ငန်းများအား အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံတိုင်းရင်းသားများ အခြားဒေသသို့ ပြောင်းရွှေ့လိုပါက ဒေသအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး ပြောင်းရွှေ့ပုံစံ ၁၀ အား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၄)အနေဖြင့် မတရားဝင်ရောက်မှုများ တားဆီးကာကွယ်ရေးအဖွဲ့(မကဖ)တွင် ထိန်းသိမ်းထားရှိသော အိမ်ထောင်စုလူဦးရေစာရင်း ၆၆/၆ ကို လတ်တလောတွင် လွှဲပြောင်းပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာမောင်မောင်၏ **နိုင်ငံတော်အဝန်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများထဲရှိ လိုင်စင်မဲ့အရက်ပုန်းဆိုင်များကို ယစ်မျိုးဥပဒေအရ အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ၁၉၁၇ခုနှစ် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေပါ တရားမဝင် ယစ်မျိုးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ယူခြင်းတို့နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်နှင့် ဒဏ်ငွေများကိုလည်း ထိရောက်ဟန့်တားသော ပြစ်ဒဏ်ဖြစ်စေရန်နှင့် ခေတ်ကာလနှင့် လျော်ညီသော ဒဏ်ငွေချမှတ်နိုင်ရန်အတွက် မြန်မာနိုင်ငံ ယစ်မျိုးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၆၆) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ပြစ်ဒဏ်နှင့် ဒဏ်ငွေများကို တိုးမြှင့်သတ်မှတ်ခဲ့ပြီး ဖြစ်ပါကြောင်း။

ယစ်မျိုးဆိုင်ရာ စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အပြည့်အဝရရှိစေရန်၊ လိုင်စင်မဲ့ဆောင်ရွက်မှုများအား ဥပဒေနှင့် အညီ စနစ်တကျအရေးယူရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၂၀၀၄ ခုနှစ် ဧပြီလ ၂၀ ရက်စွဲပါစာဖြင့် ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေး၊ စိစစ် ကြပ်မတ်ရေးအဖွဲ့ (Task Force)များကို ဗဟိုအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အလိုက် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးရုံး၏ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်စွဲပါစာဖြင့် ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးဗဟိုအဖွဲ့အား ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း။

လိုင်စင်မဲ့အရက်ရောင်းချသူများကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလအထိ ၁၄၂၂၉မှု၊ တရားခံအမျိုးသား ၁၀၈၁၆ ဦး၊ အမျိုးသမီး ၃၄၆၉ ဦး စုစုပေါင်း ၁၄၂၈၅ ဦး ဖမ်းဆီးအရေးယူခဲ့ပါကြောင်း၊ လိုင်စင်စည်းကမ်းချက်များနှင့် မညီသည့် အရက်ရောင်းချသူများကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလအထိ ၃၉၅၉ မှု၊ တရားခံအမျိုးသား ၃၀၀၇ ဦး၊ အမျိုးသမီး ၉၇၈ ဦး စုစုပေါင်း ၃၉၈၅ ဦး ဖမ်းဆီးအရေးယူခဲ့ပါကြောင်း။

## လိုင်စင်မဲ့အရက်ပုန်းဆိုင်များနှင့် တရားမဝင်ယစ်မျိုးလုပ်ငန်းများ ထိရောက်စွာ ဖမ်းဆီးရေး စီမံချက်ကာလ သတ်မှတ်ဆောင်ရွက်လျက်ရှိ

ထို့ပြင် ယစ်မျိုးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ရာတွင် တရားမဝင်တင်သွင်းထုတ်လုပ်ရောင်းချမှုများ ထိန်းချုပ်ခြင်း၊ နိုင်ငံသားများ၏ စာရိတ္တမဏ္ဍိုင်နှင့် ကျန်းမာ၊ ကြံ့ခိုင်တိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက်တွင် တရားမဝင် အရက်၊ ဘီယာ တင်သွင်းချက်လုပ်ရောင်းချမှု ထိန်းချုပ်ရေး စီမံချက်ရေးဆွဲခဲ့ပြီး ဇွန် ၁ ရက်မှစ၍ စီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး



ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ

ဦးစီးဌာနအနေဖြင့် လိုင်စင်မဲ့အရက်ပုန်းဆိုင်များနှင့် တရားမဝင်ယစ်မျိုးလုပ်ငန်းများ ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးရေး စီမံချက်ကာလ သတ်မှတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ သတင်းပေးတိုင်ကြားမှုများအပေါ် အလေးထားဖော်ထုတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိစစ်ကြပ်မတ်ရေးအဖွဲ့ (Task Force) များမှလည်း နယ်မြေအလိုက် စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁) မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမာန်လောမောင်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဆွေနိုင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရှင်းလင်းဖြေကြားခဲ့သည်။

## ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြု

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## တောင်သူ လယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုဆောင်ရွက်နိုင်ရန် တင်ပြ

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပိုမိုပြည့်စုံမှု ရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၅၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော ဥပဒေနှင့်အညီ လွတ်လပ်စွာ ထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်းဆိုသည့် စကားရပ်ကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ထုတ်လုပ်၊ သိုလှောင်၊ သယ်ယူ၊ ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်းဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ (ခ)တွင် ဖော်ပြထားသော သီးနှံပုံစံနှင့် တိရစ္ဆာန်အမျိုးအစားကိုဆိုသည့် စကားရပ်ကို သီးနှံပုံစံ၊ သီးနှံအမျိုးအစားနှင့် တိရစ္ဆာန်အမျိုးအစားကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော ဈေးငွေနှင့်အကူအညီများဆိုသည့် စကားရပ်ကို ဈေးငွေနှင့် လိုအပ်သော အကူအညီများဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော လုပ်ငန်းအတွေ့အကြုံရှိသော အခြားသူများဖြင့် ဆိုသည့်စကားရပ်ကို လုပ်ငန်းအတွေ့အကြုံရှိသော ပြင်ပပုဂ္ဂိုလ်များဖြင့်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးပြင်ဆင်သင့်ကြောင်းနှင့် အပိုဒ် ၁၀၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါကြောင်း။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော် ကျော်ဝင်း

တရားမဝင် တင်သွင်းလာသည့် လယ်ယာထုတ်ကုန်များကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၂၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(စ)တွင် ဖော်ပြထားသော လယ်ယာထုတ်ကုန်များနှင့် စပ်လျဉ်းသည့် သတင်းရရှိပါက ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းဆိုသည့် စကားရပ်ကို လယ်ယာထုတ်ကုန်များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်ပေးခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အရေးအသား ဆီလျော်ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၁၆၊ ပုဒ်မ ၁၈ တွင် ဖော်ပြထားသော ဦးဆောင်အဖွဲ့သည် မျိုးစေ့ဆိုသည့် စကားရပ်ကို ဦးဆောင်အဖွဲ့သည် ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၇၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော မျိုးနှင့် မျိုးစေ့ သုတေသနလုပ်ငန်းနှင့် ထုတ်လုပ်သည့်လုပ်ငန်းများဆိုသည့် စကားရပ်ကို ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်သုတေသနလုပ်ငန်းနှင့် ထုတ်လုပ်သည့် လုပ်ငန်းများဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ(စ)တွင် ပါရှိသော မြေဩဇာနှင့် ပိုးသတ်ဆေး ဆိုသည့် စကားရပ်ကို ပျိုးပင်၊ မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဆ)တွင် ဖော်ပြထားသော မွေးမြူရေးအစာနှင့် ဆေးဝါးများဆိုသည့် စကားရပ်ကို မျိုး၊ သားပေါက်၊ မွေးမြူရေးအစာနှင့် ဆေးဝါးများဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၀၊ ပုဒ်မ ၂၅တွင် ဖော်ပြထားသော စကားရပ်များအစား ဖြစ်ပေါ်လာမည့် အရောင်းအဝယ် အရှုံးအမြတ်စာရင်းဇယားများကို ဦးဆောင်အဖွဲ့က တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးရမည်။ ယင်းစာရင်းစစ်အဖွဲ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ပေးအပ်သော စာရင်းစစ်များ တွဲဖက်ပါဝင်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရမည်ဆိုသည့် စကားရပ်ဖြင့် အသီးသီးပြင်ဆင် ဖြည့်စွက်သင့်ပါကြောင်း။

အထက်ပါတင်ပြခဲ့သည့် တွေ့ရှိချက်များအရ ကော်မတီသည် ယင်းဥပဒေကြမ်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီးဖြစ်ပါသဖြင့် လွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဇွန် ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

---

*ပြည်သူ့လွှတ်တော်အစည်းအဝေး မှ*

အသင်းဥပဒေနှင့် ၂၀၁၃ ခုနှစ် သမဝါယမအသင်းနည်းဥပဒေတို့ကိုလည်း ပြဋ္ဌာန်းထားပါကြောင်း၊ သမဝါယမစနစ် ခိုင်မာအားကောင်းစေရန်အတွက် နိုင်ငံတကာမှ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် အတွေ့အကြုံများကို သင်ခန်းစာယူရန် လိုပါကြောင်း၊ လုပ်ဆောင်ခဲ့မှုများကိုလည်း ဝေဖန်ဆန်းစစ်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲရန်လိုပါကြောင်း၊ လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းများမှ အားနည်းချက်၊ အားသာချက်များကိုလည်း သင်ခန်းယူရမည်ဖြစ်ပါကြောင်း၊ အချိန်မီပြုပြင်ရမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက ပြင်ဆင်ချက်အဆို တင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဇွန် ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ပေးအပ်ပွဲအခမ်းအနား လယ်ဝေးမြို့နယ်၌ ကျင်းပ

**နေပြည်တော် ဇွန် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရေးအတွက် မူဝါဒ၊ မျှော်မှန်းချက်၊ ပန်းတိုင်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စားနပ်ရိက္ခာ ဖူလုံပိုလျှံမှုနှင့် နိုင်ငံ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးများ တွက်ချက်ရာတွင် အထောက်အကူပြုစေရန်အတွက် သီးနှံများ၏ အထွက်နှုန်းများ တိကျမှန်ကန်မှုရှိရေး၊ စာရင်းဇယား၊ ကိန်းဂဏန်းများ တိကျမှန်ကန်စေရေးတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ နံနက် ၈ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ၌ ကျင်းပသည့် ၂၀၁၇-၂၀၁၈ နွေစပါးစံကွက် ရိတ်သိမ်းခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ပေးအပ်ခြင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်စနစ် ထွန်းကားစေပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းကို လယ်ယာကဏ္ဍမှ ရရှိပြီး တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဝန်ကြီးဌာနအနေဖြင့် အစဉ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍမှ ပါဝင်ပတ်သက်သူအားလုံးတို့က တက်ညီလက်ညီဖြင့် ပူးပေါင်းပါဝင် ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။




ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူက နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မိုးသီးနှံ၊ နွေသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ကို နေပြည်တော်ကောင်စီနယ်မြေအတွင်း(၉၈ ရာခိုင်နှုန်း)ကျော် ထုတ်ပေးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က သက်ဆိုင်ရာ တောင်သူတစ်ဦးချင်းအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ များကို ပေးအပ်သည်။ **(ဝဲပုံ)**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်ဆိမ့်ပင်ကျေးရွာ ကွင်းအမှတ် ၁၈၂၇ တောင်သူ ဒေါ်တင်ဥ၏လယ်မြေတွင် စိုက်ပျိုးထားသော ထိုင်းကောက်စပါးမျိုး နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် စပါးအစိုအထွက် ၁၃၀ ဒသမ ၁၉၁ တင်းနှုန်းထွက်ရှိကြောင်းသိရသည်။

ပြဋ္ဌာန်းပေးခဲ့သော လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ တောင်သူလယ်သမားများအနေဖြင့် လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လုပ်ပိုင်ခွင့်အား သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်၊ အမွေဆက်ခံခြင်းများ ဆောင်ရွက်နိုင်ကြသကဲ့သို့ အငြင်းပွားမှုများနှင့်ပတ်သက်၍လည်း တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခြင်း စသည့် အခွင့်အရေးများ ရရှိလာမည်ဖြစ်သည်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ထုတ်ပေးခြင်းကို ၂၀၁၈ ခုနှစ် မေလအထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧကပေါင်း ၂၄၉၅၀၃၀၇ ဧကကို ထုတ်ပေးနိုင်ခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၃၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် အဖွဲ့အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် ၂၆ ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ကိစ္စရပ်များ၊ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် တရုတ်သံအမတ်ကြီး တွေ့ဆုံ

**နေပြည်တော် ဇွန် ၆**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်များ၊ အခြေခံပညာအဆင့်မှစတင်၍ အဂတိလိုက်စားမှုတားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ ပညာပေးဖျော်ဖြေရေးအစီအစဉ် ရေးဆွဲဆောင်ရွက်နေမှု၊ လူထုပညာပေးတီဗွီဇာတ်လမ်းတိုများ ရိုက်ကူးရန် စီစဉ်ဆောင်ရွက်နေမှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆောင်ရွက်နေသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အောင်မြင်မှုများနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံသည် ဘက်ပေါင်းစုံ၌ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးထားရှိသဖြင့် အဆိုပါမဟာဗျူဟာ မူဘောင်အောက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ခေါင်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်သင့်ကြောင်း အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၏ ဆဋ္ဌမအကြိမ် စီမံကိန်းပူးတွဲညှိနှိုင်းရေးကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်း၍ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းအား ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ် အထိ (၅) နှစ် စီမံကိန်းဖြင့် ကျောက်မဲ၊ မူဆယ်၊ လောက်ကိုင်၊ လားရှိုးခရိုင်များ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံကိန်း၏ ဆဋ္ဌမအကြိမ် စီမံကိန်းပူးတွဲညှိနှိုင်းရေး ကော်မတီ အစည်းအဝေးအား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် အမရဟိုတယ်၌ ကျင်းပသည်။ **(ဝဲပုံ)**




အစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က အဖွင့်အမှာစကားပြောကြားပြီး JICA မြန်မာရုံးမှ Deputy Chief Representative , Mr. Kotaro NISHIGATA က အမှာစကားပြောကြားသည်။ ဆက်လက်၍ စီမံကိန်း၏ ကျွမ်းကျင်ပညာရှင်များ၊ စီမံကိန်းတွဲဖက်ဝန်ထမ်းများမှ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ခဲ့မှုအကျဉ်းချုပ်၊ စီမံကိန်းမူဘောင်တွင်ပါရှိသည့် ညွှန်းကိန်းရလဒ်များ၊ ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းအခြေအနေများ၊ ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်း အစီအစဉ်များ၊ အစားထိုးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆင့်ပွားသင်တန်း ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

ဒုတိယပိုင်းအစီအစဉ်အရ JICA စီမံကိန်းမှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှ စတင် ဖွင့်လှစ်ခဲ့သည့် အစားထိုးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းသို့ တက်ရောက်ခဲ့ကြသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှ ဝန်ထမ်း ၁၂ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အဆိုပါ သင်တန်းသားများအနေဖြင့် ၎င်းတို့ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများနှင့် အတွေ့အကြုံများအား ရှင်းလင်းတင်ပြသည့် အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၈၀ / ၂၀၁၈ )
၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက် )

**တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၉.၆.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၅/ ၂၀၁၇) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ရှမ်းပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၃၉၁၁ ဗိုလ်မှူးကြီး နိုင်ဝင်းအောင် | အစား | ကြည်း ၂၆၇၅၉ ဗိုလ်မှူးကြီး လှဦး |

( လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❁ *ကျောဖုံးမှ*

ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အနေဖြင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည် နေရာချထားရေး၊ ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နိုင်မည့် အခွင့်အရေးများ ရရှိနိုင်ရေးအတွက် မြန်မာအစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွား စေလိုကြောင်း၊ ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ သံတမန် များအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေး နားလည်မှုစာချွန်လွှာကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင် နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ ဌာနေကိုယ်စားလှယ် Mr. Knut Ostby နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ဌာနေ ကိုယ်စားလှယ် Mr. Giuseppe de Vincentiis တို့က ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးကျော်တင်တို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်တင်၊ ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြ သည်။

အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေး မှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အပါအဝင် ကုလသမဂ္ဂအေဂျင်စီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဇွန် ၆**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ် နိုင်သည်။

မိုး/ဇလ

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု Association of Medical Doctors of Asia အဖွဲ့ဥက္ကဋ္ဌနှင့် JICA Myanmar Office မှ Chief Representative နှင့်အဖွဲ့တို့အား သီးခြားစီတွေ့ဆုံ

**စစ်တွေ ဇွန် ၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် Association of Medical Doctors of Asia အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ရှိဂဲရု စုဂါ နာမီ နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီ တွင် လည်းကောင်း၊ JICA Myanmar Office မှ Chief Representative မစ္စတာ မာစယုကီ ကာရစဝ နှင့်အဖွဲ့အား နံနက် ၁၀ နာရီတွင် လည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်ဧည့်ခန်းမ၌ သီးခြား စီတွေ့ဆုံသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု JICA Myanmar Office မှ Chief Representative မစ္စတာ မာစယုကီ ကာရစဝ နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

Association of Medical Doctors of Asia အဖွဲ့ ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း အကူ အညီအထောက်အပံ့ပေးရေးဆိုင်ရာ ကိစ္စ ရပ်များ၊ ပြည်နယ်အတွင်း ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အော်ဂဲနစ်စိုက်ပျိုးရေး နည်းပညာဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး JICA Myanmar Office မှ Chief Representative နှင့်အဖွဲ့အား တွေ့ဆုံ စဉ် ရခိုင်ပြည်နယ်အတွင်း JICA မှ ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေး ဆိုင်ရာလုပ်ငန်းများနှင့် စီမံကိန်းဆိုင်ရာ အခြေအနေများ၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်း ဆိုင်ရာများနှင့် ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်မည့် အစီအမံ များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှတာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၆**

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၄/ ၂၀၁၈) ကို ယနေ့ နံနက် ၁၀ နာရီတွင် လည်းကောင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/ ၂၀၁၈)ကို မွန်းလွဲ ၁ နာရီတွင် လည်း ကောင်း နေပြည်တော်ရှိ အမျိုးသား လွှတ်တော် ကော်မတီရေးရာဆောင် အမှတ် (၂၀) အစည်းအဝေးခန်းမ၌ သီးခြားစီကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ နှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင် များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုး သားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့် အမှာစကားပြောကြားပြီး ကော်မတီ အဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက် များဖြစ်ပေါ်ခဲ့သည့် အဆိုနှင့် မေးခွန်းများ ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်း ဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးချက်များ အပေါ် ဥက္ကဋ္ဌက ပြန်လည်သုံးသပ် ဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၆**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့၏ ပြန်လည် ထူထောင်ရေးအဖွဲ့ဝင်များ ညှိနှိုင်းအစည်း အဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြုလုပ်ရာ ပြန်လည် ထူထောင်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားသည်။



အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပြန်လည် ထူထောင်ရေးလုပ်ငန်းနှင့် ပတ်သက်၍ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နိုင်ရန် ပြန်လည်ထူထောင် ရေးအဖွဲ့ဝင် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်း များမှ မိမိတို့ကဏ္ဍအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြင်ဆင် ပြီးဥပဒေအရ ဆောင်ရွက်ကြရန် လိုကြောင်း၊ ယခုရေးဆွဲထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ တွင် လိုအပ်ချက်များ ပြည့်စုံစေရန် ဆုံချက်ဌာနအား မိမိတို့ကဏ္ဍအလိုက် အကြံပြုပေးကြရန် လိုအပ်ကြောင်း၊ သို့မှသာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပြင်ဆင်ထားသည့် ဥပဒေပါပြဋ္ဌာန်းချက်များကို ထိရောက် စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ် ကြောင်း၊ ဆောင်ရွက်ရန် လိုအပ်သည့် ဘဏ္ဍာငွေရရှိသုံးစွဲရန် နည်းလမ်းများ လည်း ဖော်ဆောင်ရန်လိုအပ်ကြောင်း၊ လက်တွေ့ကြုံတွေ့ရသည့် အခက်အခဲများ ရှိက ဖြေရှင်းနိုင်ရန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများအနေဖြင့် ဆောင် ရွက်ပေးနိုင်မည့်လုပ်ငန်းများကို ဆွေးနွေး ပြောကြားလိုကြောင်း၊ တက်ရောက်လာသူ များမှ လိုအပ်ချက်များအား ဝိုင်းဝန်းဆွေး နွေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူ များက ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်တွင်းနှင့် နိုင်ငံတကာ(ပြည်ပ)ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လာမည့်ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၌ လျှောက်ထားနိုင်

**နေပြည်တော် ဇွန် ၆**

လာမည့် နိုဝင်ဘာ ၃ ရက်တွင် လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ် ရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်ရာ စောင့်ကြည့်လေ့လာလိုသည့် ပြည်တွင်းနှင့် နိုင်ငံတကာ (ပြည်ပ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့်ကို ယနေ့မှစတင်၍ အောက်တိုဘာ ၁၈ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူ ၂၀၆၂ ဦးနှင့် နိုင်ငံတကာ(ပြည်ပ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၃၁၂ ဦး ရှိခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ သိရပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်နှင့် လစ်လပ်မဲဆန္ဒနယ်များကို မေ ၈ ရက်တွင်လည်းကောင်း၊ ကြားဖြတ်ရွေးကောက်ပွဲ အတွက် လျာထားလုပ်ငန်းစဉ်အချိန်စာရင်းကို မေ ၂၅ ရက်တွင်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ပြည်တွင်းစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၁၆) နှင့် နိုင်ငံတကာ (ပြည်ပ) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာ အမှတ် (၂/ ၂၀၁၆) တို့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ official website ဖြစ်သည့် http:// uecmyanmar.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် Download ရယူနိုင်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ

## ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

*ယမန်နေ့မှအဆက်*

**သတင်းရယူခွင့်**

ရခိုင်ပြည်နယ်ဆိုင်ရာ သတင်းမှန်များကို ပြည်တွင်းပြည်ပမီဒီယာများ ပိုမိုသိရှိပြီး တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသနိုင်ခြင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းစီစဉ်မှုဖြင့် ယခုလေးလတာကာလပတ်အတွင်း ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့ဝင် စုစုပေါင်း ၇၄ ဦးအတွက် ရခိုင်ပြည်နယ်သို့ သွားရောက်သတင်းရယူနိုင်ရေး ခရီးစဉ်လေးကြိမ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည့် ကဏ္ဍစုံဆောင်ရွက်ချက်များကို ပြည်တွင်းပြည်ပမှ ပိုမိုသိရှိပူးပေါင်းပါဝင်နိုင်ရေး ရည်ရွယ်၍ မီဒီယာထောက်ပံ့မှု လုပ်ငန်းစဉ်အဖြစ် သတင်းထုတ်ပြန်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ အသိပညာပေးခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ရာ

- ရုပ်သံအစီအစဉ်မှ သတင်းထုတ်လွှင့်မှု ၆၈၉ ကြိမ်၊ တွေ့ဆုံမေးမြန်းမှု သုံးကြိမ်၊ ပညာပေးနှင့် မှတ်တမ်းအစီအစဉ် ၄၁ ကြိမ်
- ရေဒီယိုအစီအစဉ်မှ သတင်းထုတ်လွှင့်မှု ၁၇၉၇ ကြိမ်၊ တွေ့ဆုံမေးမြန်းမှု ၁၇ ကြိမ်၊ ပညာပေးနှင့် မှတ်တမ်းအစီအစဉ် ငါးကြိမ် အသိပညာပေးထုတ်လွှင့်မှု ၃၆၈ ကြိမ်
- Public Service Announcement (PSA) ၂၆၄ ကြိမ်
- ပြန်ကြားရေးဝန်ကြီးဌာန Website တွင် သတင်းဖော်ပြမှု ၁၂၀၇ ကြိမ်
- နေ့စဉ်ထုတ်သတင်းစာများတွင် သတင်းဖော်ပြမှု ၄၈၂ ကြိမ်၊ ဓာတ်ပုံဖော်ပြမှု ၈၅၈ ကြိမ်၊ တွေ့ဆုံမေးမြန်းခြင်း ၂၇ ကြိမ်တို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပညာရေး**

ရခိုင်ပြည်နယ်အတွင်းရှိ ကလေးများအတွက် ကိုးကွယ်သည့်ဘာသာ၊ လူမျိုးနှင့် နိုင်ငံသားကျား၊ မ ဖြစ်တည်မှုတို့အပေါ် ခွဲခြားမှုမပြုဘဲ တူညီသော ပညာသင်ခွင့် ရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ပိတ်ခဲ့ရသောကျောင်း ၄၂၄ ကျောင်းအနက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကလေးများ စာပေသင်ကြားနိုင်သည့် ကျောင်းစုစုပေါင်း ၃၂၄ ကျောင်းရှိပြီးဖြစ်ပါသည်။ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ဆင့်တွင် ဒုတိယနှစ်ဝက်စာမေးပွဲများ စစ်ဆေးပြီး စာမေးပွဲအောင်စာရင်းများကိုလည်း ထုတ်ပြန်ပြီးဖြစ်ပါသည်။ သက်မွေးပညာသင်ယူမှုအခွင့်အလမ်းများ လက်လှမ်းမီနိုင်စေရန် ရခိုင်ပြည်နယ် ဂွမြို့နှင့် ဘူးသီးတောင်မြို့တို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်းနှစ်ကျောင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျောင်းများဖွင့်လှစ်နိုင်ရေး အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဘတ်ဂျက်လျာထားတင်ပြသွားမည်ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ် စုစုပေါင်း ၁၀၅၃၆၂ ဒသမ ၉၆၃ သန်း ရင်းနှီးမြှုပ်နှံသုံးစွဲခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဆောက်လုပ်ရေး ငွေလုံးငွေရင်း အသုံးစရိတ်များတွင် ရခိုင်ပြည်နယ် ပညာရေးကဏ္ဍ အသုံးစရိတ်သည် ပညာရေးဝန်ကြီးဌာနအသုံးစရိတ် စုစုပေါင်း၏ ၈ ရာခိုင်နှုန်းရှိပြီး ပြည်နယ်များတွင် အများဆုံးဖြစ်ပါသည်။







ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် နွေရာသီကျောင်းပိတ်ရက်ကာလတွင် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးအောက်ရှိ နီးစပ်ရာနယ်မြေရုံး၊ နယ်မြေရဲစခန်းနှင့် ရဲကင်းစခန်းဝင်းတို့တွင် သီးခြားအဆောင်များပေးအပ်၍ နေထိုင်ရေး၊ အဆင်ပြေလုံခြုံမှုရှိအောင် ဆောင်ရွက်ထားရှိပါသည်။

မောင်တောခရိုင်အတွင်း စာပေသင်ကြားမှု မြှင့်တင်နိုင်ရန် ဘွဲ့လီစကားတတ်ကျွမ်းသော ဆရာ ဆရာမ ၁၀၀ ခန့်ကို အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ထားရှိပါသည်။

ရခိုင်ပြည်နယ်တွင် လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများအတွက် လိုအပ်သော ကျောင်းသုံးစာအုပ်များနှင့် ကျောင်းထောက်ပံ့ကြေးများကိုလည်း ကျောင်းဖွင့်ရာသီအမီ ပံ့ပိုးပေးနိုင်ရန် စီစဉ်ထားရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံးမှ ပညာသင်ယူရန် ခက်ခဲနေသည့် မိသားစုဝင်များအတွက် သက်မွေးပညာသင်ကြားနိုင်မှုအား အဟန့်အတားဖြစ်စေနိုင်သော ကျောင်းနှင့်အိမ် အသွားအပြန်ခရီးစရိတ်၊ အစားအစာ၊ ကျောင်းဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများနှင့် ပတ်သက်သည့် ကုန်ကျစရိတ်များကို စိစစ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နည်းပညာများနှင့် သက်မွေးပညာဦးစီးဌာနမှလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ဘတ်ဂျက်လျာထားနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

**ကျန်းမာရေး**

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ မည်သူမဆို ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူနိုင်ကြောင်းနှင့် ဆေးရုံဆေးခန်းများသည် ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူများအတွက် အကာအကွယ်ပေးထားသည့် နေရာများဖြစ်ကြောင်း အသိပေးကြေညာချက်များ ပြုလုပ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း စစ်တွေဆေးရုံ၊ သံတွဲပြင်ဆေးရုံ၊ မြောင်းဘွေဆေးရုံ၊ ဘူးသီးတောင်ဆေးရုံ၊ စေတီတောင်ဆေးရုံ၊ မောင်တောဆေးရုံများတွင် ပြင်ပလူနာနှင့် အတွင်းလူနာအဖြစ် တိုင်းရင်းသား ၂၈၂၃ ဦး၊ မွတ်စလင်ဘာသာဝင် ၁၁၃၇၃ ဦး စုစုပေါင်း ၁၄၁၉၆ ဦးကို ကုသပေးခဲ့ပါသည်။




လူဦးရေနှင့်အညီ သင့်လျော်သော ကျန်းမာရေးလုပ်သားအချိုးရှိစေရန် ကျန်းမာရေးလုပ်သားများ လေ့ကျင့်မွေးထုတ်ပေး လျက်ရှိရာ ၂၀၁၈ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း

- စစ်တွေမြို့သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် သင်တန်းသူ သူနာပြု၊ သားဖွား ၄၃၀ သင်ကြားလျက်ရှိပါသည်။
- ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အထူးကုဆရာဝန်ကြီးများ အပါအဝင် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ၇၈ ဦးကို ထပ်မံဖြည့်တင်း ခန့်ထားပေးခဲ့ပါသည်။
- ရခိုင်ပြည်နယ်အတွင်း ကျောက်တော်၊ အမ်း၊ မြေပုံမြို့နယ်များတွင် အရန်သားဖွားသစ်လွင် သင်တန်းတစ်ကြိမ်ဖြင့် အရန် သားဖွား(သစ်လွင်) ၃၂ ဦး၊ အရန်သားဖွား မွမ်းမံသင်တန်းနှစ်ကြိမ်ဖြင့် အရန်သားဖွားဆရာမ ၄၉ ဦး စုစုပေါင်း သင်တန်းသူ ၈၁ ဦးတို့ကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။
- ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) သင်တန်းပြီးဆုံးသွားပြီးဖြစ်သော ပြည်သူ့ကျန်းမာရေး ကြီးကြပ် (၂) သင်တန်းဆင်း ၁၀၁ ဦးမှာ ယခုအခါ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေပြီဖြစ်ပါသည်။







ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင် လူထုကျန်းမာရေးလုပ်သား သစ်လွင်သင်တန်း ခုနစ်ကြိမ်ဖြင့် လူထုကျန်းမာရေးလုပ်သား (သစ်လွင်) ၁၉၆ဦး၊ လူထုကျန်းမာရေးလုပ်သားမွမ်းမံသင်တန်း တစ်ကြိမ်ဖြင့် လူထုကျန်းမာရေး လုပ်သား၂၀ အား သင်တန်းပေးနိုင်ခဲ့ပါသည်။

ဘူးသီးတောင်မြို့နယ်ဆေးရုံတွင် သွေးလှူဘဏ်ငယ် အသစ်တည်ထောင်ရေးအတွက် JICA အဖွဲ့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်မီးလိုအပ်ချက်အတွက် Solar System တပ်ဆင်ထားပြီးဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍတွင် အကျင့်ပျက်မှု၊ တရားမဝင်အခကြေးငွေပေးရမှု၊ မတရားအမြတ်ထုတ်မှုများ၊ ခွဲခြားနှိမ့်ချဆက်ဆံမှုများရှိပါက အရေးယူဆောင်ရွက်နိုင်ရန် ဆေးရုံများနှင့် ကျန်းမာရေးဌာနများ အားလုံးတွင် အကြံပြုစာသေတ္တာ (Suggestion Box) များ ထားရှိပါသည်။

စစ်တွေ အထွေထွေရောဂါကု ဆေးရုံကြီး အဆင့်မြှင့်တင်ရေးအတွက် Master Plan ရေးဆွဲလျက်ရှိပြီး နော်ဝေနိုင်ငံ၊ ဥရောပသမဂ္ဂနှင့် 3MDG အဖွဲ့တို့မှ သက်ဆိုင်ရာပညာရှင်များနှင့် ငါးကြိမ်တွေ့ဆုံဆွေးနွေးကာ Master Plan နှင့် ပတ်သက်၍ ပညာရှင်များ၏ အကြံဉာဏ်ရယူခြင်း၊ Working Group Committee ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများအနက် လုပ်ငန်းရှစ်ခုမှာ ရာနှုန်းပြည့်ပြီးစီးနေပြီး တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းသုံးခုအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်အတွင်း အာဟာရစားသုံးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအား ဆန်းစစ်နိုင်ရန် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစားစာသုံးမှုစစ်တမ်း (Myanmar Micronutrient Food Consumption Survey) စာရင်းကောက်ယူမှုမှာ ရခိုင်ပြည်နယ်အတွင်း စစ်တမ်းကောက်ကွက် ၃၀ (တိုင်းရင်းသားသီးသန့် ၂၃ ကွက်၊ မွတ်စလင်ဘာသာဝင်သီးသန့်လေးကွက်၊ တိုင်းရင်းသား-မွတ်စလင် အရောသုံးကွက်)ကောက်ယူခဲ့ပြီး ရလဒ်များအား ဆန်းစစ်နေပြီဖြစ်ပါသည်။ ယင်းသို့လေ့လာဆန်းစစ်မှုများ ပြုလုပ်နေသည့်အပြင် ရခိုင်ပြည်နယ်တွင် အာဟာရချို့တဲ့မှုနှုန်း လျော့နည်းစေရန်အတွက် ပုံမှန်ဆောင်ရွက်နေသည့် အာဟာရစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ဗီတာမင်အေတိုက်ကျွေးခြင်း သန်ချဆေးတိုက်ကျွေးခြင်း စသည်တို့ကို သတ်မှတ်ကာလအလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အာဟာရချို့တဲ့မှုအန္တရာယ်မှ ကာကွယ်နိုင်ရန် အာဟာရချို့တဲ့မှုဆိုင်ရာ ကုသစောင့်ရှောက်ခြင်း သင်တန်းလေးကြိမ်ကို စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်မြို့နယ်များတွင် ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်း ၂၀၄ ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းများ ပုံမှန်ဖြန့်ဖြူးခဲ့ပြီး အာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ရေးဆိုင်ရာ သင်ကြားရေးအထောက်အကူပြုပစ္စည်းအစုံ ၁၀၀၊ အမေနှင့် ကလေးအာဟာရဖွံ့ဖြိုးမှုတိုင်း အီလက်ထရွန်နစ် စက်ပစ္စည်းခြောက်ခု၊ ကလေးအရပ်တိုင်းကိရိယာခြောက်ခု၊ ကလေးလက်မောင်းပတ်တိုင်းကိရိယာ ၂၀၀၊ အထူးနို့မှုန့်အမျိုးမျိုးခြောက်သေတ္တာတို့ကို ထောက်ပံ့ခဲ့ပါသည်။

**မူးယစ်ဆေးဝါးများ**

ပညာရေး၊ ကျန်းမာရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်မှုနှင့်အတူ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုလည်း ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူ့ကျန်းမာရေး၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးတို့အပေါ် အခြေခံသည့် အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒသစ်ကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် ထုတ်ပြန်၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။




မူးယစ်ဆေးဝါးနှင့်ပတ်သက်၍အရေးယူမှုများအနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဧပြီလ ၃၀ ရက်အထိ ရခိုင်ပြည်နယ်၌ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုပေါင်း ၆၆ မှု၊ တရားခံ (ကျား) ၈၀၊ (မ)ရှစ်ဦး စုစုပေါင်း တရားခံ ၈၈ ဦးကိုဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမှု တန်ဖိုးစုစုပေါင်းမှာ (အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၀၄ သန်းနှင့်ညီမျှသော) ငွေကျပ်သန်းပေါင်း ၂၅၃၂၄ ဒသမ ၉၃ သန်း ဖြစ်ပါသည်။




**နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု**

ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုငယ်များ၊ လူ့အဖွဲ့အစည်းများနှင့် အမျိုးသမီးများ၏ နိုင်ငံရေးကဏ္ဍနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများတွင် ကိုယ်စားလှယ်များထားရှိနိုင်မှုနှင့် ကိုယ်တိုင်ပါဝင်နိုင်မှုများ မြင့်တက်လာစေရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်သူများ တန်းတူညီမျှရေး၊ ၂၀၂၀ ရွေးကောက်ပွဲတွင် လူငယ်များ ပိုမိုပါဝင်မဲပေးနိုင်ရေး၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ ရွေးကောက်ပွဲစက်ဝန်းတွင် ပိုမိုပါဝင်လာနိုင်စေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ လိုအပ်ချက်များ ဆွေးနွေးညှိနှိုင်းဖော်ထုတ်နိုင်ရန် ရခိုင်ပြည်နယ်အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးဝန်ထမ်းများ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအတွက် သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲလေးကြိမ်၊ ဆက်စပ်အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်ကျင်းပ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့

**— — — သက်ဦး — — —**

**အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီမှ ဇွန်လ ၉ ရက်နေ့အား အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ (International Archives Day) အဖြစ် သတ်မှတ်ထားပါသည်။ အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့သည် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ ( International Council on Archives) - (ICA) ဖွဲ့စည်းမှုကို အခြေခံ၍ ဖြစ်ပေါ်လာသော နေ့တစ်နေ့ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များ ကောင်စီအဖွဲ့အစည်းအား "ကမ္ဘာ့မော်ကွန်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် အသုံးချမှုတို့ကို မြှင့်တင်ရန်နှင့် ထိရောက်သော မှတ်တမ်းစီမံခန့်ခွဲမှုနှင့် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်နိုင်ရန်" ရည်ရွယ်၍ ၁၉၄၈ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။**

လူသားတို့၏ နေ့စဉ်လုပ်ရှားဆောင်ရွက်မှုများမှ ပေါက်ဖွားလာသော မှတ်တမ်းမှတ်ရာများသည် အတိတ်၏ ဆောင်ရွက်ချက်များကို ဖော်ပြသည့် အကြောင်းအရာများ ဖြစ်ပါ၍ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်လည်းကောင်း၊ လူ့အသိုင်းအဝိုင်းအတွက်လည်းကောင်း ထင်ရှားသောသက်သေအထောက်အထားများပင် ဖြစ်ပါသည်။

**အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ ဖြစ်ပေါ်လာပုံ**

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များ ကောင်စီ (ICA) သည် ထိုသို့တန်ဖိုးရှိလှသော အဖိုးတန်မော်ကွန်းများကို ထိန်းသိမ်းကာကွယ်၍ လုပ်ငန်းစံနှုန်းများ သတ်မှတ်ရန်၊ မော်ကွန်းထိန်းများ၊ မူဝါဒချမှတ်သူများနှင့် မော်ကွန်းအသုံးပြုသူများအကြား ဆွေးနွေးဖလှယ်မှုကို အားပေးကူညီရန်နှင့် မော်ကွန်းပညာရှင်များ ပိုမိုတိုးပွားလာစေရန် ကြိုးပမ်းဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ပါသည်။ ICA ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် အဖွဲ့တည်ထောင်ခဲ့သည့် နှစ် ၇၀ ကာလအတွင်း ကမ္ဘာတစ်ဝန်းလုံးရှိ မော်ကွန်းတိုက်အဖွဲ့အစည်းများနှင့် မော်ကွန်းပညာရှင်များသည် အဖွဲ့၏ ဦးဆောင်မှုအောက်တွင် စုစည်းပါဝင်လာခဲ့ပါသည်။ ယခုအခါ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၁၉၉ ခုမှ အသင်းဝင်ပေါင်း ၁၄၀၀ ကျော်တို့အား မော်ကွန်းထိန်းသိမ်းမှု နည်းပညာသစ်များကို မျှဝေပေးခြင်း၊ အချို့သော မော်ကွန်းတိုက်များတွင် ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်ကြောင့် မော်ကွန်းများပျက်စီးမှု အခြေအနေများတွင် အဖွဲ့ရှိ မော်ကွန်းပညာရှင်များ၏ အကြံဉာဏ်ကောင်းများရရှိစေခြင်း၊ လုပ်ငန်းစံနှုန်းများနှင့် အတွေ့အကြုံများ မျှဝေပေးခြင်းတို့ဖြင့်




**"ကမ္ဘာတစ်ဝန်းလုံးရှိမော်ကွန်းတိုက်များတွင် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို ဆောင်ရွက်ကြပါသည်။ အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများသည် မော်ကွန်းများပေါ်တွင် ပြည်သူတို့၏ အတွေး၊ အမြင်၊ အသိစိတ်ဓာတ်တို့ကို တိုးတက်ပြောင်းလဲစေနိုင်"**

ကမ္ဘာ့အမွေအနှစ်မော်ကွန်းများ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ ဖြစ်ပေါ်လာပုံမှာ ကမ္ဘာ့မော်ကွန်း အမွေအနှစ်များ၏ အရေးပါမှုကို နိုင်ငံ့ဆုံးဖြတ်ပိုင်ခွင့် ရှိသူများနှင့် ပြည်သူများ သတိမူမိစေရန်အတွက် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်နေ့ သတ်မှတ်ပေးပါရန် ၂၀၀၄ ခုနှစ်တွင်ဗီယင်နာမြို့၌ ကျင်းပသည့် International Congress ၌ အဖွဲ့ဝင်များမှ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းသို့ တောင်းဆိုခဲ့ကြပါသည်။ ၂၀၀၅ ခုနှစ်တွင် ကျင်းပသော UNESCO general conference မှ အောက်တိုဘာလ ၂၇ ရက်နေ့ကို ကမ္ဘာ့ရုပ်သံအမွေအနှစ်များနေ့ (world day for audiovisual heritage) အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ကမ္ဘာ့ရုပ်သံအမွေအနှစ်များနေ့သည် ရုပ်သံမော်ကွန်းများ၏အရေးပါမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု အကျိုးကျေးဇူးများအား ပြည်သူများဂရုပြုမိလာစေရန် အားပေးမြှင့်တင်ခြင်းဖြစ်၍ ၎င်း၏နယ်ပယ်တွင် အကျိုးပြုသော်လည်း မော်ကွန်းအားလုံးအပေါ်တွင် အကျိုးသက်ရောက်မှု မရှိသည့်အတွက် အဖွဲ့ဝင်များမှ ICA စတင် တည်ထောင်သည့် ဇွန်လ ၉ ရက်နေ့ကို သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ကမ္ဘာ့မော်ကွန်းတိုက် အသိုက်အဝန်းတစ်ခုလုံး၏ ထောက်ခံမှု၊ UNESCO ၏ ကမကထ ပြုမှုတို့ဖြင့် ICA ထူထောင်သည့် ဇွန်လ ၉ ရက်နေ့အား အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့အဖြစ် ၂၀၀၇ ခုနှစ်တွင် စတင်သတ်မှတ် ပေါ်ပေါက်ခဲ့ရာ ယခုဆိုလျှင် ၁၉၄၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များ ကောင်စီသည် နှစ်(၇၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ မော်ကွန်းတိုက်များတွင် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို ဆောင်ရွက်ကြပါသည်။ အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများသည် မော်ကွန်းများပေါ်တွင် ပြည်သူတို့၏ အတွေး၊ အမြင်၊ အသိစိတ်ဓာတ်တို့ကို တိုးတက်ပြောင်းလဲစေနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်နေ့များမှတစ်ဆင့်

- မှတ်တမ်းမော်ကွန်းတို့၏ အရေးပါမှုကို ပြည်သူတို့ သတိမူမိစေခြင်း
- မော်ကွန်းများသည် ကောင်းမွန်သော အစိုးရအုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အကျိုးပြုသည်ကို နိုင်ငံ့အကြီးအကဲများမှ သတိပြုမိလာစေခြင်း၊
- မော်ကွန်းများ နှစ်ကာလကြာမြင့်စွာ တည်တံ့နိုင်ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်မှုနှင့် ပြန်လည်အသုံးချနိုင်မှုဟူသော အသိအမြင်များကို ပြည်သူလူထုနှင့် အစိုးရအဖွဲ့အစည်းများအကြား မြှင့်တင်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

**ကောင်းမွန်သောအစိုးရအုပ်ချုပ်မှုဖြစ်ပေါ်ရေး**

၂၀၁၈ ခုနှစ်တွင် ကျရောက်သော နှစ်(၇၀) ပြည့်မြောက် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့၏ ဆောင်ပုဒ်မှာ "Archives; Governance, Memory and Heritage" (စိုးမိုးအောက်မေ့ မွေနှစ်သွန်းတို့ရဲ့မော်ကွန်း) ဖြစ်ပါသည်။ မော်ကွန်းများသည် သမိုင်းမှတ်တမ်းရှာဖွေပြုစုရန်နှင့် ရည်ညွှန်းအသုံးပြုရန်အတွက်သာ သိမ်းဆည်းထားခြင်း မဟုတ်ဘဲ ကောင်းမွန်သော အစိုးရအုပ်ချုပ်မှု ဖြစ်ပေါ်ရေးကိုလည်း အဓိကဦးတည် အကျိုးပြုပါသည်။ မော်ကွန်းများသည် အုပ်ချုပ်သူအစိုးရများ၏ တာဝန်ခံမှုအရ ဖြစ်ပေါ်လာသော လုပ်ငန်းဆောင်ရွက်ချက်များကို ထင်ရှားစွာ ပြသနိုင်ပါသည်။ အစိုးရအုပ်ချုပ်မှုလုပ်ငန်းများအတွက် လိုအပ်သောသတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်း၊ အတိတ်မှ ဆောင်ရွက်ချက်များအပေါ်တွင် လေ့လာဆန်းစစ်နိုင်ခြင်း၊ အတိတ်ကာလ အမှားများအား ရှောင်ကြဉ်နိုင်ခြင်းနှင့် ပိုမို ကောင်းမွန်သည့် အနာဂတ်ဆောင်ရွက်ချက်များကို ဖြစ်ထွန်းပေါ်ပေါက်စေနိုင်ပါသည်။ ပြည့်စုံ ကောင်းမွန်စွာ စီမံခန့်ခွဲထားသော မော်ကွန်းများသည် နိုင်ငံ့အစိုးရ၏ ဆောင်ရွက်ချက်များဖြစ်သကဲ့သို့ နိုင်ငံ၏ အောက်မေ့အမှတ်ရဖွယ်များနှင့် သမိုင်းကြောင်း အမွေအနှစ်များလည်း ဖြစ်ပါသည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်ကောင်စီ၏ အဖွဲ့ဝင်အဖြစ် ၁၉၉၁ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး ၎င်း၏အရှေ့တောင်အာရှဒေသ အဖွဲ့ခွဲဖြစ်သော South East Asia Regional Branch of International Council on Archives SARBICA အဖွဲ့၏ အဖွဲ့ဝင်လည်းဖြစ်ပါ၍ SARBICA အဖွဲ့နှင့် နီးစပ်သောဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိပါသည်။ ICA မှ ချမှတ်သော လုပ်ငန်းစံနှုန်းများ၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲဆောင်ရွက်လာရမည့် ပညာရပ်များကို SARBICA မှ တစ်ဆင့် ပြန်လည်မျှဝေပေးခြင်း၊ အဖွဲ့ခွဲအတွင်းပါဝင်သော နိုင်ငံများ၏ မော်ကွန်းလုပ်ငန်းအရည်အသွေးများတိုးတက်စေရန်ဝန်ထမ်းများအား သင်တန်းခေါ်ယူလေ့ကျင့်ပေးခြင်း၊ အဖွဲ့ဝင်မော်ကွန်းတိုက်အကြီးအကဲများ၏ Executive Meeting ကို နှစ်စဉ်ခေါ်ယူ၍ အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများ၊ အခက်အခဲပြဿနာများ၊ အဖွဲ့မှ ဆောင်ရွက်ရမည့်လုပ်ငန်းများအား ဆွေးနွေးကြပါသည်။

**ဖွင့်လှစ်ပြသထားမည်**

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်နေ့အထိမ်းအမှတ်အဖြစ် မော်ကွန်းပြခန်းများအား အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် နေပြည်တော်မော်ကွန်းတိုက်နှင့် ရန်ကုန်မော်ကွန်းတိုက်များတွင် ဇွန်လ ၁ ရက်နေ့မှ ၁၄ ရက်နေ့အထိ ဖွင့်လှစ်ပြသထားမည် ဖြစ်ပါသည်။ ပြခန်းတွင် ရှားပါးမော်ကွန်းများဖြစ်သည့် စစ်သူကြီး မဟာဗန္ဓုလ၏ ပေစာ (၁၈၂၄ ခုနှစ်)၊ မင်းတုန်းမင်း၏ တစ်ကြောင်းစာ ပေစာ၊ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲကိုပြီးဆုံးစေခဲ့သည့်ရန္တပိုစာချုပ် ( ၁၈၂၆ )၊ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲကို ပြီးဆုံးစေခဲ့သည့်စာချုပ် (၁၈၅၃)၊ အောင်ဆန်း-အက်တလီ စာချုပ်၊ နု-အက်တလီစာချုပ်၊ ရှေးမြန်မာဘုရင်များ၏ တံဆိပ်တော်များ၊ နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ လက်ရေးမူများနှင့် လက်မှတ်များ၊ ရတနာပုံခေတ်ဗြိတိသျှမော်ကွန်းများ၊ အလံပြကွက်များ ထင်ရှားသည့် ကြေညာချက်များအား ပြသထားမည်ဖြစ်ပြီး မော်ကွန်းတိုက်၏ မှတ်တမ်းမော်ကွန်းထိန်းသိမ်းမှုလုပ်ငန်း သဘာဝများကိုပါ လေ့လာနိုင်မည်ဖြစ်၍ သမိုင်းမှတ်တမ်း ချစ်မြတ်နိုးသူများနှင့် စိတ်ဝင်စားသူ ပြည်သူများမှ လာရောက်လေ့လာကြည့်ရှုကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့မှ တစ်ဆင့် မှတ်တမ်းမော်ကွန်းတို့၏ အရေးပါမှုကို ပြည်သူများသတိမူစေပြီး နိုင်ငံ့အမွေအနှစ် မော်ကွန်းများအား ထိန်းသိမ်းလာတတ်စေရန်နှင့် အသုံးချမှုမော်ကွန်းအသိပညာများ တိုးပွားလာစေရန် ဆန္ဒပြုရင်း အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့အား ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

## ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မန်စီမြို့နယ်အတွင်းရှိ ကျောင်းများကို ကွင်းဆင်းစစ်ဆေး

**ဗန်းမော် ဇွန် ၆**

ကချင်ပြည်နယ် မန်စီမြို့နယ်ပြည်သူ့ဆေးရုံ မြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျန်းမာရေးဌာနများနှင့် စာသင်ကျောင်းများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ကချင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ)ဦးဒိတ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်တို့ ဦးဆောင်သည့်ဌာနဆိုင်ရာ တာဝန်ရှိသူများအဖွဲ့ ဇွန် ၄ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မန်စီမြို့တွင်းရှိ စစ်ရှောင်စခန်းနှင့် မိုင်းခေါင်ကျေးရွာရှိ စစ်ရှောင် စခန်းများသို့လည်း ဆက်လက်သွားရောက်၍ စစ်ရှောင်မိသားစုဝင်များနှင့် လိုက်လံတွေ့ဆုံပြီး စစ်ရှောင်စခန်းရှိ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများကိုလည်း ထောက်ပံ့ပေးအပ်ကာ စခန်းများအတွင်း ပြည်သူများနေထိုင်ရသည့် အခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ စည်သူဒေါက်တာ ဦးသော်ကောင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထူးချွန်ထက်မြက်သည့် စာရေးဆရာများ ပေါ်ထွန်းလာစေရန်အတွက် အမျိုးသားစာပေဆုများကို နှစ်စဉ်ချီးမြှင့်လျက်ရှိသည်။**

**စာပေဗိမာန်၏ မူလအစဖြစ်သည့် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကို ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်က စတင်တည်ထောင်ခဲ့ပြီး ၁၉၆၈ ခုနှစ် မေလတွင် အသင်း၏ အမည်ကို စာပေဗိမာန်ဟု ပြောင်းလဲခေါ်ဝေါ်သုံးစွဲခဲ့သည်။ ထိုနှစ်မှာပင် စာပေဗိမာန်စာပေဆုချီးမြှင့်ရန် စတင်စီစဉ်ခဲ့သည်။ စာပေဗိမာန်အုပ်ချုပ်မှုကောင်စီသည် ၁၉၄၈ ခုနှစ်ကစပြီး တစ်နှစ်အတွင်း ထုတ်ဝေခဲ့သည့် လုံးချင်းဝတ္ထုများထဲက အကောင်းဆုံးတစ်အုပ်ရွေးချယ်ပြီး ပထမဆုံးစာပေဗိမာန်ကာလပေါ်ဝတ္ထုဆုကို ချီးမြှင့်ခဲ့ရာ ဆရာမင်းအောင်က "မိုးအောက်မြေပြင်" ဝတ္ထုရှည်ဖြင့် ဆုရရှိခဲ့သည်။**

အမျိုးသားစာပေဆုချီးမြှင့်ရာတွင် ဘာသာရပ်များ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ချီးမြှင့်လာရာ ယခုဆိုလျှင် ဘာသာရပ် ၁၆ မျိုးအထိ ရှိလာပြီဖြစ်သည်။ စာပေဗိမာန်စာမူဆုပြိုင်ပွဲအတွက်လည်း အမျိုးသားစာပေဆုကဲ့သို့ ဘာသာရပ်များကို တိုးချဲ့ချီးမြှင့်ခဲ့ရာ ယခုဆိုလျှင်ဘာသာရပ် ၁၃ ခုအထိ ရှိလာပြီဖြစ်သည်။

ထို့ပြင် တစ်သက်တာလုံး ထူးချွန်ပြောင်မြောက်စွာ အားထုတ်ရေးသားပြုစုခဲ့သည့် စာပေသမားများ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်မှစပြီး နှစ်စဉ်ပေးအပ်ချီးမြှင့်ခဲ့သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အမျိုးသားစာပေတစ်သက်တာဆုကို တစ်နှစ်လျှင် စာပေပညာရှင်တစ်ဦးကိုသာ ရွေးချယ်ချီးမြှင့်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်မှစ၍ ပညာရှင် သုံးဦးအထိ တိုးမြှင့်ချီးမြှင့်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု (၃) ဆု၊ အမျိုးသားစာပေဆု (၁၀) ဆုနှင့် စာပေဗိမာန်စာမူဆု (၂၆) ဆုကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုနှစ် အမျိုးသားစာပေဆုချီးမြှင့်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိရာ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ စည်သူဒေါက်တာ ဦးသော်ကောင်းအား ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီရဲ့လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီမှာ အဖွဲ့ဝင်၊ အတွင်းရေးမှူးနဲ့ ဥက္ကဋ္ဌအပါအဝင် ၆၅ ဦးရှိပါတယ်။ ဆရာတို့နောက်ပိုင်းဖွဲ့တဲ့ အဖွဲ့တွေက အရင်ကအဖွဲ့တွေနဲ့ မတူပါဘူး။ အရင်တုန်းက အစိုးရဝန်ထမ်းတွေပါတယ်။ များသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်တွေ၊ ဦးဆောင်ညွှန်ကြားရေးမှူးတွေက ဥက္ကဋ္ဌအနေနဲ့ပါပြီး ဆရာတို့ကတော့ ဒုတိယဥက္ကဋ္ဌအနေနဲ့ ပါပါတယ်။ အတွင်းရေးမှူးကတော့ စာပေဗိမာန်က စာတည်းမှူးချုပ်က လုပ်ပါတယ်။ အခု ဒီမိုကရေစီအစိုးရတက်တော့ ဆရာတို့ စာပေပညာရှင်တွေပဲ အားလုံး လွတ်လွတ်လပ်လပ်ရွေးပါတယ်။ အစိုးရအနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ပဲဖြစ်ဖြစ်၊ စာပေဗိမာန်အနေနဲ့ပဲဖြစ်ဖြစ် ပါဝင်ပြီးတော့ ရွေးချယ်ခြင်းမလုပ်ပါဘူး။ စွက်ဖက်ခြင်း မရှိပါဘူး။ ဆရာတို့အားလုံးက ရွေးပြီးရင်သာ ဝန်ကြီးဌာနကိုတင်ပါတယ်။ တင်တဲ့အခါကျရင် ဆုငွေနဲ့ပတ်သက်ပြီး ငွေကြေးတန်ဖိုးကို ဆရာတို့ကပဲ အဆိုပြုတင်ရပါတယ်။ ဘယ်ဆုကိုတော့ ဘယ်လောက်ပေးမယ်၊ သာမန်ဆုကို ဘယ်လောက်ပေးမယ်။ တစ်သက်တာဆုကို ဘယ်လောက်ပေးမယ်၊ ဘယ်နှယောက်ပေးမယ်ဆိုတာကိုလည်း ဆရာတို့က အဆိုပြုပါတယ်။

စာပေအမျိုးအစားအလိုက် အဖွဲ့ငယ်တွေဖွဲ့ထားပါတယ်။ တစ်ဖွဲ့မှာ ၁၀ ယောက်၊ ၁၂ ယောက် လောက်ရှိပါတယ်။ အဓိကစာပေအမျိုးအစားကတော့ ဝတ္ထုရှည်ရှိတယ်။ ဝတ္ထုတို ရှိတယ်။ ကဗျာရှိတယ်။ ပြဇာတ်ရှိတယ်။ ဒါတွေက အဓိကစာပေအမျိုးအစားတွေပေ့ါ။ ကျန်တာတွေက ဘာသာပြန်၊ အင်္ဂလိပ်စာဆု၊ သိပ္ပံဆုဆိုတာတွေ ရှိပါတယ်။ အစဉ်အလာအရ မနှစ်က ကဗျာဆုနဲ့ပတ်သက်လို့ တစ်ဆုပဲပေးပါတယ်။ ရှေးကတည်းက ဆရာတို့မရောက်ခင် ဆရာဇော်ဂျီတို့လက်ထက်ကတည်းက ကဗျာဆုက တစ်ဆု၊ ဝတ္ထုရှည်ဆုက တစ်ဆု၊ ပြဇာတ်ဆုက တစ်ဆု၊ ဝတ္ထုတိုဆုက တစ်ဆု ပေးလေ့ရှိပါတယ်။ များသောအားဖြင့် အခြားဆုတွေလည်း တစ်ဆုစီပေးပါတယ်။

သူတို့ခေါ်တဲ့ခေတ်ပေါ် ကဗျာ၊ မော်ဒန်ကဗျာနဲ့ပတ်သက်ပြီး မနှစ်ကစပြီးတော့ ဆွေးနွေးကြတယ်။ ဆရာတို့အရင်တုန်းက ဖတ်လေ့ရှိတဲ့ ဂန္ထဝင်ကဗျာ၊ ရှေးဟောင်းကဗျာတွေပေ့ါ။ ရေးပုံရေးနည်းကလည်း ကွာတယ်။ မော်ဒန်ကဗျာကျတော့ ကာရန်တို့ဘာတို့ သိပ်မရှိတော့ဘူး။ ဒါပေမယ့်လည်း မော်ဒန်ကဗျာလို့ခေါ်တဲ့ စာအုပ်တွေ ထွက်နေတာက ပိုများနေတယ်။ အဲဒါကို ဆရာတို့အဖွဲ့မှာ ဆွေးနွေးကြတယ်။ ဆွေးနွေးပြီး အဲဒီမော်ဒန်ကဗျာကိုလည်း ထည့်ပြီးစဉ်းစားပါ့မယ်။ ဂန္ထဝင်ကဗျာတင်မကပါဘူး။ အစောပိုင်းကတော့ ခေတ်ပေါ်ကဗျာကို လုံးဝမစဉ်းစားဘူး။ ပယ်လိုက်တာပဲ။ ရှေးကပုံစံစနစ်နဲ့ ဂန္ထဝင်စနစ်တွေနဲ့ စပ်ဆိုထားတဲ့ကဗျာတွေ၊ စာအုပ်တွေကိုပဲ စဉ်းစားတယ်ဆိုတော့ ထပ်ပြီးတော့ ဆွေးနွေးကြတဲ့အခါ ဆုတွေကျတော့ ဘယ်လိုစဉ်းစားမလဲဆိုတော့ ကဗျာဆုက တစ်ဆုတည်းပဲ၊ ဒါပေမယ့် အဲဒီဆုပေးတဲ့အခါကျရင် ဂန္ထဝင်ကဗျာမျိုးလည်း ဖြစ်နိုင်တယ်။ ရှေးဟောင်းကဗျာပုံစံနဲ့စပ်ထားတဲ့ ကဗျာမျိုးလည်း ဖြစ်နိုင်တယ်။ အခု မော်ဒန်ခေတ်ပေါ် ကဗျာမျိုးလည်း ဖြစ်နိုင်တယ်။ အဲဒီနှစ်မှာ အကောင်းဆုံးထွက်တဲ့ ကဗျာစာအုပ်ကို ဆရာတို့က ပေးမယ်။ သဘောကတော့ မော်ဒန်ကဗျာ၊ ခေတ်ပေါ်ကဗျာကို ဆရာတို့ မပယ်ဘူးဆိုတဲ့သဘော ဖြစ်သွားတာပေ့ါ။ အဲဒီလိုပေးလေ့ ရှိပါတယ်။

အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ ပထမအကြိမ်အစည်းအဝေးမှာ ပြည်ထောင်စုဝန်ကြီး တက်ပါတယ်။ အဲဒီနေ့မှာ ကျွန်တော်က ကျန်းမာရေးမကောင်းလို့ မတက်ဖြစ်ပါဘူး၊ အဲဒီနေ့မှာပဲ ကဗျာကို နှစ်ဆုပေးပါ၊ မော်ဒန်ကဗျာကို တစ်ဆု၊ ဂန္ထဝင်ကဗျာကို တစ်ဆုပေးပါဆိုပြီး ဆွေးနွေးကြတယ်။ အဲဒီနေ့မှာ မပြတ်ဘူး၊ မပြတ်တော့ ဝန်ကြီးက ပြောတယ်။ အစည်းအဝေးမှာမပြတ်ရင် အသင့်တော်ဆုံးကတော့ လျှို့ဝှက်ဆန္ဒမဲပေးပါ၊ စာပေဗိမာန်ကလည်း စီစဉ်ပေးပါမယ်။ တစ်ဆုပေးချင်လား၊ နှစ်ဆုပေးချင်လားဆိုတာကို ပုံစံလေးတွေနဲ့ အိမ်အရောက်ပို့ပေးပါတယ်။

အရင်တစ်ပတ်က နောက်တစ်ကြိမ်အစည်းအဝေးမှာ ဆန္ဒမဲပေးတဲ့ ကတ်ကလေးတွေကို ဖောက်ပြီး ဆန္ဒမဲပေးတယ်။ အများရှေ့မှာပဲ ရေတွက်တယ်။ မဲပေးတာက တော်တော်လေး ကွာပါတယ်။ ဆု တစ်ဆုပဲ ပေးမယ်ဆိုတဲ့ မဲအရေအတွက်က နှစ်ဆလောက်များနေတယ်။ ရေတွက်တဲ့အခါမှာ ဆုတစ်ဆုပဲပေးမယ်၊ အဲဒီဆုက ဂန္ထဝင်ကဗျာဆုဖြစ်နိုင်သလို ခေတ်ပေါ်ကဗျာလည်း ဖြစ်နိုင်တယ်၊ အများက အဲဒီလိုဆုံးဖြတ်တယ်။ ဆရာတို့က အဲဒီလိုမှတ်သားပြီး ဝန်ကြီးကိုလည်း အကြောင်းကြားပါတယ်။ ဝန်ကြီးက ဘာမှမစွက်ဖက်ပါဘူး၊ ဒီလိုပေးမယ်ဆိုလည်း ဒီလိုပဲရွေးချယ်ပါ။ ဒါပေမယ့်လည်း လောလောဆယ် စာစောင်တွေမှာ ဆရာ ဒီနေ့ဖတ်နေရတာတော့ မကျေနပ်တဲ့သူတွေ ရှိတယ်၊ သူတို့မဲပေးတုန်းက နှစ်ဆုပေးချင်ကြတယ်။ နှစ်ဆုပေးချင်တာကို ဆရာတို့က အရင်အစဉ်အလာအတိုင်း တစ်ဆုပဲထားမယ်ဆိုတော့ နာမည်ကြီးစာရေး ဆရာကြီးတွေပါပဲ၊ မကျေနပ်လို့ ဆရာတို့အဖွဲ့က ထွက်တယ်ပေ့ါ၊ နှစ်ယောက်လောက် ရှိပါတယ်၊ ဒါပေမယ့် လောလောဆယ် ဆရာတို့ကတော့ ဘာမှမှတ်ချက်မပေးနိုင်ဘူး၊ မလုပ်လည်း မလုပ်ပေးနိုင်ဘူး။ ဆရာတို့လုပ်ပိုင်ခွင့်မှာလည်း မရှိဘူး၊ ဝန်ကြီးလည်း ဒီကိစ္စမှာ ဝင်မစွက်ဖက်ပါဘူး။ ဆရာတို့ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ၆၅ ဦး အများစုရဲ့ သဘောထားအတိုင်းပဲလို့ လောလောဆယ် လက်ခံထားပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး အတွင်းရေးမှူးအဖွဲ့က သတင်းစာရှင်းလင်းပွဲ လုပ်ပါမယ်။

ကဗျာဆုနဲ့ပတ်သက်ပြီး ဆရာနည်းနည်းရှင်းပြချင်ပါတယ်။ ဆရာတို့ မရောက်ခင် ဆရာတို့ရဲ့ဆရာတွေဖြစ်တဲ့ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ ရှေးတုန်းက ဆရာကြီးတွေ လက်ထက်ကတည်းက ကဗျာဆုက တစ်ဆုပါပဲ။ ဂန္ထဝင်စာပေကို ရှေးက ကဗျာစပ်နည်းတွေအတိုင်း ရေးတဲ့ကဗျာတွေ ပေါင်းထားတဲ့စာအုပ်တွေကိုပဲ ပေးပါတယ်။ မော်ဒယ်ကဗျာလို့ခေါ်တဲ့ ကာရန်မဲ့ကဗျာကို ပယ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်အထိက အဲဒီအတိုင်းပါပဲ။ မော်ဒန်ကဗျာသမားတွေက အဆိုပြုလာပါတယ်။ သူတို့ရေးတဲ့ စာအုပ်တွေက အများကြီးထွက်ပါတယ်။ ဂန္ထဝင်ကဗျာထက်တောင် များနေပါတယ်။ အဲဒီတော့ သူတို့ကိုလည်း စဉ်းစားပေးပါဆိုပြီး အဆိုပြုကြပါတယ်။



**စည်သူဒေါက်တာ ဦးသော်ကောင်း**
**အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ**

ဆရာတို့လည်း ဆွေးနွေးကြတယ်။ ဒီဆုကို အရင်အတိုင်း တစ်ဆုပဲထားမယ်။ ဒါပေမယ့် ရွေးတဲ့အခါကျရင် မော်ဒန်ခေတ်ပေါ်ကဗျာကို မပယ်တော့ပါဘူး။ သူတို့ကိုလည်း ထည့်သွင်းစဉ်းစားပါမယ်။ ပြီးရင် အဲဒီနှစ်အတွက် ထွက်တဲ့အထဲမှာ ခေတ်ပေါ်ကဗျာက ပိုကောင်းတယ်ဆိုရင် ခေတ်ပေါ်ကဗျာက ဆုရမယ်၊ သူတို့ဘက်က မကောင်းဘူး၊ ဂန္ထဝင်ကဗျာဘက်က ကောင်းမယ်ဆိုရင် ဂန္ထဝင်ကဗျာစာအုပ်က ဆုရမယ်ဆိုပြီး ဆုံးဖြတ်ကြတယ်။ အဲဒီဆုကို တစ်ဆုတည်းပဲထားတာက အဓိကစာပေအမျိုးအစားတွေဖြစ်တဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်၊ အဲဒီဆုတွေအားလုံးက တစ်ဆုပဲရှိတယ်။ ကဗျာဆုကလည်း စာပေဗိမာန်စပြီးတည်ထောင်ကတည်းက၊ ဆုတွေစပေးကတည်းက တစ်ဆုတည်းပေးလေ့ရှိပါတယ်။ အဲဒါကို မပြောင်းချင်ပါဘူးဆိုပြီး ဆွေးနွေးကြတယ်။

အစည်းအဝေးမှာမပြတ်တော့ လျှို့ဝှက်မဲပေးကြတယ်၊ မဲပေးပြီးတော့ အများရှေ့မှာ ဖောက်တယ်၊ ဖောက်တော့လည်း နှစ်ဆနီးပါး ဆုကိုတစ်ဆုပဲ ထားပါ၊ အဲဒီဆုမှာတော့ ဂန္ထဝင်ကဗျာကိုလည်း စဉ်းစားပါ၊ မော်ဒန်ကဗျာကိုလည်း စဉ်းစားပါလို့ ဆုံးဖြတ်ကြတယ်။ အရင်အတိုင်းပါပဲ။ ဒါပေမယ့် နှစ်ဆုပေးချင်တဲ့သူတွေကလည်း ရှိတာပေ့ါ။ အဲဒီတော့ မကျေနပ်လို့ ဆရာတို့အဖွဲ့က ထွက်တယ်ဆိုတာလည်း အခုကြားနေရပါတယ်။

**မေး။ ။ ဆရာကြီးအနေနဲ့ ဘာများဖြည့်စွက်ပြောကြားချင်ပါလဲ။**

ဖြေ။ ။ ဆရာတို့ အခုနောက်ပိုင်းကတော့ လုပ်လို့ကိုင်လို့ ပိုပြီးလွတ်လပ်သွားတယ်ပေ့ါ။ ဆရာတို့စာပေသမားတွေ အချင်းချင်းပဲ ဆွေးနွေးကြတယ်။ အတည်ပြုတယ်၊ အတည်ပြုပြီး စာရင်းလုပ်ပြီးမှ နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနကို တင်ရတယ်။ ဟိုကလည်း ဘာမှဝင်စွက်ဖက်တာ မရှိပါဘူး၊ ဆရာတို့တင်တဲ့အတိုင်းပါပဲ။ ဆုငွေလည်း နည်းနည်းထပ်တိုးဖို့ တင်ထားပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ဘတ်ဂျက်အရ ကြည့်ပြီး ချပေးမှာပါ။

ခေတ်ပြောင်းသွားတယ်၊ အဖွဲ့ကလည်း ခေတ်အလိုက်ပြောင်းနေတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ဝန်ထမ်းတွေ မပါရတော့ဘူး၊ ဆရာကတော့ ဒါကောင်းတဲ့ လမ်းကြောင်းကို သွားနေတယ်လို့ မြင်ပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက လျှို့ဝှက်မဲပေးတာ၊ ဆွေးနွေးတာတွေကျတော့ အားလုံး ၆၅ ဦးလုံး သဘောတူဖို့ကတော့ ခဲယဉ်းပါတယ်။ အများစုရဲ့သဘောကိုတော့ လိုက်နာဖို့လိုတယ်။ အဲဒီတော့မှပဲ အလုပ်လုပ်လို့ရပါမယ်။ ဒီနှစ်ဆိုရင် ကဗျာဆု နှစ်ဆုပေးချင်တဲ့သူတွေက မဲပေးတဲ့အခါမှာ သူတို့ မဲအသာမရဘူး၊ နည်းသွားတယ်ဆိုတော့ မကျေနပ်ကြဘူး၊ အဲဒီလိုကတော့ ဆရာ့အမြင်အရ ပြောရရင် သိပ်မကောင်းပါဘူး၊ အများဆန္ဒကိုပဲ လူနည်းစုက လိုက်နာရမယ်လို့ ဆရာထင်ပါတယ်။ အဲဒီတော့မှပဲ လုပ်ရကိုင်ရတာ အဆင်ပြေမှာပါ။

**တွေ့ဆုံမေးမြန်း- ဝင်းဝင်းမော်၊ နန္ဒာဝင်း၊ ဓာတ်ပုံ- ဇော်မင်းလတ်**

---

*❍ ကျောဖုံးမှ*

ကွင်းအတွင်း ကြီးကြပ်ခဲ့ပြီး ၎င်း၏နည်းဗျူဟာနှင့် အပြောင်းအလဲများကာ အနိုင်ရရန် အဓိကကျခဲ့သည်။ ရတနာပုံအသင်းမှာမူ ပြိုင်ပွဲမှ စောစီးစွာ ထွက်ခဲ့ရပြီး အမှတ်ပေးပြိုင်ပွဲကိုသာ အာရုံစိုက်ကစားရတော့မည်ဖြစ်သည်။

**အချိန်ပိုဆက်လက်ယှဉ်ပြိုင်**

နှစ်သင်းစလုံး ရှုံးထွက်ပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပစ်မှတ်ထားနေသောကြောင့် လူစုံအသုံးပြုခဲ့ပြီး ပထမပိုင်းတွင် စစ်ကိုင်းအသင်းက ပိုဖိကစားနိုင်ခဲ့သည်။ စစ်ကိုင်းအသင်းသည် ဘမ်ဘာ၊ ဖရိုင်းဒေးတို့၏ တိုးအားဖြင့် အဓိကထိုးဖောက်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ရတနာပုံအသင်းသည် ပုံစံကောင်းရနေသည့် ကစားသမားများဖြင့် ပွဲထွက်ခဲ့သော်လည်း အဓိကတိုက်စစ်မှူး ဝင်းနိုင်စိုးနှင့် ကွင်းလယ်ကစားသမားများ ချိတ်ဆက်ရာတွင် အမှားများခဲ့သောကြောင့် ထိရောက်သည့် ဂိုးသွင်းခွင့် မရခဲ့ပေ။ ဒုတိယပိုင်းတွင် စစ်ကိုင်းအသင်း တိုက်စစ်အားမြှင့်လာပြီး ၅၂ မိနစ်တွင် ပြည့်စုံအောင်ကန်တင်ပေးသည့် ထောင့်ကန်ဘောကို ရတနာပုံမှ ဝင်းနိုင်စိုးဖျက်သော်လည်း ခြေချော်ပြီး ဂိုးဝင်သွား၍ စစ်ကိုင်းအသင်းဂိုးစရခဲ့သည်။ ဂိုးသွင်းသည့် ပြည့်စုံအောင်သည် အကျီလှန်ပြီး အောင်ပွဲခံခဲ့သောကြောင့် ဒုတိယမြောက် အဝါထိကာ ထုတ်ပယ်ခံရပြီး စစ်ကိုင်းအသင်းတစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ရတနာပုံအသင်းသည် ချေပဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၆၉ မိနစ်တွင် ပင်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပင်နယ်တီကို ရှိုင်းသူရ ကန်သွင်းရာ စစ်ကိုင်းဂိုးသမား အေဇင်မှူး ကာကွယ်နိုင်သော်လည်း သိန်းသန်းဝင်းက ပိတ်သွင်းယူခဲ့၍ ရတနာပုံအသင်း ချေပဂိုးပြန်ရခဲ့သည်။ ရတနာပုံအသင်းသည် တစ်ယောက်အသာရနေသော်လည်း ဂိုးထပ်ရအောင် မသွင်းနိုင်၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။

**ယှဉ်ပြိုင်ရမည်**

အချိန်ပိုအစ ၅ မိနစ်တွင် စစ်ကိုင်းအသင်း ဂိုးထပ်ရခဲ့ပြီး သီဟဇော်က သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် လက်ကျန်မိနစ်များတွင် ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း စစ်ကိုင်းအသင်းက စနစ်တကျပိတ်ဆို့ကစားခဲ့ပြီး အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီအသင်းက ဇွဲကပင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအတွက် ဂိုးများကို ဂျိုးဇက်က သုံးဂိုး၊ ပိုင်မိုးဝေက တစ်ဂိုးသွင်းခဲ့ပြီး ဇွဲကပင်အတွက် ချေပဂိုးတစ်ဂိုးကို ဖွန်ဆီကာက သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်က Mountain Lion အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ ရခိုင်အတွက် ဂိုးများကို မက်သရူးက နှစ်ဂိုး၊ ကလစ်ဖို့ဒ်က တစ်ဂိုးသွင်းယူခဲ့သည်။ ကွာတားဖိုင်နယ်ပွဲများအဖြစ် ရန်ကုန်နှင့် GFA၊ ရောဝတီနှင့်မကွေး၊ စစ်ကိုင်းနှင့် ဟံသာဝတီ၊ ရခိုင်နှင့် ရှမ်းယူနိုက်တက်တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ- စိုးညွန့်**

---

## စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရကျောင်းသားဟောင်းများအသင်း စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၆**

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရကျောင်းသားဟောင်းများအသင်း ရန်ကုန်ရုံးခွဲက စီစဉ်သည့် စကားဝိုင်းဆွေးနွေးပွဲကို "သူ့အမြင် ကိုယ့်အမြင် တောင်သူပညာပေး အစီအစဉ်" ခေါင်းစဉ်ဖြင့် ဇွန် ၉ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ကြို့ကုန်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ဦးဇော်လင်း(ဒုတိယတိုင်းဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)၊ ဦးသန်းဌေး (M. Sc. Agri Extension, USA)၊ ဦးမြင့်ဆွေ (ကိုရဲ-စိုက်ပျိုးရေး)၊ ဦးဌေးနိုင် (Livelihood Coordinator, Pact Myanmar)၊ ဒေါ်ဇာဇာဝင်း (Extensionist, Yara Myanmar)၊ ဒေါ်ရင်ရင်ဖြူ (Green Way Agri Mobile App)တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၇ -၆- ၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၅)
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနံ့"(အပိုင်း-၂၉)
၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၄) (နေပြည်တော်) (ဒုတိယပိုင်း)

**ညပိုင်း**

၁၆း၅၀ - "အနာဂတ်အလင်းရောင် MSMES မှဖော်ဆောင်"
၁၇း၃၅ - လှုမှုစီးပွားမြင်ကွင်းများ
၁၈း၂၀ - "World Environment Day"(Video Clip)
၁၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **"ကြမ္မာနံ့"** (အပိုင်း-၃၀) (ဇာတ်သိမ်းပိုင်း) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
၂၀း၀၀ - ပြည်တွင်းသတင်း
၂၀း၃၅ - မြန်မာ့သစ်တောနှင့် RED D+
- America's Got Talent
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၄) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ အကယ်ဒမီ- စိုးသူ)

# လက်ရွေးစင်အမျိုးသမီးအသင်းများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ တွေ့ဆုံအားပေး

ရန်ကုန် ဇွန် ၆

**ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ ယူ-၁၉ နှင့် ယူ-၁၆ အမျိုးသမီးအသင်းတို့အား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ယနေ့နံနက်ပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်းသို့ သွားရောက်တွေ့ဆုံ အားပေးခဲ့သည်။**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇူလိုင်လတွင် အာဆီယံ အမျိုးသမီးပြိုင်ပွဲ၊ ယူ-၁၉ အသင်းသည် အောက်တိုဘာလတွင် အာရှ ယူ-၁၉ ခြေစစ်ပွဲ၊ ယူ-၁၆ အသင်းသည် စက်တင်ဘာလတွင် အာရှ ယူ-၁၆ ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။ ယင်းအသင်းများအားလုံးကို ပြည်တွင်းနည်းပြများက ကိုင်တွယ်နေပြီး လက်ရွေးစင်အသင်းကို ဦးဝင်းသူမိုး၊ ယူ-၁၉ အသင်းကို ဒေါ်သက်သက်ဝင်း၊ ယူ-၁၆ အသင်းကို ဒေါ်စန်းစန်းသိန်းတို့က တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကစားသမားများနှင့် တွေ့ဆုံရာတွင် "မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ သက်တမ်းလိုက် အသင်းတွေအနေနဲ့ ဒီနှစ်ထဲမှာ အာဆီယံ၊ အာရှပြိုင်ပွဲတွေ ယှဉ်ပြိုင်ဖို့ရှိပါတယ်၊ ယှဉ်ပြိုင်ကြတဲ့အသင်းတွေအနေနဲ့ ပြိုင်ပွဲမှာအနိုင်ရရှိရင် မြန်မာ့အမျိုးသမီး ဘောလုံးအဆင့်အတန်း၊ နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မှာဖြစ်လို့




အခုထက်ပိုပြီး အဆပေါင်းများစွာ ကြိုးစားအားထုတ်ဖို့ လိုပါတယ်၊ ဘောလုံးမှာ ပုဂ္ဂိုလ်ရေးတွေကိုမေ့ပြီး အသင်းအောင်မြင်ဖို့အတွက်ကိုပဲ အာရုံအပြည့်အဝစိုက်ဖို့ တိုက်တွန်းချင်ပါတယ်၊ နိုင်ငံအတွက် စဉ်းစားမယ်ဆိုရင် တစ်ဦးတစ်ယောက်ရဲ့ ဆန္ဒတွေဟာ သေးသေးလေး ဖြစ်သွားမှာပါ၊ မြန်မာအမျိုးသမီးအသင်းတွေ အာဆီယံနဲ့ အာရှအဆင့် ပြိုင်ပွဲတွေမှာ အောင်မြင်မှုရတာ မြင်ချင်ပါတယ်၊ ဒါကြောင့် ကစားသမား၊ နည်းပြနဲ့ တာဝန်ရှိသူတွေအားလုံး ကြိုးစားပေးစေချင်ပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

# ပုသိမ်မြို့၌ ရေတွင်းပျက်အတွင်းသို့ လူတစ်ဦး ပြုတ်ကျသေဆုံး

**ပုသိမ် ဇွန် ၆**

ပုသိမ်မြို့ အမှတ် ၈ နယ်မြေ မဟာဗောဓိလမ်း မဟာဗောဓိဘုန်းကြီးကျောင်းဝင်းခြံစည်းရိုးအနီးရှိ ရေတွင်း နှုတ်ခမ်းပျက်အတွင်း၌ ဇွန် ၅ ရက် နံနက် ၈ နာရီခန့်က လူတစ်ဦးသေဆုံးနေသည်ကို သီလရှင်တစ်ပါးက တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးနေသူမှာ အမှတ် ၇ နယ်မြေမှ ကိုသန်းထွန်းဖြစ်ပြီး လွန်ခဲ့သော သုံးရက်ခန့်က နှုတ်ခမ်းပဲ့ဖြစ်နေသော ရေတွင်းပျက်ထဲ ပြုတ်ကျသေဆုံးခြင်းဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် သိရှိရန် သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# သိန်းနီမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၆**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၄ ရက် ညနေ ၆ နာရီက သိန်းနီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ သန့်ဇင်အောင်(ခ)အားချန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် စိုးမင်းနောင်(ခ)အားယုံ မောင်းနှင်ပြီး ဝင်းမင်းနောင်(ခ)အားတုံ လိုက်ပါလာသည့် ဆိုင်ကယ်နှစ်စီးတို့ကို ရှာဖွေရာ သန့်ဇင်အောင်(ခ)အားချန်၏ ဆိုင်ကယ်မှ ဘိန်းဖြူဆပ်ပြာခွက် ခြောက်ခွက် (ဘိန်းဖြူအလေးချိန် ၆၆ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၅ ပြား၊ ငွေကျပ် ၁၈၉၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးကို လည်းကောင်း၊ စိုးမင်းနောင်(ခ)အားယုံထံမှ ငွေကျပ် ၁၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ ဝင်းမင်းနောင်(ခ)အားတုံ ထံမှ ငွေကျပ် ၁၃၅၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း သိမ်းဆည်းရမိသည်။

ကွင်းဆက်အရ ဇွန် ၅ ရက်က သိန်းနီမြို့နယ် စယ်အူကျေးရွာအုပ်စု နမ့်စလီးကျေးရွာနေ ဝမ်ရှင်းဖွာ (ခ)ရှင်းဟွာအား ငွေကျပ် ၄၀၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့်အတူ နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ယာဉ်မောင်းလိုင်စင်အတု ကိုင်ဆောင်ထားသူများ သက်ဆိုင်ရာသို့ လာရောက်အပ်နှံကြရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်အသုံးပြုနေပါက ဥပဒေအရ အရေးယူသွားမည်

ရန်ကုန် ဇွန် ၆

**ယာဉ်မောင်းလိုင်စင်အတုများ ပေါ်ပေါက်နေမှုနှင့်ပတ်သက်၍ ယာဉ်မောင်းလိုင်စင်အတု ကိုင်ဆောင်ထားသူများ သက်ဆိုင်ရာသို့ လာရောက်အပ်နှံကြရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်အသုံးပြုနေမှုများကို စစ်ဆေးတွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလျှန်ကျင့်မန်က ပြောကြားသည်။**



**တရားဝင်လိုင်စင်ရရှိရေး**

ညွှန်ကြားရေးမှူး ဦးလျှန်ကျင့်မန်က "အခုဆိုရင် ယာဉ်မောင်းလိုင်စင်အတုပြုလုပ်တဲ့သူတွေကို ဖော်ထုတ်ပြီး ဥပဒေအရ အရေးယူဆောင်ရွက်မှုတွေ လုပ်ထားပါတယ်၊ ယာဉ်မောင်းလိုင်စင်အတုတွေလည်း ပျံ့နှံ့နေပါပြီ၊ အဲဒါတွေနဲ့ပတ်သက်ပြီး လုပ်လိုင်စင်အတု ကိုင်ဆောင်ထားတဲ့ လူတွေအနေနဲ့ သက်ဆိုင်ရာ ကညနရုံးတွေမှာ လိုင်စင်ကို ပြန်အပ်ဖို့လိုပါတယ်၊ လာရောက်အပ်နှံမှုမရှိဘဲ လမ်းမှာစစ်ဆေးတဲ့အခါမှာ တွေ့ရှိခဲ့ရင်တော့ ဥပဒေအရ အရေးယူသွားမှာဖြစ်ပါတယ်၊ မိမိအသိနဲ့ လာရောက်အပ်နှံတဲ့သူတွေကိုတော့ အရေးမယူပါဘူး၊ တရားဝင်လိုင်စင်ရရှိဖို့ အတွက်ကိုလည်း ကျွန်တော်တို့ဘက်က အကူအညီတွေပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပသည့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်ဖြန့်ဝေမှု၊ ဖမ်းဆီးရမိမှုအခြေအနေတို့နှင့် ပတ်သက်၍ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ **(အပေါ်ပုံ)**တွင် ၎င်းကအထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ယာဉ်မောင်းလိုင်စင်အတု ကိုင်ထားတဲ့သူတွေအနေနဲ့ ကျွန်တော်တို့ရုံးမှာ လာရောက်စစ်ဆေးပါ၊ ကျွန်တော်တို့အနေနဲ့ အတုအစစ် ခွဲခြားပေးပါမယ်၊ ယာဉ်မောင်းလိုင်စင်တစ်ခု ထုတ်မယ်ဆိုရင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို သိဖို့လိုပါမယ်၊ ကိုယ်တိုင်မောင်းတတ်ဖို့လည်း လိုအပ်ပါတယ်၊ အဲဒါတွေ ကျွမ်းကျင်နေရင်တော့ သင်မောင်းလုပ်ပြီး သုံးလစောင့်ပြီးဖြေမယ်ဆိုရင် လွယ်လွယ်ကူကူရမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့လည်း မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဦးလျှန်ကျင့်မန်က ပြောကြားသည်။

**အတုနှင့်အစစ် ခွဲနိုင်**

ယာဉ်မောင်းလိုင်စင်အတုများ ပျံ့နှံ့နေမှုနှင့် ပတ်သက်၍ စစ်ဆေးမှုများ ပြုလုပ်သွားမည့်အပေါ် ဦးလျှန်ကျင့်မန်က "စစ်ဆေးရေးပိုင်းမှာ ပြန်ပြီးတင်းကျပ်သွားဖို့ရှိပါတယ်၊ အတုနဲ့အစစ် ခွဲနိုင်တဲ့အချက်တွေ အများကြီးရှိတယ်၊ အစစ်နဲ့တော့မတူဘူး၊ အခု အတုက မီးထိုးခံတဲ့အဆင့်တော့ရှိတယ်၊ အဓိက ကျွန်တော်တို့ Chip ပြားတွေ ထည့်ထားတယ်၊ ဒါပေမယ့် သူတို့ထဲမှာ Chip ပါတယ်၊ သူတို့Chip ထဲမှာ ဘာမှမထည့်နိုင်သေးဘူး၊ Chip ထဲမှာ Data ကို သူတို့ မထည့်နိုင်သေးဘူး၊ ဒီထဲမှာ ထည့်တာကိုလည်း ကျွန်တော်တို့ ပြောင်းပါမယ်၊ Chip အထဲမှာ ထည့်ထားတဲ့ဟာတွေကိုလည်း ပြောင်းမယ်၊ ယာဉ်ထိန်းတပ်ဖွဲ့ကို ရှင်းပြထားပါတယ်"ဟု ပြောသည်။

ပြီးခဲ့သည့်လပိုင်းက လူမှုကွန်ရက်စာမျက်နှာ ဖေ့ဘွတ်ခ်၌ ဝေယံအကောင့်တွင် ယာဉ်မောင်းလိုင်စင် လွယ်လွယ်လုပ်ပေးနိုင်သည့် အကြောင်းတို့နှင့်ပတ်သက်ပြီး အင်္ဂလိပ်နှင့် တရုတ်နှစ်ဘာသာနှင့် ကြေညာထားကြောင်း၊ ထိုသို့ကြေညာထားမှုအပေါ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်အတူ မေ ၂၅ ရက်ကစတင်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာ ကျူးလွန်သူများကို ဇွန် ၁ ရက်မှစတင်ကာ သက်သေခံပစ္စည်းများနှင့်တကွ ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ကွင်းဆက်ဖော်ထုတ်ချက်များအရ ဝေယံအကောင့်ပိုင်ရှင်အား သထုံမြို့နယ်တွင်လည်းကောင်း၊ ကျန်ရှိသည့် ပါဝင်ပတ်သက်သူငါးဦးအား သဃ်န်းကျွန်း၊ လှိုင်သာယာတို့တွင်လည်းကောင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်ရန် စမတ်ကတ်လိုင်စင် အသစ်ပြုလုပ်သော စက်သုံးလုံး၊ ယာဉ်မောင်းလိုင်စင် ပြုလုပ်ရာတွင် အသုံးပြုသည့် လက်တော့ပ်ခြောက်လုံး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကာလာပရင်တာ သုံးလုံး၊ ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်မည့် စမတ်ကတ် ၂၁၀၀ ခု၊ ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်ပြီး စမတ်ကတ် အခု ၅၀၀၊ ယာဉ်မောင်းလိုင်စင် စမတ်ကတ် အတုအပျက် အခု ၁၅၀ ကျော်၊ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်အတု ၁၀ ခု၊ ဖောင်းကြွယာဉ်နံပါတ်ပြားများ၊ ယာဉ်၏မှန်ပေါ်တွင် ကပ်သည့် စတစ်ကာအတုများနှင့် လိုင်စင်မဲ့ယာဉ် နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**အမျိုးသမီးတစ်ဦး လွတ်မြောက်နေ**

အလားတူ သတင်းအရ ဇွန် ၅ ရက်တွင် ကျောက်တံတား၊ တောင်ဥက္ကလာ၊ သဃ်န်းကျွန်းမြို့နယ်တို့မှ ယာဉ်မောင်းလိုင်စင်အတုပြုလုပ်သူ လေးဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး ယင်းအမှုနှင့်ပတ်သက်၍ အမျိုးသမီးတစ်ဦးမှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်သူများကို ယခင်ကလည်း ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ဖူးသော်လည်း ယခု ဖော်ထုတ်ဖမ်းဆီး အရေးယူမှုသည် အကြီးဆုံးဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဖြစ်စဉ်များတွင် မိမိတို့ဌာနမှ ဝန်ထမ်းများ ပါဝင်ပတ်သက်မှုမရှိကြောင်း၊ ယခု ဖမ်းဆီးရမိသည့် သက်သေခံပစ္စည်းများနှင့် ပြေစာများအရ ယာဉ်မောင်းလိုင်စင် အတုများကို နိုင်ငံတစ်ဝန်း ဖြန့်ထားသည့်အခြေအနေကို သိရှိရကြောင်း၊ လိုင်စင်အတုများအား ပြန်လည်သိမ်းဆည်းနိုင်ရန်မှာ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုလည်း အရေးကြီးကြောင်း ညွှန်ကြားရေးမှူး ဦးလျှန်ကျင့်မန်က မီဒီယာများအား ရှင်းလင်းပြောကြားသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ဧပြီလကုန်အထိ ယာဉ်မောင်းလိုင်စင်စာရင်းများအရ (က)၊(ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (ဌ)လိုင်စင် လိုင်စင်အားလုံး အပါအဝင် စုစုပေါင်း ယာဉ်မောင်းလိုင်စင် ၇၇၀၀၀၀ ကျော်ရှိပြီး ဧပြီလကုန်အထိ မှတ်ပုံတင်ထားသော မော်တော်ယာဉ်အစီးရေ ငါးသိန်းကျော်နှင့် မော်တော်ဆိုင်ကယ်အစီးရေ သုံးသိန်းကျော် ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**




**သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရမိခဲ့သည့် ယာဉ်မောင်းလိုင်စင်အတုများ။**

# အမေရိကန်-မြောက်ကိုရီးယားထိပ်သီးအစည်းအဝေး၌ မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့၏ ကုန်ကျစရိတ် အမေရိကန်တာဝန်မယူ




**ဝါရှင်တန် ဇွန် ၆**

စင်ကာပူ၌ ဇွန် ၁၂ ရက်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့်တွေ့ဆုံမည့် ထိပ်သီးအစည်းအဝေး အောင်အောင်မြင်မြင်ဖြစ်စေချင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။

ပထမဆုံးအကြိမ်ပြုလုပ်မည့် သမိုင်းဝင် အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏ ထိပ်သီးအစည်းအဝေးတွင် နှစ်နိုင်ငံဆက်ဆံရေးကို တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုများမှာလည်း ချောချောမွေ့မွေ့ဆောင်ရွက်လျက်ရှိကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အိမ်ဖြူတော်၌ သတင်းထောက်များကို ပြောခဲ့သည်။

"ဘာတွေဆက်ဖြစ်မလဲဆိုတာကို ကျွန်တော်တို့သိပါတယ်၊ အခုရက်ပိုင်းဟာ အလွန်အရေးကြီးတဲ့ ရက်တွေဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောခဲ့သည်။

ထိပ်သီးအစည်းအဝေးကို ဆန်တိုဆာကျွန်း ကက်ပီလာဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း အစောပိုင်းတွင် အိမ်ဖြူတော်က ကြေညာခဲ့သည်။ ဆန်တိုဆာသည် လုံခြုံရေးစိတ်ချရသောနေရာဖြစ်ကြောင်း သိရသည်။ လတ်တလောတွင် ခေါင်းဆောင်နှစ်ဦး မည်သည့်နေရာတွင် တည်းခိုနေထိုင်မလဲဆိုသည်ကို ဦးစားပေးစဉ်းစားနေကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာနော့ရက်က မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့၏ အစည်းအဝေးနှင့်ပတ်သက်ပြီး နေထိုင်စားသောက်စရိတ်နှင့် ဆက်စပ်အသုံးစရိတ်များကို အမေရိကန်အစိုးရက ကျခံပေးမည်မဟုတ်ကြောင်း ပြောခဲ့သည်။ နိုင်ငံခြားငွေကြေးလည်ပတ်မှု ပြတ်လပ်နေချိန်တွင် မြောက်ကိုရီးယားကိုယ်စားလှယ်များအနေဖြင့် နေထိုင်စားသောက်စရိတ်မြင့်မားမှုကို မည်သို့မည်ပုံဆောင်ရွက်မည်ကို ဆက်လက်စောင့်ကြည့်နေကြောင်း သိရသည်။ ယင်းထိပ်သီးအစည်းအဝေးပွဲသို့ တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းတက်ရောက်ရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းရာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူဟီသာနော့ရက်က လက်ရှိအချိန်အထိ ယင်းအစည်းအဝေးပွဲသို့ တောင်ကိုရီးယားသမ္မတတက်ရောက်ရန် အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌအဖြစ် အီကွေဒေါ နိုင်ငံတကာရေးရာဝန်ကြီး ဂရေ့စ်ရွေးချယ်ခံရ

**ဂျိနီဗာ ဇွန် ၆**

အီကွေဒေါနိုင်ငံမှ နိုင်ငံတကာရေးရာဝန်ကြီးတစ်ဦးဖြစ်သူ မစ္စဖာနန်ဒါ အက်စ်ပီနိုစာ ဂရေ့စ်ကို ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဥက္ကဋ္ဌအဖြစ် အင်္ဂါနေ့က ရွေးချယ်ခဲ့ကြောင်း သိရသည်။ အဖွဲ့ဝင် ၁၉၃ နိုင်ငံပါဝင်သော ကုလသမဂ္ဂအထွေထွေညီလာခံသည် မူဝါဒချမှတ်မှုအပိုင်းတွင် အဆင့်အမြင့်ဆုံး အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ယင်းကဲ့သို့ အရေးပါသောနေရာတွင် အမျိုးသမီးတစ်ဦးကို ခန့်အပ်ခြင်းမှာ ကုလသမဂ္ဂသမိုင်းတွင် စတုတ္ထအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

ဂရေ့စ်သည် ဟွန်ဒူးရပ်စ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်း ကိုယ်စားလှယ် မာရီအယ်လိဇဘက်ကို မဲအသာဖြင့် အနိုင်ရပြီး ဥက္ကဋ္ဌရာထူးကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဂရေ့စ်သည် စက်တင်ဘာလအတွင်းကျင်းပမည့် (၇၃) ကြိမ်မြောက် အထွေထွေညီလာခံတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။ ရာထူးသက်တမ်းမှာ တစ်နှစ်ဖြစ်သည်။ ပိုမိုအရည်အချင်းပြည့်ဝပြီး အင်အားတောင့်တင်းခိုင်မာသော အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာစေရေးမှာ စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ကြောင်း ဂရေ့စ်က မဲခွဲဆုံးဖြတ်မှုအပြီး ပြောကြားခဲ့သည်။ နျူကလီးယား လက်နက်ဖျက်သိမ်းရေးမှာ မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း ပြောခဲ့သည်။




ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဂရေ့စ် အထွေထွေညီလာခံဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရခြင်းအတွက် ဂုဏ်ယူကြောင်း၊ ကုလသမဂ္ဂတွင် ယခုကဲ့သို့ အမျိုးသမီးတစ်ဦးကို အထွေထွေညီလာခံဥက္ကဋ္ဌအဖြစ်ရွေးချယ်မခံရသည်မှာ ဆယ်စုနှစ်တစ်ခုစာမျှ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီးယူအဖွဲ့အတွင်း ဒုက္ခသည်မူဝါဒနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲရန် ရှုန်းကန်နေရ

**ဘရပ်ဆဲလ် ဇွန် ၆**

ဥရောပသမဂ္ဂအဖွဲ့ကြီးသည် ဒုက္ခသည်လက်ခံရေးမူဝါဒနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ရုန်းကန်နေရသည်။ လူဇင်ဘတ်၌ အင်္ဂါနေ့ကပြုလုပ် သော ဥရောပသမဂ္ဂအဖွဲ့ကြီး၏ ပြည်ထဲရေးဝန်ကြီးများအစည်းအဝေးတွင် နိုင်ငံအများက လက်ရှောင်နေကြသော ဒုက္ခသည်လက်ခံရေးမူဝါဒနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ဥရောပသို့ဝင်ရောက်ရန် ကြိုးပမ်းကြသော ဒုက္ခသည်များမှာ အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှ အများဆုံးဖြစ်သည်။ လတ်တလောအစီအစဉ်အရ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့နိုင်ငံများသို့ ပထမဦးဆုံးရောက်ရှိနေသော ဒုက္ခသည်များ၏ ခိုလှုံခွင့်တောင်းခံမှုကို လက်ခံနေရသည်။

အီတလီနှင့် ဂရိနိုင်ငံတို့မှာဒုက္ခသည်များ ဝင်ရောက်ရာလမ်းကြောင်းသဖွယ်ဖြစ်နေပြီး ၎င်းတို့တတ်နိုင်သည့် ဝန်နှင့်မမျှအောင် ဒုက္ခသည်များလက်ခံပေးနေရသည့်အတွက် ယင်းအစီအစဉ်ကို ပြုပြင်ပြောင်းလဲပေးရန် တောင်းဆိုနေကြသည်။

ပိုလန်နှင့် ဟန်ဂေရီကဲ့သို့သော ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းနိုင်ငံများသည် ရွှေ့ပြောင်းအခြေချနေထိုင်မည့် ဒုက္ခသည်အရေအတွက်ကိုလက်ခံရန် ငြင်းဆန်ကြသည်။ ဥရောပကော်မရှင်က ယခုလနှောင်းပိုင်းတွင်ကျင်းပမည့် အီးယူထိပ်သီးအစည်းအဝေးတွင် စည်းမျဉ်းများနှင့်ပတ်သက်၍ ဆွေးနွေးလိုကြောင်း၊ ထင်မြင်ယူဆချက်များမှာ မူကွဲလွဲမှုများရှိနိုင်ကြောင်းပြောသည်။ အီတလီအစိုးရသစ်ကမူ ဒုက္ခသည်လက်ခံရေးမူဝါဒနှင့်ပတ်သက်၍ တင်းကျပ်မှုများပြုလုပ်မည်ဟု ကြေညာထားသည်။

**အင်န်အိတ်ချ်ကေ**

# အီးယူအဖွဲ့အနေဖြင့် ရုရှားအပေါ်ပိတ်ဆို့မှုများ ဖျက်သိမ်းသင့်ကြောင်း ပူတင်ပြော

**ဗီယင်နာ ဇွန် ၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အင်္ဂါနေ့က ဩစတြီးယားနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အနောက်နိုင်ငံများက ပြုလုပ်ထားသော ရုရှားနိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့ အရေးယူမှုများသည် အနောက်နိုင်ငံများကိုပင် အထိနာစေကြောင်း အခုအခါ ယင်းပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးသင့်ကြောင်း ပြောကြားခဲ့သည်။

ဩစတြီးယားနိုင်ငံသို့ လာရောက်လည်ပတ်စဉ်အတွင်း မစ္စတာပူတင်သည် ဩစတြီးယားသမ္မတ အလက်ဇန်းဒါး ဗန်ဒါ ဘယ်လန်နှင့်တွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။



သတင်းစာ ရှင်းလင်းပွဲတွင် ရုရှားနိုင်ငံအပေါ် ပြုလုပ်ထားသော ပိတ်ဆို့မှုများကြောင့် နိုင်ငံအတော်များများကို အထိနာစေကြောင်း၊ အထူးသဖြင့် ပိတ်ဆို့မှုပြုလုပ်ထားသော နိုင်ငံများကိုပို၍ အထိနာစေကြောင်း၊ ရုရှားနိုင်ငံကမူ ပိတ်ဆို့ခံထားရမှု ကြောင့် ပေါ်ပေါက်လာ သည့် အခက်အခဲများကို ကျော်လွှားရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်ကြောင်း ပြောခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် အခြားသော အနောက်နိုင်ငံများ သည် ခရိုင်းမီးယားအရေးနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်မှ စတင်ကာ ရုရှားအပေါ် ပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ မိုင်းတွင်းတစ်ခုပေါက်ကွဲခဲ့ရာ ၁၁ ဦးသေဆုံး

**ပေကျင်း ဇွန် ၆**

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ မိုင်းတွင်းတစ်ခုပေါက်ကွဲပြီး ပြိုကျခဲ့ရာ ကယ်ဆယ်ရေးသမားများက မိုင်းတွင်းအတွင်း ပိတ်မိနေသော မိုင်းတွင်းလုပ်သား ၂၃ ဦးအား ကယ်တင်နိုင်ခဲ့သော်လည်း ၁၁ ဦး သေဆုံးခဲ့ပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း နိုင်ငံပိုင် သတင်းမီဒီယာတစ်ခုတွင် ဇွန် ၆ ရက်က ဖော်ပြခဲ့သည်။

ဇွန် ၅ ရက်က မိုင်းတွင်းပေါက်ကွဲမှုမှာ မိုင်းတွင်းအလုပ်သမားကိုးဦး ဒဏ်ရာရရှိကြောင်း သိရသည်။

အဆိုပါမိုင်းတွင်းကို လျောင်နင်းပြည်နယ် ဘန်ဇီရှိ တရုတ်အမျိုးသားကျောက်မီးသွေးကုမ္ပဏီအုပ်စု၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော ဟွာမေအုပ်စုမှ ပိုင်ဆိုင်ခြင်းဖြစ်သည်။ မိုင်းတွင်းအလုပ်သမားများ မိုင်းတွင်းတူးနေစဉ်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းအရသိရသည်။ သက်ဆိုင်ရာအာဏာပိုင်များက ပျောက်ဆုံးနေသော မိုင်းတွင်းအလုပ်သမားနှစ်ဦးကို ဆက်လက် ရှာဖွေလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်၏ဇနီးစစ်မေးခံနေရ

**ကွာလာလမ်ပူ ဇွန် ၆**

မလေးရှားနိုင်ငံတွင် ဝန်ကြီးချုပ်ဟောင်း နာဂျစ်၏ ဇနီးဖြစ်သူ ရော့စ်မာမန်ဆာကို လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးအေဂျင်စီက စစ်မေးလျက်ရှိကြောင်း သိရသည်။ အင်္ဂါနေ့တွင် ရော့စ်မာကို လုံခြုံရေးယာဉ်တန်းများဖြင့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသို့ ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း နာဂျစ်လက်ထက်တွင် နိုင်ငံတော်ရန်ပုံငွေထဲမှာ ဒေါ်လာ ဘီလီယံနှင့်ချီကာ ပျောက်ဆုံးနေမှုကို စုံစမ်းစစ်ဆေးသူများက ရှာဖွေ စစ်ဆေးနေကြခြင်းပင်ဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်းနာဂျစ်၏ဇနီးဖြစ်သူမှာ ယခင်ကတည်းက သူ၏အသုံးဖြုန်းကြီးလွန်းသောလူနေမှု ပုံစံကြောင့် အများ၏ဝေဖန်မှုကို ခံနေရသူလည်းဖြစ်သည်။

၎င်းသည် ဒီဇိုင်နာများက ထုတ်လုပ်သော နာမည်ကြီး၊ တန်ဖိုးကြီး အိတ်များ ဝယ်ယူစုဆောင်းရသည်ကို နှစ်သက်သူလည်းဖြစ်သည်။

**အန်အိတ်ချ်ကေ**

### ဂျပန်နိုင်ငံ၌ ကလေးငယ်ကို သေသည်အထိ အငတ်ထားသော မိဘကို ဖမ်းဆီး

**တိုကျို ဇွန် ၆**

အသက်ငါးနှစ်အရွယ်သမီးငယ်ကို သေသည်အထိ အငတ်ထားခဲ့သော စုံတွဲတစ်တွဲကို တိုကျိုရဲများက ဖမ်းဆီးခဲ့သည်။ အသက်ငါးနှစ်အရွယ် ယူအာဖူနာတိုသည် မတ်လအတွင်း၌ သေဆုံးခဲ့ခြင်း ဖြစ်ပြီး ရဲများက ကလေးငယ်သေဆုံးမှု အတွက် ကလေးငယ်၏ ဖခင်ဖြစ်သူ အသက် ၃၃ နှစ်အရွယ် ယူဒိုင်းဖူနာတို ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

လွန်ခဲ့သည့်လပေါင်းများစွာအတွင်း ကလေးငယ်ကို ညှဉ်းပန်းနှိပ်စက်မှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ကလေးငယ်တွင် ဒဏ်ရာများစွာရရှိခဲ့မှုအတွက် စွဲချက်တင်ဖမ်းဆီးခဲ့ခြင်းလည်း ဖြစ်သည်။ နောက်ပိုင်းတွင် ကလေးငယ်၏မိခင်ဖြစ်သူ အသက် ၂၅နှစ် အရွယ် ယူရီဖူနာတိုသည်လည်း ဇန်နဝါရီလမှ စတင်ကာ မိမိ၏ ကလေးကို အစာအာဟာရ လုံလောက်စွာကျွေးမွေးခြင်း မရှိသည့်အတွက် ရဲများကဖမ်းဆီးခဲ့သည်။

ထို့ပြင် အစာအာဟာရ လုံလောက်စွာမရသည့် ကလေးငယ်ကို ဆေးရုံသို့ ခေါ်ဆောင်သွားခြင်း မရှိသည့်အတွက်လည်း မိခင်ဖြစ်သူကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ကလေးငယ်မှာ ဖခင်ဖြစ်သူနှင့်အတူ တိုကျိုမြို့၌ နေထိုင်စဉ်နှစ်လအတွင်း ကလေးငယ်၏ အလေးချိန်မှာ လေးကီလိုဂရမ်ခန့် ဆုံးရှုံးခဲ့ပြီး ၎င်း သေဆုံးချိန်တွင် ခန္ဓာကိုယ်အလေးချိန်မှာ ၁၂ ကီလိုဂရမ်သာရှိကြောင်း ရဲများက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ရေနံဈေးကျဆင်းမှုကြောင့် ပေါ်ပေါက်လာရတဲ့ လှိုင်းဂယက်

**✻ ခြူးစန္ဒီမွေး ✻**



ပင်လယ်ကွေ့နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ဂျော်ဒန်နိုင်ငံမှာလည်း လတ်တလော ဆန္ဒပြပွဲတွေ ပေါ်ပေါက်နေပါတယ်။ အစိုးရက အခွန်ငွေနဲ့ ဈေးနှုန်းတွေ တိုးမြှင့်လိုက်တဲ့အတွက် ပေါ်ပေါက်လာရတဲ့ ဆန္ဒပြပွဲတွေလည်း ဖြစ်တယ်။ အစပိုင်းမှာတော့ ဒီဆန္ဒပြပွဲတွေကို တည်တည်ငြိမ်ငြိမ်နဲ့ပဲ ဖြေရှင်းနိုင်မယ်လို့ ထင်ခဲ့ကြပေမယ့် အင်အားကောင်းကောင်းနဲ့ မြို့ကြီးတွေမှာ ပေါ်ထွက်လာတဲ့ ဆန္ဒပြပွဲတွေကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အသုံးပြုပြီး ဖယ်ရှားခဲ့ရသလို အခုအခါမှာတော့ ဝန်ကြီးချုပ်ကိုယ်တိုင် နုတ်ထွက်သွားခဲ့ရပါပြီ။ ဂျော်ဒန်ဝန်ကြီးချုပ် ဟာနီမူလ်ကီဟာ ဝန်ကြီးချုပ်တာဝန်ကို ရယူထားတာ နှစ်နှစ်ကျော်ပဲရှိပါသေးတယ်။ ဝန်ကြီးချုပ်ရဲ့နုတ်ထွက်မှုဟာ ဆန္ဒပြပြည်သူတွေကို ကျေနပ်နှစ်သိမ့်မှုတစ်ခု ဖြစ်လာပါ့မလား။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ ထောက်ခံမှုတွေနဲ့ ဂျော်ဒန်အစိုးရဟာ ခြိုးခြံချွေတာရေး မူဝါဒတွေကို ကျင့်သုံးခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ အခု ဝန်ကြီးချုပ်နုတ်ထွက်သွားတဲ့အတွက် လက်ရှိ မူဝါဒတွေကရော အပြောင်းအလဲ ဖြစ်လာမှာလား။

**ပြဿနာ၏အရင်းခံ**

ဂျော်ဒန်နိုင်ငံမှာဆိုရင် ဝန်ကြီးချုပ် အပြောင်းအလဲလုပ်တာဟာ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ ၂ လုပ်နေကျ နည်းပရိယာယ်ထဲက တစ်ခုလည်းဖြစ်တယ်။ ပြည်သူတွေရဲ့မကျေနပ်မှုဟာ ဘုရင်စနစ်ရဲ့ တည်ငြိမ်မှုကို ခြိမ်းခြောက်လာပြီဆိုရင် ပြည်သူတွေကို ချွေးသိပ်ဖို့ ဝန်ကြီးချုပ်ကိုအစားထိုးလေ့ရှိပါတယ်။ ဂျော်ဒန်နိုင်ငံရဲ့လူနေမှုအဆင့်အတန်းဟာ လျော့ကျလာတဲ့အတွက် ဘတ်ဂျက်ထိန်းညှိပေးဖို့ အနောက်နိုင်ငံတွေက ခေါင်းဆောင်တွေ တောင်းဆိုကြပါတယ်။ ၂၀၁၇ ခုနှစ် အကုန်ပိုင်းလောက်မှာ ရေနံနဲ့ ချမ်းသာကြွယ်ဝနေတဲ့ ပါရှန်းပင်လယ်ကွေ့နိုင်ငံတွေက ဂျော်ဒန်နိုင်ငံကို အကူအညီအဖြစ်ပေးထားတဲ့ ဒေါ်လာ တစ်ဘီလီယံကို ဖြတ်တောက်ခဲ့ပါတယ်။ အဲဒီ ငွေပမာဏဟာ ပြီးခဲ့တဲ့ငါးနှစ်တာ ကာလအတွင်း ဂျော်ဒန်နိုင်ငံရဲ့ ကုန်ကျစရိတ်မြင့်မားမှုကို အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဂျော်ဒန်ဘုရင်နဲ့ အခြားသော ပါရှန်းပင်လယ်ကွေ့တိုင်းပြည်တွေက ခေါင်းဆောင်တွေအကြား အငြင်းပွားစရာ ပေါ်လာခဲ့ပါတယ်။ အဲဒါကတော့အကူအညီ အထောက်အပံ့တွေကို ဆက်လက်လုပ်ဆောင်မှာလား၊ မလုပ်ဆောင်ဘူးလား ဆိုတာပါပဲ။ ရေနံဈေးကျဆင်းလာတဲ့အတွက် သူတို့ရဲ့ ကိုယ်ပိုင်ငွေထဲက ပိုက်ဆံတွေ ထိပါးလာရတော့မယ့် အခြေအနေမျိုးဆိုက်လာတဲ့ ဒီပြဿနာမျိုးတွေ ပေါ်ပေါက်လာရတာလည်း ဖြစ်တယ်။

**ဝန်ကြီးချုပ်အသစ်ခန့်အပ်**

ဂျော်ဒန်ဘုရင်ဟာ ဝန်ကြီးချုပ်အသစ်အဖြစ်၊ ကမ္ဘာ့ဘဏ်အရာရှိဟောင်းလည်းဖြစ်၊ ပညာရေးဝန်ကြီးလည်းဖြစ်တဲ့ မစ္စတာ အိုမာရက်ဇ်ဇက်ကို ခန့်အပ်ခဲ့ပါတယ်။ မစ္စတာမူလ်ကီ နေရာမှာအစားထိုးလိုက်တဲ့ မစ္စတာအိုမာဟာ အခုအချိန်မှာ အစိုးရအသစ်ကို ဦးဆောင်ရတော့မှာပဲဖြစ်တယ်။ အခု အသစ်တက်လာတဲ့ ဝန်ကြီးချုပ် မစ္စတာ အိုမာကရော အရင်အစိုးရအဖွဲ့လုပ်ခဲ့သလို အခွန်ငွေတွေ တိုးမြှင့်ကောက်ခံမှုကို ဆက်လက်လုပ်ဆောင်မှာလား ဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။

**ကုန်သွယ်မှုမိတ်ဖက်နိုင်ငံတစ်ခု ဆုံးရှုံးလိုက်ရ**

ဂျော်ဒန်နိုင်ငံရဲ့ စီးပွားရေးကတော့ အားရစရာမရှိပါဘူး။ အစိုးရမှာ စာရင်းရှိထားတဲ့ အလုပ်လက်မဲ့ ပမာဏဟာ ၁၈ရာခိုင်နှုန်းရှိပြီး ဆင်းရဲမွဲတေမှုနှုန်းဟာလည်း မြင့်သထက်မြင့်လာပါတယ်။ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ အီရတ်နဲ့ ဆီးရီးယားတို့မှာလည်း စစ်ပွဲတွေဖြစ်ပွားခဲ့တဲ့အတွက် အဲဒီက ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေကိုလည်း ဂျော်ဒန်နိုင်ငံက လက်ခံထားရတာတွေရှိပါတယ်။ ထောင်ပေါင်းများစွာသော ဆီးရီးယားဒုက္ခသည်တွေကို လက်ခံထားရတဲ့အတွက် ဂျော်ဒန်နိုင်ငံရဲ့စီးပွားရေးကို ပိုပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့ပါတယ်။ ဆီးရီးယားမှာ ပြည်တွင်းစစ် မဖြစ်ခင်ကဆိုရင် ဆီးရီးယားဟာ ဂျော်ဒန်ရဲ့ကုန်သွယ်မှုမိတ်ဖက်နိုင်ငံလည်း ဖြစ်ခဲ့ပါတယ်။ ပြည်တွင်းစစ်ဖြစ်ပွားခဲ့တဲ့အခါမှာတော့ သူ့ရဲ့ကုန်သွယ်မှု မိတ်ဖက်နိုင်ငံတစ်နိုင်ငံကို ဆုံးရှုံးလိုက်ရပါတယ်။

**အာရပ်ကမ္ဘာရဲ့လူနေမှုစရိတ် အမြင့်ဆုံးနိုင်ငံ**

ဂျော်ဒန်နိုင်ငံရဲ့ဝင်ငွေဟာတိုးတက်မှုမရှိ၊ရပ်တန့်နေတဲ့အချိန် ကုန်ဈေးနှုန်းတွေကတော့တိုးမြင့်လာခဲ့ပါတယ်။ ဂျော်ဒန်နိုင်ငံရဲ့မြို့တော် အမ်မန်မှာ နေထိုင်ရတဲ့လူနေမှုစရိတ်ဟာ အခြားသောအာရပ်ကမ္ဘာက တိုင်းပြည်တွေမှာ နေထိုင်တာထက် ပိုပြီးကုန်ကျပါတယ်။ အခြားချမ်းသာကြွယ်ဝတဲ့နိုင်ငံတွေဖြစ်တဲ့ ဒူဘိုင်း၊ လန်ဒန်၊ ဝါရှင်တန် အစရှိတဲ့မြို့ကြီးတွေမှာ နေထိုင်တာထက်ကို အမ္မန်မြို့မှာ နေထိုင်ရတာက ပိုပြီးကုန်ကျစရိတ်များပါတယ်။ ဒီတော့ အစိုးရရဲ့ပုံရိပ်ဟာ ပြည်သူတွေကြားမှာ ကျဆင်းလို့လာပါတယ်။ ခါတိုင်းဆိုရင် ပင်လယ်ကွေ့နိုင်ငံတွေဆီက အကူအညီအဖြစ် ဒေါ်လာ တစ်ဘီလီယံလက်ခံရရှိနေကျဖြစ်လို့ သိပ်မသိသာပေမယ့် ထောက်ပံ့မှုတွေ ရပ်ဆိုင်းလိုက်တဲ့အခါမှာတော့ ယိုင်နဲ့နေတဲ့ စီးပွားရေးကို ပိုပြီးအထိနာစေပါတယ်လို့ ဒေသတွင်းစီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ အီဘရာဟင် ဆာအစ်ဖက ပြောပါတယ်။ ဒေါ်လာ တစ်ဘီလီယံဆိုတဲ့ ပမာဏမှာ အစိုးရရဲ့ စရိတ်စက ကြီးမြင့်လှတဲ့ ကုန်ကျစရိတ်တွေကို ကာမိရုံမျှမက စီးပွားရေးမှာအထောက်အကူဖြစ်စေဖို့နဲ့ အလုပ်အကိုင်တွေဖန်တီးပေးနိုင်ဖို့ပါ အကူအညီရပါတယ်လို့ ၎င်းက ဆက်ပြောပါတယ်။

> “ဂျော်ဒန်နိုင်ငံရဲ့ ဝင်ငွေဟာ တိုးတက်မှုမရှိ၊ ရပ်တန့်နေတဲ့အချိန် ကုန်ဈေးနှုန်းတွေကတော့ တိုးမြင့်လာခဲ့ပါတယ်။ ဂျော်ဒန်နိုင်ငံရဲ့ မြို့တော် အမ္မန်မှာနေထိုင်ရတဲ့ လူနေမှုစရိတ်ဟာ အခြားသော အာရပ်ကမ္ဘာက တိုင်းပြည်တွေမှာ နေထိုင်တာထက် ပိုပြီးကုန်ကျ”

**လက်ခံဖို့ငြင်းဆန်**

ဂျော်ဒန်ဟာ ပင်လယ်ကွေ့နိုင်ငံတွေဆီက အကူအညီအထောက်အပံ့တွေ ရယူထားပေမယ့် သူတို့ရဲ့စကားကို တစ်သဝေမတိမ်း နားထောင်တာမျိုးတော့ မရှိပါဘူး။ ဆော်ဒီနဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စုတို့က အိမ်နီးချင်းကာတာနိုင်ငံနဲ့ အဆက်အသွယ်ဖြတ်တောက်ကြတဲ့အခါ ဂျော်ဒန်နိုင်ငံကိုလည်း သူတို့နည်းတူ လိုက်ပါဆောင်ရွက်ဖို့တောင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် ဂျော်ဒန်ဘုရင်ကတော့ ဒါကို လက်ခံဖို့ငြင်းဆန်ခဲ့ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျေရုဆလင်ကို အစ္စရေးနိုင်ငံရဲ့ မြို့တော်အဖြစ် သတ်မှတ်တုန်းကလည်း အခြားသော အာရပ်ဘုရင့်နိုင်ငံတွေထက်ပိုပြီး ကန့်ကွက်ခဲ့ပါတယ်။

**အလွှာပေါင်းစုံပါဝင်တဲ့ဆန္ဒပြပွဲ**

ဆော်ဒီ၊ ယူအေအီးနဲ့ ကူဝိတ်နိုင်ငံတို့ဟာ ဂျော်ဒန်ကို အကူအညီတွေပေးနေရတာ မကျေနပ်တော့ပါဘူး။ ပင်လယ်ကွေ့ ဘုရင့်နိုင်ငံတွေဟာ သူတို့ရဲ့ အဓိကစီးပွားရေးကို ရေနံအပေါ်မှာ မှီခိုနေရတာကို မလိုလားတော့ပါဘူး။ သူတို့ရဲ့ ကိုယ်ပိုင်ဘတ်ဂျက်နဲ့ စီးပွားရေးအင်အားတောင့်တင်းခိုင်မာတာကိုပဲ လိုချင်ပါတယ်။ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့ကစလို့ ဂျော်ဒန်မှာအကြီးကျယ်ဆုံး ဆန္ဒပြပွဲတွေ ပေါ်ပေါက်ခဲ့ပါတော့တယ်။ လူလတ်တန်းစားတွေနဲ့ ဆင်းရဲသားတွေကို အထူးဒုက္ခရောက်စေမယ့် ခြိုးခြံချွေတာရေး ဥပဒေကို ကန့်ကွက်ခဲ့ကြတာလည်းဖြစ်တယ်။ အလွှာပေါင်းစုံက လူတွေဆန္ဒပြပွဲမှာ ပါဝင်လာကြလို့လည်း ပိုပြီးပြင်းထန်လာရတာဖြစ်တယ်။ ဆရာဝန်၊ ရှေ့နေ၊ ဈေးသည်ပါမကျန် ဆန္ဒပြပွဲမှာ ပါဝင်လာကြတာပဲ ဖြစ်တယ်။

**တိုးမြှင့်ကောက်ခံမှုရပ်နားထား**

ဒီလိုတွေဖြစ်ပြီးရက်အနည်းငယ်အကြာမှာ အစိုးရဟာ လောင်စာဆီအပေါ် ၅ ရာခိုင်နှုန်း၊ လျှပ်စစ်အပေါ် ၁၉ ရာခိုင်နှုန်း အခွန်တိုးမြှင့်ကောက်ခံလိုက်ပါတယ်။ ဒီတော့ ထောင်ပေါင်းများစွာသောလူတွေဟာ လမ်းမထက်ကိုထွက် ဆန္ဒပြကြပါတော့တယ်။ ဒီလူစုလူဝေးကြီးဟာဆိုရင် အာရပ်နွေဦးတော်လှန်ရေးအပြီး အကြီးကျယ်ဆုံး ဆန္ဒပြချီတက်ပွဲတွေလည်း ဖြစ်တယ်လို့ သိရပါတယ်။ ဂျော်ဒန်ဘုရင်က စွမ်းအင် သုံးစွဲမှုဈေးနှုန်းတွေ တိုးမြှင့်ကောက်ခံမှုကို ရပ်နားထားဖို့ အမိန့်ပေးထားပေမယ့် ဆန္ဒပြပွဲတွေကတော့ ဆက်လက်ရှိနေဆဲပါ။

**စီးပွားရေးကိုပြန်အဖတ်ဆယ် နိုင်မလား**

ခြိုးခြံချွေတာရေး အစီအစဉ်ကို ၂၀၁၆ ခုနှစ်ကစလို့ လက်ခံကျင့်သုံးဖို့ပြင်ဆင်ခဲ့တာဖြစ်ပြီး ဒီလိုပြုလုပ်ခြင်းအားဖြင့် အစိုးရရဲ့တင်ရှိနေတဲ့အကြွေး ဒေါ်လာ ၃၅ ဘီလီယံခန့်ကို လျော့ကျစေမှာဖြစ်ပြီး စီးပွားရေးကိုလည်း တိုးတက်ဖို့ရာ အထောက်အကူကောင်းဖြစ်လာမှာပါလို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က အကြံပြုခဲ့ပါတယ်။ ပြည်သူတွေကတော့ နိုင်ငံရေးသမားတွေရဲ့ ဖြုန်းတီးမှုကြောင့် ပြည်သူ့ဘဏ္ဍာတွေ ဆုံးရှုံးရတာဆိုပြီး အပြစ်တင်ကြပါတယ်။ ဂျော်ဒန်မှာ ဝန်ကြီးချုပ်အသစ် လဲလိုက်ပြီး နောက်ပိုင်း ပြည်သူတွေအတွက် ဘာတွေ အပြောင်းအလဲဖြစ်လာမှာလဲ။ ဝန်ကြီးချုပ်အသစ်ကရော ဂျော်ဒန်နိုင်ငံရဲ့စီးပွားရေးကို အဖတ်ဆယ်နိုင်မှာလား။ ဆန္ဒပြပွဲတွေရော ငြိမ်းငြိမ်း ချမ်းချမ်းနဲ့ ချုပ်ငြိမ်းသွားမလား ဆိုတာကတော့ စိတ်ဝင်စားစရာပါပဲ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ကမ်းပါးပြိုကျ၍ လူနေအိမ် ၁၂ လုံး ပြောင်းရွှေ့ရ

**ပွင့်ဖြူ ဇွန် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဇွန် ၅ ရက်က ရေဝတီ မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့၍ ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စု - ငှက်တော်ကုန်းကျေးရွာ ၊ သံကိုင်းကျေးရွာအုပ်စု - သံကိုင်းကျေးရွာနှင့် သိမ်ကုန်း ကျေးရွာတို့တွင် လူနေအိမ် ၁၂ လုံး ပြောင်းရွှေ့ခဲ့ရကြောင်း ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စု - ငှက်တော်ကုန်းကျေးရွာနှင့် သံကိုင်းကျေးရွာအုပ်စု - သံကိုင်းကျေးရွာနှင့် သိမ်ကုန်းကျေးရွာတို့သည် ရေဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည့်ကျေးရွာများဖြစ်ပြီး နှစ်စဉ် ရေဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ကျေးလက်နေပြည်သူများအနေဖြင့် ယခုကဲ့သို့ ပြောင်းရွှေ့မှုများ ဆောင်ရွက်ပြီး နေထိုင်ကြရလေ့ရှိကြောင်း သိရသည်။

အဆိုပါ ရေဝတီမြစ်ကမ်းပါးပြိုကျမှုများဖြစ်ပွားနေ၍ နန်းတော်ကျွန်းကျေးရွာအုပ်စု- ငှက်တော်ကုန်းကျေးရွာတွင် နေအိမ်နှစ်လုံး၊ သံကိုင်းကျေးရွာအုပ်စု - သံကိုင်းကျေးရွာတွင် နေအိမ်နှစ်လုံး၊ သံကိုင်းကျေးရွာအုပ်စု - သိမ်ကုန်းကျေးရွာတွင် နေအိမ် ရှစ်လုံး စုစုပေါင်း နေအိမ် ၁၂ လုံး လူနှင့် တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမဖြစ်စေရေး ကြိုတင်ကာကွယ်ခြင်းအနေဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း၊ မြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ရသည့် အိမ်ထောင်စုဝင်များအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစီအစဉ်ဖြင့် ထောက်ပံ့ငွေများပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရန်ကုန်မြို့ ဘက်စုံဖွံ့ဖြိုးမှုအခြေခံအချက်အလက်များ အဆိုပြုချက်ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်

ရန်ကုန် ဇွန် ၆

**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပေးပို့သော ရန်ကုန်မြို့ဘက်စုံဖွံ့ဖြိုးမှု အခြေခံအချက်အလက်များ အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခဲ့မှုများအပေါ် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ဇွန် ၆ ရက်တွင် ကျင်းပသော တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည်။**



ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုး ရှင်းလင်းတင်ပြစဉ်။

**ငါးနှစ်တစ်ကြိမ် စီမံကိန်း ပြင်ဆင်ရေးဆွဲရမည်**

ထိုသို့ရှင်းလင်းရာတွင် စည်ပင်သာယာရေးဝန်ကြီးက ရန်ကုန်မြို့၏ လူဦးရေသည် နောင်နှစ်ပေါင်း ၃၀ အတွင်း ၂ ဆကျော် တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် လူဦးရေ ခုနစ်သန်းကျော်ရှိပြီး တရားဝင် သန်းခေါင်စာရင်းဖြင့် နေထိုင်သူများသာမက ကူးပြောင်းသွားလာသူများပါ များပြားလာသည့်အတွက် ရန်ကုန်မြို့၏ မြေဈေး၊ တိုက်ခန်းဈေးများသည် ကြီးမြင့်လာကြောင်း၊ ရန်ကုန်မြို့လယ်ဧရိယာအတွင်း ကျောင်းများ၊ ဈေးများ၊ စီးပွားရေးအဆောက်အအုံများ ပြည့်နှက်လာကြောင်းနှင့် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကားအသွားအလာ ကျပ်တည်းမှုတို့ကြောင့် ရန်ကုန်ပတ်ဝန်းကျင်နေရာတွင် မြို့ကိုတိုးချဲ့ခြင်းဖြင့် ဖွံ့ဖြိုးရန် လျာထားခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြို့နေပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် မြို့ပြပတ်ဝန်းကျင်နှင့်ပတ်သက်သည့် ကဏ္ဍအသီးသီးမှနေ၍ ရေတို၊ ရေရှည်စီမံချက်များ ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ အဆိုပါစီမံချက်များ ရေးဆွဲပြီးပါက အဆင့်ဆင့်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ထိုသို့အကောင်အထည်ဖော်ရာတွင် မြို့ပြစီမံကိန်းများ ရေးဆွဲရပါကြောင်း၊ စီမံကိန်းများတွင် လက်ရှိ လူဦးရေအခြေအနေ၊ လူမှုရေး၊ စီးပွားရေးအခြေအနေ၊ လူဦးရေတိုးပွားမှုနှုန်း၊ အနာဂတ်အတွက် တိုးမြင့်လာမည့် လူဦးရေနေထိုင်မှု၊ တိုးမြင့်လာမည့် လူဦးရေအပါအဝင် မြို့၏ အားသာချက် အားနည်းချက်၊ အခွင့်အရေးနှင့် စွန့်စားကြိုးပမ်းဆောင်ရွက်မှုများကို သုံးသပ်၍ ငါးနှစ်တစ်ကြိမ် စီမံကိန်းကို ပြင်ဆင်ရေးဆွဲရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မျှော်မှန်းချက်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေအသုံးချမှုဌာနမှ ၂၀၁၂ ခုနှစ်တွင် ရန်ကုန်မြို့၏ ခံယူချက်ပုံစံကို စတင်ရေးဆွဲခဲ့ကြောင်းနှင့် ၂၀၁၂ခုနှစ် ဩဂုတ်လမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအထိ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့်ပူးပေါင်းပြီး မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ၂၀၄၀ ကို စတင်ရေးဆွဲကြောင်း သိရသည်။ အဆိုပါ စီမံကိန်းသည် ၂၀၄၀ တွင် ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးရေး မျှော်မှန်းချက်တွင် နိုင်ငံတကာ ဝင်ထွက်သွားလာနိုင်သည့် အခြေအနေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှု၊ နိုင်ငံ၏ အဓိကအရေးပါသော ဗဟိုဌာနများ၊ နိုင်ငံတကာ၏ အချက်အချာမြို့များအဖြစ်၊ စိမ်းလန်းပြီး လူမျိုးစုများစွာ နေထိုင်သော ရှေးဟောင်းယဉ်ကျေးမှုများ၊ ပညာရေး၊ ဗဟုသုတ၊ ကျန်းမာရေး စောင့်ရှောက်မှု စသည်ဖြင့် လိုအပ်သော အချက်အလက်များကို ရေရှည်တည်တံ့ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရန် စီမံချက်များ ထားရှိကြောင်း၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဒုတိယ ဗဟိုစီးပွားရေးဇုန်ကို မြို့ပြဗဟိုဌာနခွဲ လေးခုနှင့် မြို့သစ် ခုနစ်မြို့ကို လျာထားခဲ့ကြောင်း သိရသည်။

**နိုင်ငံတကာ အကူအညီများ**

မြို့ပြဖွံ့ဖြိုးရေးနှင့်စီမံကိန်းလုပ်ငန်းစဉ်များအတွက် ဦးစားပေးစီမံကိန်း ၇၇ ခုကိုလည်း အဆိုပြု ရေးဆွဲထားသည်။ အဆိုပါစီမံကိန်းအရ အနာဂတ်တွင် သယ်ယူပို့ဆောင်ရေးစနစ်နှင့် မြို့ပြဖွံ့ဖြိုးမှု ပုံသဏ္ဌာန်များ ထွန်းကားလာမည့် အခြေအနေများကို မြင်တွေ့နိုင်စေရန် စီးပွားရေးစင်တာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား အဓိကထား ရေးဆွဲထားကြောင်း သိရသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့ ရေးဆွဲသော မြို့ပြဖွံ့ဖြိုးရေး မဟာစီမံကိန်းကို အခြေခံ၍ ရန်ကုန်မြို့အတွက် လိုအပ်သော လမ်းများ၊ တံတားများ၊ အခြေခံအဆောက်အအုံများ၊ သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် နှစ်စဉ်ဘတ်ဂျက်လျာထားချက်များကို ဖြည့်သွင်း၍ နိုင်ငံတကာ အကူအညီများ ရယူဆောင်ရွက်သွားရန် အစီအစဉ်များ ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် မြို့ပြစီမံကိန်းဌာနခွဲရှိ ဌာနစု အသီးသီးမှ အချက်အလက်များကို ကွင်းဆင်းလေ့လာပြီး ရန်ကုန်မြို့၏ဘက်စုံဖွံ့ဖြိုးမှု အခြေခံအချက်အလက်များနှင့် အဆိုပြုချက်များကို ရေးသားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်ကာလတွင် ရန်ကုန်မြို့ကို တိုးချဲ့ခဲ့စဉ်ကာလက မြောက်ပိုင်းနှင့် အရှေ့ပိုင်းကို ဦးစားပေး တိုးချဲ့ခဲ့ပြီး ရှည်လျားသည့်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လမ်းကြောပိတ်ဆို့မှုများကို တွေ့မြင်ရသည်။ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် မြို့၏အနောက်ဘက် လှိုင်သာယာမြို့ကိုလည်း ထပ်မံတိုးချဲ့ခဲ့သည်။

ယခုအခါ မြို့သစ် ခုနစ်မြို့ကို ဦးစားပေးအဆင့် သတ်မှတ်ရာတွင် မြေပြင်သက်ဆိုင်မှု အခြေအနေနှင့် ယခင်ကရှိပြီးဖြစ်သော ဖွံ့ဖြိုးမှု အခြေအနေ အဆောက်အအုံပေါ် မူတည်ကာ ရေးဆွဲခဲ့ခြင်းဖြစ်သည့်အတွက် ၂၀၁၆ ခုနှစ်တွင် စီမံကိန်းကို အသစ်ပြန်လည်ပြုစုရာတွင် မြို့သစ် ခုနစ်မြို့နယ်၌ လေးမြို့နယ်တွင် ဦးစားပေး စီမံကိန်း ၄၁ ခုကို ပြင်ဆင်ရန် တင်ပြထားကြောင်း သိရသည်။ ယခုအခါ အနောက်တောင် မြို့သစ် စီမံကိန်းကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါနေရာသည် ရန်ကုန်မြို့၏ စီးပွားရေးဇုန်နှင့် နီးကပ်စွာ တည်ရှိနေပြီး မိနစ် ၂၀ အတွင်း သွားလာနိုင်သော ဧရိယာဖြစ်သည်။ စီမံကိန်းမြေနေရာသည် မြို့တွင်းပတ်လမ်းတွင် တည်ရှိပြီး လေဆိပ်များ၊ အဝေးပြေးကားဂိတ်များကို အလွယ်တကူ ဆက်သွယ်နိုင်သည့်နေရာတွင် တည်ရှိနေကြောင်း သိရသည်။ ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒလမြစ်ကူး တံတားကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် ဒလမြို့ ဖွံ့ဖြိုးလာသည်နှင့် တစ်ပြိုင်နက် ရန်ကုန်မြို့၏ အနောက်တောင်ဘက်သည် တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်ကြောင်း အစရှိသည်တို့ကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ရန်ကုန်မြို့ ဘက်စုံဖွံ့ဖြိုးမှု အခြေခံအချက်အလက်များ အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် အဆိုကိုမှတ်တမ်းတင်ခဲ့သည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၆-၆-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၅၄ ∙ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၈၇ ∙ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၁၄ ∙ ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၁၅ ∙ ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၃၂ ∙ ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၃ ∙ ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ∙ ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ∙ ၁၇၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ ∙ ၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၀ ∙ ၈၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ∙ ၄၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# မတူပီမြို့၌ နေအိမ်နှစ်လုံး မြေပြိုမှုဖြစ်



**မတူပီ ဇွန် ၆**

ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့၌ ဇွန် ၄ ရက်မှစ၍ မိုးဆက်တိုက် ရွာသွန်းခြင်းကြောင့် မတူပီမြို့ အရှေ့ခိုဘွေရပ်ကွက်၌ နေအိမ် နှစ်လုံး မြေပြိုမှုဘေးနှင့်ကြုံတွေ့နေရပြီး မြေပြိုမှုဘေးအန္တရာယ်ကြုံရသည့် ဒေါ်လျာဆုန်းအိမ်ဝင်းနှင့် ဦးနိန်းကို အိမ်ဝင်းအတွင်း ပြိုကျနေသည့် မြေစာများကို မိုးကာအုပ်မိုးခြင်းနှင့် ပစ္စည်းများပြောင်းရွှေ့ပေးခြင်းကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ (ဓါပုံ)

အဆိုပါမြေပြိုမှုသည် အရှေ့ခိုဘွေရပ်ကွက်ရှိ လည်မျိုလမ်းအား လမ်းတာချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီး မြေထိန်းနံရံ အချိန်မီ တည်ဆောက်ပေးခြင်းမရှိ၍ မြေပြိုမှုဖြစ်ပွားရကြောင်း သိရသည်။ ထို့အပြင် လောင်ဗန်းရပ်ကွက်ရှိ မြေပြိုမှုဘေးကြုံတွေ့ရသည့် နေအိမ်နှစ်လုံးကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နေရာပြောင်းရွှေ့ပေးပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေများ ရေလွှမ်းမိုးခြင်းမှာ ဆည်ရေလျှံ၍ မဟုတ်ကြောင်း သိရ

**မိတ္ထီလာ ဇွန် ၆**

မိတ္ထီလာမြို့နယ်၌ မေ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကုန်းတွင်းမုန်တိုင်း မိုးရွာသွန်းခဲ့မှုကြောင့် ပန်းသွင်းရွာ အိမ်ခြေ ၁၄ အိမ်နှင့် မျိုးစပါး ၂၅ တင်း ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ပန်းသွင်းရွာ အနီးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပန်းသွင်း-အင်အုံး-လှည်းပွဲ-သဲတော ကျောက်ချောလမ်းကို လမ်း၏ အနောက်ဘက်ခြမ်း အမြင့်ပိုင်းမှ အရှေ့ဘက်ခြမ်း အနိမ့်ပိုင်းသို့ ရေစီးဆင်းစေသော လယ်ကွက်များကို တောင်မြောက်ပိုင်းဖြတ်၍ ဖောက်လုပ်ထားခြင်းကြောင့် လမ်းနှင့် အနောက်ဘက်ခြမ်းရှိ လယ်ကွက်များအတွင်း မိုးရွာ၍ ကုန်းစီးရေများ ပိတ်မိနေပြီး ရေမျက်နှာပြင်မြင့်လာချိန်တွင် လူနေအိမ် ၁၄ အိမ်အတွင်း အနက်သုံးပေခန့် ဝင်ရောက်ခဲ့သဖြင့် မျိုးစပါး ၂၅ တင်း ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယင်းမုန်တိုင်းမိုးကြောင့် ကြာကန်ရွာအနီးတွင်လည်း ယာသီးနှံ စိုက်ဧက ၇၀ ခန့် ရေနစ်မြုပ်ခဲ့ကြောင်းနှင့် ကွက်ငယ်-ကြာကန်-ပျော်ကုန်းလမ်း၏ ၀/၇ မိုင် နေရာတွင် ပေ၅၀ ခန့်နှင့် ၁/၃ မိုင်နေရာတွင် ပေ၂၀ ခန့် ရေကျော် ပျက်စီးခဲ့သည်။

ကွက်ငယ်-ကြာကန်-ပျော်ကုန်းလမ်းသည်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်း၏အနောက်ဘက်ခြမ်း အမြင့်ပိုင်း လယ်ကွက်များအတွင်းရှိ မိုးရွာကုန်းစီးရေများ လမ်း၏အရှေ့ဘက်ခြမ်း အနိမ့်ပိုင်းသို့ စီးဆင်းနိုင်မှု အားနည်းနေပြီး အဆိုပါလမ်းပေါ်သို့ ရေကျော်ကျ ပျက်စီးခဲ့ရပြီး ယာသီးနှံ ဧက ၇၀ခန့် ရေနစ်မြုပ်ခဲ့ရသည်။

အထက်ပါ ကိစ္စနှင့်ပတ်သက်၍ ဇွန် ၄ ရက်တွင် မိတ္ထီလာမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ မောင်မောင်ကျော်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ပန်းသွင်းကျေးရွာ အနီးရှိ ပန်းသွင်း-အင်အုံး-လှည်းပွဲ-သဲတောလမ်း၏ ၀/၁ မိုင်ခန့် နေရာနှင့် မိတ္ထီလာမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ထိန်းသိမ်းထားသော ချောင်းကောက်ရေလှောင်တမံ၏ ရေသောက်စနစ်ရှိ Dy-4 (တူးမြောင်းအလျား -၁၂၄၄၀ ပေ)၏ RD-12140 ' ခန့်နှင့် ဆုံတွေ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ယင်းမြောင်းဖြတ်နေရာကို အချင်းပြွန် နှစ်ပေ တပ်ဆင်ပေးထားကြောင်း၊ သို့သော်လည်း ယင်းမြောင်းဖြတ်နေရာ အနီးရှိ လယ်ကွက်များမှာ ၂၀၁၇-၂၀၁၈ ခုနှစ် နွေသီးနှံလျာထားစီမံကိန်း စာရင်းတွင် ပါဝင်ခြင်းမရှိသောကြောင့် ယခုအချိန်အထိ ရေပေးဝေထားမှု လုံးဝမရှိကြောင်း သိရသည်။



ယာသီးနှံ ဧက ၇၀ ခန့် ရေနစ်မြုပ်ခဲ့သည့် ကြာကန်ရွာအနီးတွင်မှ မိတ္ထီလာမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသော ရေမြောင်းများမရှိကြောင်း၊ မိတ္ထီလာမြို့နယ်အတွင်း မေ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရွာသွန်းခဲ့သော မုန်တိုင်းမိုးကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေနစ်မြုပ်မှုဖြစ်စဉ်တွင် ဆည်ရေလျှံ၍ ဖြစ်ပေါ်ခြင်းမျိုးမဟုတ်ဘဲ မိုးရွာကုန်းစီးရေများပြားခြင်းကြောင့်သာလျှင် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်လှိုင် (မိတ္ထီလာ)**

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

# ပခုက္ကူမြို့ ကန်တော်ကျေးရွာ၌ မြေသားရေလှောင်ကန် ရေပိုလွှဲကျိုးပေါက်

**ပခုက္ကူ ဇွန် ၆**

ပခုက္ကူမြို့နယ် ကန်တော်ကျေးရွာရှိ မြေသားရေလှောင်ကန် ရေပိုလွှဲကျိုးပေါက်မှု ဇွန် ၆ ရက် နံနက် ၅ နာရီက ဖြစ်ပွားခဲ့သည်။



အဆိုပါ မြေသားရေလှောင်ကန်သည် အနော်ရထာမင်းလက်ထက်၌ တူးဖော်ခဲ့သည့် ရှေးဟောင်းကန်ကြီးဖြစ်ကြောင်း၊ ယင်းရေလှောင်ကန်ကြီးသည် အကျယ်ဧက ၁၅၀ ခန့်ရှိပြီး ကျိုးပေါက်မှုကြောင့် ပခုက္ကူနှင့်ပေါက်မြို့နယ် ဆက်သွယ်သွားထားသည့် ကန်တော်ကျေးရွာအနီး ကားလမ်းပိုင်းတွင် လမ်းပိတ်ဆို့မှုများဖြစ်ခဲ့သည်ဟု ဒေသခံများ၏ပြောပြချက်အရ သိရသည်။ မြေသားရေလှောင်ကန်ကျိုးပေါက်မှုကြောင့် ရေကန်အောက်ရှိကျေးရွာများ အန္တရာယ်မရှိစေရေးအတွက် ရေကြောင်းပြောင်းလွှဲခြင်း ကန်ပေါင်များအား သဲအိတ်များဖြင့် ပိတ်ဆို့မှုများ ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါရေလှောင်ကန်မှရေများသည် ကန်တော်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ စိုက်ပျိုးရေးအတွက်သုံးစွဲသည့် ရေကန်ဖြစ်ကြောင်း၊ မြေသားရေလှောင်ကန်ကျိုးပေါက်ခဲ့သဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများနှင့် ပရဟိတအဖွဲ့များပူးပေါင်း၍ ကန်ပေါင်ပိတ်ဆို့မှုများ ဆောင်ရွက်နေကြကြောင်း သိရသည်။

**ဇော်ဇော် (မြို့သစ်)**

# ကျောက်မဲမြို့၌ မိုးသည်းထန်မှုကြောင့် ရေကြီး

**ကျောက်မဲ ဇွန် ၆**

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့၌ ဇွန် ၅ ရက် ညပိုင်းမှစတင်၍ ဇွန် ၆ ရက် နံနက်ပိုင်းအထိ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြို့ပေါ်ရှိ အမှတ် ၂ ရပ်ကွက် ရန်ကင်းရပ်ပိတောက်လမ်း၊ အောင်ဆန်းလမ်း၊ ပင်လုံလမ်း တစ်လျှောက်နှင့် အချို့အိမ်များတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာများနှင့် အမှတ် ၂ရပ်ကွက် ပိတောက်လမ်းရှိ အမက ၈ ကျောင်းရှေ့တွင် ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းစေရေးအတွက် ခရိုင်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဇော်မင်းဦး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှုဖြစ်ပွားမှုတွင် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးခြင်းမရှိကြောင်း သိရသည်။

**ကျောက်မဲ (ခရိုင် ပြန်/ဆက်)**

# ပေါက်ချောင်းရေကျ၍ ချောင်းကမ်းပါးပြိုကျမှုဖြစ်

**ပေါက် ဇွန် ၆**

ပေါက်မြို့နယ်၌ ဇွန်လဆန်းပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ပေါက်ချောင်းရေများ တစ်ဟုန်ထိုးစီးဆင်းကာ ချောင်းကမ်းပါးပြိုကျမှုများ ဖြစ်ပွားခဲ့သည်။

ချောင်းကမ်းပါးပြိုကျမှုများဖြစ်ပွားမှုကြောင့် ပေါက်မြို့ အောင်တော်မူရပ်ကွက်နှင့် အောင်ချမ်းသာရပ်ကွက် မြောက်ပိုင်းရှိ နေအိမ်အချို့ ချောင်းရေတိုက်စားခြင်းခံရမည်ကို စိုးရိမ်နေကြသည်။

အဆိုပါ ချောင်းရေတိုက်စားခြင်းကြောင့် ချောင်းကမ်းပါးပြိုကျမှုများကို ဆက်လက် မဖြစ်ပွားစေရန်အတွက် ဇွန် ၆ ရက် နံနက် ၈ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ လူအင်အား၊ စက်အင်အားများ အသုံးပြုကာ ချောင်းရေကြောင်း လမ်းလွှဲပြောင်းမှုများ **(အပေါ်ပုံ)** လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ဉာဏ်တိုး(ပေါက်)**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၁)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# သစ်တောပြုန်းတီးမှု လျော့ပါးသက်သာစေဖို့ အပိုင်း(၂)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ကမ္ဘာ့ ဇီဝမျိုးစုံမျိုးကွဲအားလုံးတို့၏ ၆၅ ရာခိုင်နှုန်းသည် ဂေဟစနစ်ကောင်းမွန်သော သစ်တောများ၌ ရှင်သန်ရပ်တည်လျက်ရှိနေကြသည်။ ဇီဝမျိုးစုံမျိုးကွဲအားလုံးတို့သည် ကမ္ဘာ့ရာသီဥတုကို ဟန်ချက်ညီညီထိန်းကျောင်းပေးလျက် ရှိနေသောကြောင့် သစ်တောဂေဟစနစ် ကောင်းမွန်စေရေးအတွက် သစ်တောကဏ္ဍကို ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးခြင်းဖြင့် ကမ္ဘာ့ရာသီဥတုကို ကောင်းမွန်မျှတစေလိမ့်မည်ဖြစ်သည်။ သို့ရာတွင် မျက်မှောက်ကမ္ဘာကြီး၌ သစ်တောပြုန်းတီးမှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည့်အပြင် သစ်တောပြုန်းတီးမှုနှုန်းမှာလည်း ကြောက်ခမန်းလိလိ အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။ သစ်တောပြုန်းတီးမှု ဖြစ်ပေါ်ရခြင်းမှာ ဇီဝမျိုးစုံမျိုးကွဲတို့၏ ရှင်သန်ရပ်တည်မှုအတွက် အစာနှင့်ခိုလှုံစရာအဖြစ် အသုံးပြုမှုကြောင့် မဟုတ်ဘဲ လူတို့၏ အကျိုးစီးပွားအတွက် ခုတ်လှဲဖျက်ဆီးမှုများကြောင့် သစ်ပင်သစ်တောများ ယုတ်လျော့ကျဆင်းလာခြင်းသာ ဖြစ်သည်။

### ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အများဆုံးဖြစ်ပေါ်

ကမ္ဘာ့သစ်တောပြုန်းတီးမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အများဆုံး ဖြစ်ပေါ်လျက်ရှိနေပြီး တစ်ကမ္ဘာလုံး သစ်တောပြုန်းတီးမှု၏ ထက်ဝက်ခန့်မျှပင် ရှိနေသည်။ စီးပွားရေးအတွက် အလွန်အကျွံခုတ်လှဲခြင်း၊ သစ်ထုတ်လုပ်မှုနည်းစနစ်လွဲမှားနေခြင်း၊ စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ မြို့သစ်များဖော်ထုတ်ခြင်း၊ သစ်တောများ မီးလောင်ခြင်း၊ သစ်တောထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခြင်းနှင့် ဂေဟဗေဒဆိုင်ရာ ကျွမ်းကျင်မှု မရှိခြင်းများသည် သစ်တောပြုန်းတီးမှုကို ဖြစ်စေသော အကြောင်းရင်းများပင် ဖြစ်ကြသည်။

ကမ္ဘာ့ သစ်တောကြီးများအလိုက် ပြုန်းတီးမှုအများဆုံးဖြစ်ပေါ်နေသောနေရာမှာ တောင်အမေရိကတိုက်အတွင်းရှိ အမေဇုန်သစ်တောကြီးပင် ဖြစ်သည်။ အမေဇုန် သစ်တောကြီးသည် ဘရာဇီး၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ဂိုင်ယာနာ၊ ပီရူးစသော နိုင်ငံများတွင် ဖြန့်ကြက် တည်ရှိနေသည်။ အကျယ်အဝန်း စတုရန်းမိုင်တစ်သန်းခွဲရှိသော အမေဇုန်သစ်တောအတွင်းရှိ သက်တမ်းရင့်အပင်ကြီးများသည် ၂၀၀၈ ခုနှစ် တစ်နှစ်တည်း အတွင်းမှာပင် စတုရန်းကီလိုမီတာပေါင်း ၁၂၀၀၀ ခုတ်လှဲခံခဲ့ရသည်။

ဘရာဇီးနိုင်ငံ တစ်နိုင်ငံတည်း၌ပင်လျှင် နိုင်ငံပိုင်သစ်တောဧရိယာ စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းသည် နှစ်ပေါင်း ၄၀ အတွင်းမှာပင် ခုတ်လှဲခံခဲ့ရသည်။ အာဖရိကတိုက်အတွင်းရှိ ကွန်ဂိုဒေသ၌လည်း သစ်ပင် သစ်တောပြုန်းတီးမှု အကြီးအကျယ်ဖြစ်ပေါ်ကာ ကမ္ဘာ့ဒေသအလိုက် သစ်တောပြုန်းတီးမှုအဆင့်တွင် ဒုတိယနေရာသို့ ရောက်ရှိနေပြီဖြစ်သည်။

### သက်တမ်းအရင့်ဆုံးသစ်ပင်များ

ကမ္ဘာပေါ်၌ သက်တမ်းအရင့်ဆုံးသော သစ်ပင်များသည် အရှေ့တောင်အာရှဒေသအတွင်း၌ တည်ရှိနေကြသည်။ ကမ္ဘာ့မိုးသစ်တောများအားလုံး၏ ၁၀ ရာခိုင်နှုန်းဖြစ်သည့် အာရှမိုးသစ်တောများသည်လည်း အလွန်လျင်မြန်သောနှုန်းဖြင့် ပြုန်းတီးလျက် ရှိနေကြသည်။ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ပါပူဝါ နယူးဂီနီနိုင်ငံများရှိ မိုးသစ်တောများ၏ ၄၀ ရာခိုင်နှုန်းမှာ ပြုန်းတီးသွားခဲ့ပြီဖြစ်ပြီး ပြုန်းတီးမှုအများဆုံးဖြစ်ခဲ့သည့် ဒေသမှာ အင်ဒိုနီးရှားနိုင်ငံပင် ဖြစ်သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် သစ်တောပြုန်းတီးမှုနှုန်းမှာ တစ်နှစ်လျှင် ဧကပေါင်း ၃၂ သန်းနီးပါး ရှိနေသည့်အတွက် အကယ်၍ သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှုမရှိဘဲ တရားမဝင် သစ်ခုတ်ခြင်း၊ ကောက်ပဲသီးနှံများ စိုက်ပျိုးရန်အတွက် သစ်ပင်သစ်တောများကို ခုတ်လှဲဖြိုဖျက်ပြီး လယ်ယာစိုက်ခင်းများဖော်ထုတ်ခြင်း၊ စီးပွားရေးအတွက် သစ်ပင်သစ်တောများကို အလွန်အကျွံ ခုတ်လှဲခြင်း၊ လွဲမှားနေသော သစ်ထုတ်လုပ်နည်းများကို ဆက်လက်စွဲကိုင်ကျင့်သုံးနေခြင်း၊ သစ်တောဂေဟစနစ်ကို နားလည်ကျွမ်းကျင်မှု မရှိဘဲ သစ်တောများကို စီမံခန့်ခွဲနေခြင်းစသည်တို့ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဆိုပါက လာမည့် နှစ်ပေါင်းတစ်ရာအတွင်း တစ်ကမ္ဘာလုံးရှိ မိုးသစ်တောများအားလုံး ပျောက်ကွယ်သွားလိမ့်မည်ဖြစ်သည်။

သာဓကအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၆၀ က လယ်ယာစိုက်ခင်းများ ဖော်ထုတ်ရန်အတွက် သစ်တောဧကအများအပြားကို ခုတ်ထွင်ရှင်းလင်းခဲ့သည့် ဟေတီနိုင်ငံတွင် အပေါ်ယံမြေဆီလွှာ ကုဗမီတာပေါင်း ကိုးသောင်းကျော် တိုက်စားပျက်စီးမှုဖြစ်ပေါ်ပြီး ကောက်ပဲသီးနှံများ စိုက်ပျိုး၍မရတော့သည့်အတွက် အငတ်ဘေးအကြီးအကျယ် ဆိုက်ရောက်သွားခဲ့သည်။ သစ်ပင်သစ်တောများ အကြီးအကျယ် ပြုန်းတီးခဲ့မှုကြောင့် ကာလရှည်မိုးခေါင်မှုကြီးပါ ဖြစ်ပေါ်ခဲ့သည့်အတွက် ယနေ့အချိန်တွင် ဟေတီနိုင်ငံသည် ငတ်မွတ်ခေါင်းပါးမှု အဆင့်အမြင့်ဆုံးသောနိုင်ငံအဖြစ်သို့ ရောက်ရှိနေသည်။

### သက်ရှိအားလုံးရှင်သန်နေထိုင်နိုင်

သစ်ပင်သစ်တောများသည် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့လည်းဖြစ်၊ အဆိပ်ဓာတ်ငွေ့လည်း ဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို စုပ်ယူဖယ်ရှားပြီး အောက်ဆီဂျင်ဓာတ်ငွေ့များကို အဆက်မပြတ် ထုတ်လွှတ်ပေးနေသည့်အတွက် လူတို့အပါအဝင် သက်ရှိများအားလုံး ရှင်သန်နေထိုင်နိုင်ကြခြင်းဖြစ်သည်။ ဤကဲ့သို့ သက်ရှိများ ရှင်သန် နေထိုင်နိုင်ရန်အတွက် သစ်ပင်သစ်တောများက သဘာဝအလျောက် နေ့စဉ်စွမ်းဆောင်ပေးနေကြသော လုပ်ငန်းဆောင်တာများ အားလုံးကို စက်မှုနှင့် အီလက်ထရွန်နစ် နည်းပညာရပ်များဖြင့် အစားထိုး လုပ်ဆောင်ရမည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်သည်။



အကယ်၍ စက်မှုနှင့်အီလက်ထရွန်နစ် နည်းပညာများဖြင့် အစားထိုး လုပ်ဆောင်ခဲ့လျှင်သော်မှ ထိုစက်ကိရိယာများ၏ စွမ်းဆောင်မှုများသည် သဘာဝတရားကြီး၏ လက်ဆောင်မွန်ဖြစ်သော သစ်ပင် သစ်တောများ၏ စွမ်းဆောင်ရည်အားလုံးကို အမီလိုက်နိုင်လိမ့်မည် မဟုတ်ပေ။

### တန်ဖိုးဖြတ်၍မရနိုင်သော စွမ်းဆောင်ချက်

အဘယ်ကြောင့်ဆိုသော် သစ်ပင်သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်လွှတ်ပေးသည့် လုပ်ငန်းဆောင်တာ တစ်ခုတည်းကို သာမကဘဲ ကမ္ဘာ့လေထုထဲရှိ ရေငွေ့ပါဝင်မှုနှုန်းကို အမြဲမပြတ် ချိန်ညှိပေးနေခြင်း၊ ရေသံသရာလည်ခြင်းဖြစ်စဉ်ကို အဓိက အထောက်အပံ့ပြုနေခြင်း၊ မြေဆီလွှာကို ထိန်းသိမ်းပေးထားခြင်း၊ ကမ္ဘာ့မြေမျက်နှာပြင်နှင့် လေထု၏ အပူချိန်ကို အမြဲမပြတ် ချိန်ညှိပေးနေခြင်း၊ သက်ရှိအားလုံးတို့၏ ဇီဝယန္တရား လည်ပတ်မှုအတွက် အစာကွင်းဆက်ဖြစ်စဉ်၏ အခြေခံအကျဆုံးအဆင့်က အကျိုးပြုနေခြင်း၊ လူနှင့်တိရစ္ဆာန်တို့ သက်ရှည်ကျန်းမာရေးအတွက် ဖော်စပ်စားသုံးရသော ဘယဆေးများကို အလျှဉ်မပြတ် ထုတ်လုပ်ပေးနေခြင်းစသော တန်ဖိုးဖြတ်၍မရနိုင်သည့် စွမ်းဆောင်ချက်များကိုပါ တစ်ပြိုင်တည်း လုပ်ဆောင်ပေးနေသောကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့်ပင် သစ်ပင်သစ်တောများ ပြုန်းတီးလာနေခြင်းသည် ဇီဝမျိုးစုံမျိုးကွဲတို့၏ အနာဂတ်ကမ္ဘာကြီးကို ခြိမ်းခြောက်နေခြင်းပင် ဖြစ်သည်။ သစ်ပင်သစ်တောများ ပြုန်းတီးမှုသည် သက်ရှိတို့၏ အစာကွင်းဆက်ဖြစ်စဉ်ကို ပြတ်တောက်သွားစေသည်။ လူတို့အပါအဝင် ကမ္ဘာ့သက်ရှိ အနည်းစုတို့ကသာလျှင် ဖန်တီးတည်ဆောက်ထားသော အမိုးအကာများအောက်၌ ခိုလှုံနေထိုင်နိုင်ကြသော်လည်း သက်ရှိအများစုတို့ကမူ သဘာဝသစ်ပင်သစ်တောများကိုသာ ခိုလှုံနေထိုင်ပြီး ရှင်သန်နေကြရသည်။

သစ်ပင်သစ်တောများ ပြုန်းတီးပျောက်ကွယ်သွားသည့်အခါ ရွှေ့ပြောင်းသွားလာနိုင်သော မျိုးစိတ်များက စားကျက်ရွှေ့ပြောင်းရင်း ဆက်လက်ရှင်သန်နိုင်ကြသော်လည်း ရွှေ့ပြောင်းနိုင်ခြင်းမရှိသည့် မျိုးစိတ်များမှာ သေဆုံးကြရသည်။ ထိုမှတစ်ဆင့် မျိုးသုဉ်းပျောက်ကွယ်သွားသည်အထိ ဖြစ်ပွားကြရသည်။

သစ်ပင်သစ်တောများ၏ တန်ဖိုးကို တွက်ချက်သည့်အခါ သစ်၏တန်ဖိုးတစ်ခုတည်းကိုသာ တွက်ချက်မည်ဆိုပါက နည်းလမ်းကျမည်မဟုတ်ပေ။ သစ်ပင်တစ်ပင် သို့တည်းမဟုတ် သစ်တောတစ်အုပ် ပြုန်းတီးသည့်အခါ သစ်များ၏တန်ဖိုးအပြင် ရေဝေရေလဲဒေသ ထိန်းသိမ်းမှုစရိတ်စကများ၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့စုပ်ယူသည့်စွမ်းဆောင်ရည်၊ ရေသံသရာလည်ခြင်းကို အကျိုးပြုမှု၊ အစာကွင်းဆက်၏ အခြေခံစသောတန်ဖိုးများကိုပါ ထည့်သွင်း တွက်ချက်ရမည်ဖြစ်သည်။ ဤနည်းအတိုင်းတွက်ချက်သည့်အခါ သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပေါ်ရသော ဆုံးရှုံးမှုပမာဏသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ထရီလီယံမှ ၅ ထရီလီယံအထိပင် ရှိနေသည်ကို သတိပြုသင့်ကြသည်။

အဆိုပါတွက်ချက်မှုအရ ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် ဆုံးရှုံးရသော ငွေပမာဏသည်ပင်လျှင် ကမ္ဘာတစ်ဝန်း သစ်တောပြုန်းတီးမှုများကြောင့် ဖြစ်ပေါ်ရသော ဆုံးရှုံးမှုပမာဏလောက် များပြားခြင်းမရှိသည်ကို ဖော်ထုတ်သိရှိနိုင်ပြီဖြစ်ရာ ကမ္ဘာ့ပြည်သူတို့အနေဖြင့် သစ်တောပြုန်းတီးမှု တစ်နေ့တခြားတိုးပွားများပြားလာနေခြင်း၏ အန္တရာယ်ကို ဆင်ခြင်သုံးသပ်ကြလျက် ဤမြေကမ္ဘာကြီး၏ အနာဂတ်ကံကြမ္မာအား မည်သို့မည်ပုံ ဖန်တီးသင့်ကြသည်ကို ရွေးချယ်သတ်မှတ်ပြီး ဦးတည်လုပ်ဆောင်ကြရမည့် နောက်ဆုံးအချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း တန်ဖိုးမဖြတ်နိုင်သော သစ်ပင်သစ်တောဧရိယာအများအပြားကို ဆုံးရှုံးခဲ့ရပြီး ဖြစ်သည့်အတွက် အနာဂတ်မြန်မာနိုင်ငံသည် ရာသီဥတုဆိုးရွားစွာ ဖောက်ပြန်ပြောင်းလဲပြီး မိုးလေဝသအခြေအနေများ ကစဉ့်ကလျားဖြစ်ပျက်နေသည့်ဒေသတစ်ခု ဖြစ်မလာစေရေးအတွက် သစ်တောပြုန်းတီးမှုကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် လက်တွေ့ကျကျ ထိရောက်စွာ ဟန့်တားလုပ်ဆောင်ကြရမည့် နောက်ဆုံးအချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။

### သစ်တောပြုန်းတီးမှုကို ထိရောက်စွာ ဟန့်တားဆောင်ရွက်

သစ်တောပြုန်းတီးမှုကို ထိရောက်စွာ ဟန့်တားဆောင်ရွက်သည်ဆိုရာ၌ သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းနှင့် သစ်ထုတ်ခြင်းများကို တင်းကျပ်စွာတားမြစ်ပြီး ဖောက်ဖျက်ကျူးလွန်ပါက ထိရောက်စွာအပြစ်ပေးခြင်း စသည်တို့ကို လုပ်ဆောင်နေရုံမျှဖြင့် လုံလောက်မှုရှိမည်မဟုတ်ပေ။ ခေတ်မီသော သစ်ထုတ်လုပ်မှုနည်းစနစ်များကို အသုံးချခြင်း၊ စိုက်ပျိုးမြေများတိုးချဲ့ရာ၌ သစ်ပင်ကြီးငယ်တို့ ခုတ်ထွင်ရှင်းလင်းရမှုကို အတတ်နိုင်ဆုံးလျှော့ချခြင်း၊ မြို့သစ်များဖော်ထုတ်ရာ၌လည်း သစ်ပင်သစ်တောများ ဖျက်ဆီးရမှုကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ခြင်း၊ သစ်တောများ မီးမသင့်ရအောင် စီမံချက်များချမှတ်၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်တောဂေဟစနစ် ပိုမိုကောင်းမွန်စေရေးအတွက် ဂေဟဗေဒဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးခြင်း၊ သစ်အခြေခံစက်မှုလုပ်ငန်း (Wood-based Industry) ကဲ့သို့သော သစ်အများအပြားသုံးစွဲရသည့် လုပ်ငန်းများအတွက် သီးခြားသစ်တောကွက်များ ထူထောင် စိုက်ပျိုးခြင်း စသည်တို့ကိုပါ တစ်ပြိုင်တည်း ပူးတွဲလုပ်ဆောင်ကြရမည် ဖြစ်သည်။

ယခုအခါ ဂျပန်နှင့် ဩစတြေးလျကဲ့သို့သော ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အထောက်အပံ့ဖြင့် အရှေ့တောင် အာရှနိုင်ငံများဖြစ်ကြသည့် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မလေးရှား၊ အင်ဒိုနီးရှား စသောနိုင်ငံများနှင့် အာရှနိုင်ငံ အချို့တွင် သစ်တောများ ပြန်လည်ထူထောင်ခြင်းနှင့်အတူ သစ်အခြေခံစက်မှုလုပ်ငန်းများအတွက် သစ်မာထုတ်လုပ်ရေး၊ စက္ကူကုန်ကြမ်းဖြစ်သည့် ပျော့ဖတ်ရရှိရေး၊ အထပ်သား စက်ရုံများအတွက် သစ်ပါးလွှာထုတ်လုပ်နိုင်သည့် ပင်စည်ဖြောင့်တန်းသော သစ်လုံးများရရှိရေးတို့အတွက် သီးသန့် စက်မှုကုန်ကြမ်းသစ်တောများ ထူထောင်စိုက်ပျိုးမှုကို လုပ်ဆောင်နေကြပြီ ဖြစ်သည်။

### အဓိကရွေးချယ်ကြသောသစ်ပင်များ

ယင်းသို့ လုပ်ဆောင်ကြရာတွင် အဓိကရွေးချယ်ကြသော သစ်ပင်များမှာ နှစ်တိုကာလအတွင်း သစ်ထုတ်နိုင်သော ကြီးမြန်သစ်ပင်များပင် ဖြစ်ကြသည်။ ကြီးမြန်သစ်ပင်ဆိုသည်မှာ ဆယ်စုနှစ်တစ်စုခန့် အတွင်းမှာပင် ပျော့ဖတ်များ၊ သစ်စများ၊ သစ်ပါးလွှာများနှင့် သစ်ခွဲသားများကို ကောင်းစွာ ထုတ်ယူနိုင်သော အပင်များကို ဆိုလိုခြင်းဖြစ်သည်။ ယူကလစ်ပင်၊ စပ်မျိုးယူကလစ်၊ မန်ဂျန်ရှားနှင့် မလေးရှားပိတောက်ကဲ့သို့သော အပင်များသည် ကြီးမြန်သစ်ပင်မျိုးများဖြစ်ကြသည်။

ယူကလစ်ပင်များသည် မီးသင့်ခံရပါက လွယ်ကူလျင်မြန်စွာ လောင်ကျွမ်းသည့်အတွက် မီးတား စိုက်ကွင်းများအဖြစ် ထူထောင်ရန်မသင့်ပေ။ ထို့ပြင် ကြွေကျသောယူကလစ်ရွက်များ၌ အဆီပါဝင်မှု များပြားသည့်အတွက် လွယ်လင့်တကူ မဆွေးမြည့်နိုင်သဖြင့် အချိန်တိုအတွင်း မြေသြဇာပြန်မဖြစ်နိုင်ခြင်းကြောင့် မြေဆီလွှာပြုပြင်ရာတွင် ကောင်းစွာ အထောက်အကူမရနိုင်ပေ။ မန်ဂျန်ရှားနှင့် မလေးရှားပိတောက်တို့ကမူ ယူကလစ်ပင်များလောက် လွယ်လင့်တကူ မီးလောင်ကျွမ်းနိုင်ခြင်း မရှိသည့်အပြင် အဆီပါဝင်မှု အလွန်နည်းသော ရွက်ကြွေများက လျင်မြန်စွာဆွေးမြည့်ပြီး မြေသြဇာပြန်ဖြစ်သည့်အချိန်က တိုတောင်းသဖြင့် မြေဆီလွှာကိုပြုပြင်ရာ၌ ထိရောက်စွာ အထောက်အကူဖြစ်စေသည်။

ယခုအခါ မူရင်းအပင်မျိုးစိတ်များ ဖြစ်ကြသော မန်ဂျန်ရှား (Acacia Mangium) နှင့် မလေးရှားပိတောက် (Acacia Auriculiformis) တို့ကို စပ်ထားသည့် စပ်မျိုးအကေးရှား (Hybrid Acacia) ကို ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံများ၌ စီးပွားဖြစ် အကြီးအကျယ်စိုက်ပျိုးကာ ဒေသမျိုးရင်း သစ်ပင်သစ်တောများပြုန်းတီးရမှု လျော့ပါးသက်သာစေရေးကို လုပ်ဆောင်လျက်ရှိနေကြသည်။

စပ်မျိုးအကေးရှားသည် မူရင်းမျိုးစိတ်များထက် အထွက်နှုန်း ၄၀ ရာခိုင်နှုန်းပိုမိုပြီး လေးနှစ်မှ ခုနစ်နှစ်အတွင်း ပျော့ဖတ်၊ သစ်စ၊ သစ်ပါးလွှာနှင့် သစ်ခွဲသားများကို ထုတ်ယူနိုင်သည်။ ရေစုပ်ယူမှုနည်းပြီး မြေဆီလွှာကို ပြုပြင်ပေးနိုင်သလို အမြစ်ဖွဲ့စည်းပုံစနစ် ပိုမိုကောင်းမွန်သည့်အတွက် ပြိုလဲမှုလည်း အလွန်နည်းပါးကြောင်း သုတေသီတို့က ဆိုကြသည်။

ပျမ်းမျှအပူချိန် ၁၂ ဒီဂရီစင်တီဂရိတ်မှ ၃၅ ဒီဂရီစင်တီဂရိတ်အတွင်းရှိပြီး ပျမ်းမျှမိုးရေချိန် ၃၆ လက်မမှ လက်မ ၁၀၀ အတွင်း ရရှိကာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၅ ပေမှ ပေ ၁၅၀၀ အတွင်းရှိသည့် အရပ်ဒေသများ၌ စိုက်ပျိုးဖြစ်ထွန်းနိုင်သော စပ်မျိုးအကေးရှားသည် စိုက်ပျိုးပြီး လေးနှစ်မှငါးနှစ်အတွင်း ပျော့ဖတ် (Pulpwood) နှင့် သစ်စ (Wood Chip) များကို ထုတ်ယူနိုင်သလို ခြောက်နှစ်မှ ခုနစ်နှစ်အတွင်း သစ်ပါးလွှာ (Veneer) နှင့်ခုနစ်နှစ်မှ ကိုးနှစ်အတွင်း အရောင်အသွေးလှပသော သစ်ခွဲသား (Sawn Wood) များကို ထုတ်ယူနိုင်သည့် ကြီးမြန်သစ်ပင်မျိုးစိတ် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း သစ်အခြေခံစက်မှုလုပ်ငန်းများ အပါအဝင် သစ်ကိုမဖြစ်မနေသုံးစွဲရသည့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအတွက် စက်မှုကုန်ကြမ်းအစားထိုး သီးသန့်သစ်တောစိုက်ခင်းများအဖြစ် ဖော်ပြပါ စပ်မျိုးအကေးရှားကို မြေလွတ်မြေရိုင်းများပေါ်၌ ဧကပေါင်း သိန်းသန်းချီ၍ ပျိုးထောင် စိုက်ပျိုးသွားမည်ဆိုပါက တစ်ဖက်တွင် နိုင်ငံ့သစ်တောများ ပြုန်းတီးလျော့ပါးရမှုကို သက်သာအောင်၊ ထိုမှတစ်ဆင့် သစ်ပင်သစ်တောများ ပြုန်းတီးရမှုမရှိအောင် ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်သလို အခြားတစ်ဖက်တွင်လည်း သစ်အခြေခံ စက်မှုလုပ်ငန်းကြီးငယ်တို့အတွက် စက်မှုကုန်ကြမ်းများကို လုံလုံလောက်လောက် ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ပေသည်။ ။

## သာစည်မြို့နယ်မှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**သာစည် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ အမိုးသွပ်လန်ခြင်းနှင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါ လေဘေးသင့် အိမ်ထောင်စုများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ဇွန် ၅ ရက်က ပေးအပ်ခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သည့် ထောက်ပံ့ငွေပေးအပ်ပွဲတွင် မိတ္ထီလာခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ပေးအပ်သည့် ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေများကို ဦးစီးမှူး ဒေါ်ကေခိုင်ဝင်းက သာစည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လေဘေးသင့်ပြည်သူ အိမ်ထောင်စုတစ်စုချင်းထံသို့ ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ခွဲဝေပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ရာတွင် သာစည်မြို့နယ် သက္ကယ်ဒိတ်ကျေးရွာအုပ်စု ဖိုးသာနိုင်းကျေးရွာမှ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် အိမ် ခုနစ်လုံး၊ ကန်ရှည်ကျေးရွာအုပ်စု မောင်းမဆည်ကျေးရွာမှ အိမ် သုံးလုံး၊ ဇီးတောအိုင်ကျေးရွာအုပ်စု အောင်သာကျေးရွာနှင့် မကျီးသမျှားကျေးရွာတို့မှ အိမ် သုံးလုံး၊ ညောင်ရမ်းဈေးမှ အိမ်တစ်လုံးတို့အတွက် ပေးအပ်ခြင်းဖြစ်ပြီး အမိုးလန်ပျက်စီးသော အိမ်တစ်အိမ်အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးနှင့် ထောက်ပံ့ငွေများ၊ နေအိမ်ပြိုကျပျက်စီးသော အိမ်တစ်အိမ်အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ပြန်/ဆက်)**

## ပြည်မြို့၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကျင်းပ

**ပြည် ဇွန် ၆**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၂၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုအထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၃ ရက်က ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အဆိုပါပြိုင်ပွဲတွင် ပြည်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**မောင်ရွှေဝင်း(ပြည်)**

## တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဆွေးနွေး

**ပဲခူး ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၈)ကို ဇွန် ၅ ရက်က ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တောင်သူများအတွက် ဧကကွက်များ၊ ကုန်ထုတ်လမ်းများ ဖော်ဆောင်ပေးနိုင်ရေး၊ စိုက်ပျိုးရေး နည်းပညာများ ဖြန့်ဝေပေးနိုင်ရေး၊ ဈေးကွက်ဖော်ဆောင်ပေးနိုင်ရေး၊ သီးနှံအလိုက် အာမခံရရှိနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး၊ ပေါင်းစည်းလယ်ယာစနစ် ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် တောင်သူလယ်သမားတစ်ဦးချင်း ကိုယ်ပိုင်အရည်အသွေးမြင့်မားလာစေရန် ကဏ္ဍတစ်ခုချင်းအလိုက် ဖြေရှင်းဆောင်ရွက်ပေးရမည့် အချက်များအပေါ် ရှင်းလင်းမှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဝန်ကြီးဦးအောင်ဇော်နိုင်က စိုက်ပျိုးသီးနှံများ အရည်အသွေးမြင့်မားလာစေရန်နှင့် ဈေးကွက်ခိုင်မာမှုရရှိစေရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကာ လုပ်ငန်းအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီးနောက် ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


**စာအုပ်စာပေ လူ့မိတ်ဆွေ**


## မိုင်းဖြတ်မြို့နယ် လမ်းဦးစီးဌာနက ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ချပြရှင်းလင်း

**မိုင်းဖြတ် ဇွန် ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်လမ်းဦးစီးဌာနက တာဝန်ယူ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပထမခြောက်လပတ် ပြည်နယ်ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ချပြရှင်းလင်းပွဲကို ဇွန် ၅ ရက်က မြို့နယ်လမ်းဦးစီးဌာန ရုံးခန်း၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မိုင်းဖြတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က မိုင်းဖြတ်-မိုင်းယောင်းလမ်းပိုင်း တိုးချဲ့အခြေခံလွှာလမ်း ဆောင်ရွက်ရာတွင် သက်မှတ်စံချိန်စံနှုန်းနှင့် ပြည့်မီရေးနှင့် ရေရှည်ခိုင်ခံ့မှုရှိရေးတို့အတွက် စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန် အမှာစကားပြောကြားပြီး တာချီလိတ်ခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇင်မင်းဦးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွင်း မိုင်းဖြတ်-မိုင်းယောင်းလမ်းအပိုင်း တိုးချဲ့အခြေခံလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လမ်း/တံတားလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်က အန္တရာယ်လမ်းကွေ့နှင့် လမ်းကျဉ်းနေရာများတွင် အကာအကွယ်များဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေက လမ်းအကွေ့များတွင် သတိပေးသင်္ကေတ မှတ်တိုင်များထားရှိရန်နှင့် ကျဉ်းနေသည့်တံတားအချို့ကို တိုးချဲ့ပြင်ဆင်သင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူးက



ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

မိုင်းဖြတ်မြို့နယ်လမ်းဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၂၂၂ ဒသမ ၄၃ သန်းဖြင့် မိုင်းဖြတ်-မိုင်းယောင်းလမ်း၏ အရှည် ၃ ဒသမ ၂၅ ကီလိုမီတာရှိ လမ်းပိုင်းတွင် ဝဲယာ အကျယ် ၅ မီတာခွဲ တိုးချဲ့ အခြေခံလွှာခင်းခြင်းကို ဆောင်ရွက်လျက်ရှိကာ လက်ရှိအချိန်တွင် ၁ ဒသမ ၃၂၅ ကီလိုမီတာ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းအားလုံးပြီးစီးပါက ခရီးသွားပြည်သူများအနေဖြင့် ပို၍လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရှောလမွန်(ပြန်/ဆက်)**

## ပွင့်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံတော်၌ အခမဲ့ မျက်စိစမ်းသပ်ကုသပေးမည်

**ညောင်လေးပင် ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွင့်တန်ဆာမြို့ရှိ သီတဂူစက္ခုဒါနဆေးရုံတော်ကြီး၌ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ ဦးဆောင်မှုဖြင့် စတုတ္ထအကြိမ်မြောက် အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းကို ဇွန် ၂၂ ရက်မှ ၂၄ ရက်အထိ လူနာစာရင်း စတင်ကောက်ယူလျက်ရှိကြောင်း းသိရသည်။



မျက်စိအခမဲ့ကုသရာတွင် ပွင့်တန်ဆာမြို့ ဇမ္ဗူအေးတောရအင်းဝိုင်းကျောင်းဆရာတော် ကြီးကြပ်မှုဖြင့် သီတဂူသာသနာပြုအဖွဲ့ သီတဂူဆေးရုံတော်များ၏ အမှုဆောင်ဥက္ကဋ္ဌ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမြအောင်ဦးဆောင်၍ မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

မျက်စိဝေဒနာရှင်များ စာရင်းပေးသွင်းရာတွင် ကာယကံရှင်ကိုယ်တိုင် သို့မဟုတ် မိသားစုဝင်တစ်ဦးဦးမှ မျက်စိဝေဒနာရှင်၏ မှတ်ပုံတင် သို့မဟုတ် ရပ်ကွက်ထောက်ခံစာယူဆောင်လာရပြီး နေရပ်လိပ်စာအပြည့်အစုံနှင့် ရောဂါအခြေအနေတို့အား ပြောပြကာ စာရင်းပေးသွင်းရသည်။ ဇွန် ၅ ရက်မှ ၁၁ ရက်အထိ စာရင်းကောက်ယူပေးမည်ဖြစ်ပြီး စမ်းသပ်ကုသပေးမှုအား ဇွန် ၂၂ ရက်မှ ၂၄ ရက်အထိ မျက်စိဝေဒနာရှင်ဦးရေ ၁၅၀၀ ကို တစ်ရက် ၅၀၀ နှုန်းဖြင့် သုံးရက်တိုင်တိုင် စမ်းသပ်ကုသပေးရန် စီစဉ်ထားကြောင်း သိရသည်။

အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခြင်းသည် ပွင့်တန်ဆာမြို့သီတဂူစက္ခုဒါနဆေးရုံတော်၌ စတုတ္ထအကြိမ်မြောက် စမ်းသပ်ကုသပေးခြင်းဖြစ်ကာ ညောင်လေးပင်၊ ပွင့်တန်ဆာ၊ ပိန်းဇလုပ်၊ မဒေါက်မြို့များနှင့် ဒိုက်ဦးမြို့နယ်၊ ကျောက်တံခါးမြို့နယ်များမှ မျက်စိဝေဒနာရှင်များ စာရင်းပေးသွင်းလျက်ရှိပြီး အခြားမြို့နယ်များမှ ဝေဒနာရှင်များ လာရောက်စာရင်းပေးကုသပါကလည်း ကုသပေးမည်ဖြစ်ကြောင်း သီတဂူစက္ခုဒါနဆေးရုံစီမံအုပ်ချုပ်ရေးကော်မတီမှ သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**


**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အစိုးရနည်းပညာကောလိပ်၊ (Civil) ဒုတိယနှစ်မှ မမာလာထူး၏ ဖခင်အမည်မှန်မှာ ဦးသာချို ၅/အရတ(နိုင်)၀၄၉၆၅၁ ဖြစ်ပါကြောင်း။

**မှတ်ပုံတင်အမှတ်အမှန်**

သဃ်န်းကျွန်းမြို့နယ်၊ စုပေါင်းအိမ်ရာ၊ သုဝဏ္ဏ(၂၃)ရပ်ကွက်နေ (ဘ)ဦးအောင်မြင့်သန်း ၁၂/သဃက(နိုင်)၀၁၂၈၁၅၏ သမီးဒေါ်စုသဥ္ဇာအောင်၏ မှတ်ပုံတင်အမှတ်အမှန်မှာ ၁၂/သဃက(နိုင်)၀၅၆၅၀၄ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးသက်မှူးနိုင်-ဒေါ်နန္ဒာအောင်တို့၏ သမီး အမှတ်(၂၅)အမက ရှမ်းကုန်းပိုင်း မြောင်းမြမြို့ ပထမတန်းအောင်မှ မမေထက်သန်အား ယနေ့မှစ၍ မယဉ်မင်းသာဟု ပြောင်းလဲခေါ်ပါရန်။ **မယဉ်မင်းသာ**

**ဖခင်အမည်မှန်**

ဝေါမြို့ (အထကဝေါကျောင်း) တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးမွန်အောင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းညွန့် ၇/ဝမန(နိုင်)၀၀၅၃၁၀ ဖြစ်ပါကြောင်း။ **ဦးသောင်းညွန့်**

**ပြင်ဆင်ဖတ်ရှုပါရန်**

၄-၆-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၅)ပါ တာချီလိတ်မြို့နယ်တရားမရုံး၊ ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၇ ကြော်ငြာ၌ တွဲဖက်မြို့နယ်တရားသူကြီး၊ တာချီလိတ်မြို့နယ်တရားရုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မိဘအမည်မှန်**

မိုင်းဆတ်မြို့၊ အထက(ခွဲ)မိုင်းတွမ်း၊ နဝမတန်းမှ မောင်စိုင်းဖွေးဟန် ၁၃/မဆန(နိုင်)၀၄၉၂၃၉၏ မိဘအမည်မှန်မှာ ဦးစိုင်းဝင်းနိုင် ၁၃/မဆန(နိုင်)၀၀၀၂၆၈ နှင့် ဒေါ်နန်းနွမ်းပို ၁၃/မဆန(နိုင်)၀၁၇၇၁၆ ဖြစ်ပါကြောင်း။


## ပြည်သူများသို့အသိပေးကြေညာခြင်း

## သာကေတတံတားသစ်(ဒေါပုံတံတား) ယာဉ်များသွားလာရန် ယာယီဖွင့်လှစ်ခြင်းအတွက် ပြည်သူများသို့အသိပေးကြေညာခြင်း

ဂျပန်နိုင်ငံ၏ Grant Aidထောက်ပံ့ကူညီမှုအစီအစဉ်အရ အကောင်အထည်ဖော်တည်ဆောက် လျက်ရှိသော ဒေါပုံတံတားသစ်တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ ချဉ်းကပ်လမ်းပိုင်းနှင့် ဆက်သွယ်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန်ရှိပါသဖြင့် တံတားသစ်၏ (ယာဉ်သွားလမ်း (၄)လမ်းရှိသည့်အနက်) ရည်ညွှန်းပါပုံတွင်သတ်မှတ်ထားသည့် ယာဉ်သွားလမ်းကြောင်း အစီအစဉ်အတိုင်း မော်တော်ယာဉ်များသွားလာနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် ဇွန်လ ၁၀ ရက် နံနက် ၇ နာရီတွင် ယာယီဖွင့်လှစ်မည်ဖြစ်ပါကြောင်း ပြည်သူများအားအသိပေးကြေညာအပ်ပါသည်။

**တံတားဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**၂၀၁၈ ခုနှစ်၊ ဇွန်လ ၇ ရက်**

ဒေါပုံတံတားသစ်စီမံကိန်း၏ ယာဉ်သွားလမ်းကြောင်းအစီအစဉ်









## ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈)**

**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

**၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၈**

ဦးအောင်ကြည်ညွန့် နှင့် ဦးမျိုးအေး
(လက်ရှိအဖွဲ့ဝင်)
မြစိမ်းရောင်ကော်မတီ(အသားကဏ္ဍ)၊
လက်ခိုက်ကျေးရွာအုပ်စု၊ ကော့မှူးမြို့နယ်။
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာအုပ်စု၊ မြစိမ်းရောင်ကော်မတီ (အသားကဏ္ဍ)၏လက်ရှိအဖွဲ့ဝင် ဦးအောင်ကြည်ညွန့်က တရားလိုပြုလုပ်၍ တရားပြိုင်ဦးမျိုးအေး အပေါ် မြစိမ်းရောင်ကော်မတီ ပိုင်ငွေကျပ်သိန်း ၁၀၀နှင့် အတိုးငွေကျပ် ၆ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၀၆ သိန်းရလိုမှု စွဲဆိုထားပါသည်။

ထိုသို့စွဲဆိုရာတွင် ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာအုပ်စု၊ မြစိမ်းရောင် (အသားကဏ္ဍ)၏လက်ရှိအဖွဲ့ဝင်ဖြစ်သူ ဦးအောင်ကြည်ညွန့်အနေဖြင့် တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈ အရ အများကိုကိုယ်စားပြု၍ တရားပြိုင် ဦးမျိုးအေးအပေါ် တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါအမှုတွင် တရားလိုအဖြစ်လည်းကောင်း၊ တရားပြိုင်အဖြစ်လည်းကောင်း ပါဝင်လိုသူအရပ်ရပ်တို့သည် ဤရုံးတော်သို့ ၂၀၁၈ ခုနှစ်၊ ဇွန် ၂၅ရက်(၁၃၈၀ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၃ရက်)နံနက် ၁၀နာရီတွင် လာရောက်လျှောက်လွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂၀၁၈ခုနှစ်၊ ဇွန် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိမိခိုင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

## ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈)**

**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

**၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၇**

ဦးအောင်ကြည်ညွန့် နှင့် ဦးစိန်လွင်
(လက်ရှိအဖွဲ့ဝင်)
မြစိမ်းရောင်ကော်မတီ(အသားကဏ္ဍ)၊
လက်ခိုက်ကျေးရွာအုပ်စု၊ ကော့မှူးမြို့နယ်။
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာအုပ်စု၊ မြစိမ်းရောင်ကော်မတီ (အသားကဏ္ဍ)၏လက်ရှိအဖွဲ့ဝင် ဦးအောင်ကြည်ညွန့်က တရားလိုပြုလုပ်၍ တရားပြိုင်ဦးစိန်လွင် အပေါ် မြစိမ်းရောင်ကော်မတီပိုင် ငွေကျပ်သိန်း ၁၀၀နှင့် အတိုးငွေကျပ် ၆ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၀၆ သိန်းရလိုမှု စွဲဆိုထားပါသည်။

ထိုသို့စွဲဆိုရာတွင် ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာအုပ်စု၊ မြစိမ်းရောင်(အသားကဏ္ဍ)၏ လက်ရှိအဖွဲ့ဝင်ဖြစ်သူ ဦးအောင်ကြည်ညွန့်အနေဖြင့် တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈ အရ အများကိုကိုယ်စားပြု၍ တရားပြိုင် ဦးစိန်လွင်အပေါ် တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါအမှုတွင် တရားလိုအဖြစ်လည်းကောင်း၊ တရားပြိုင်အဖြစ်လည်းကောင်း ပါဝင်လိုသူအရပ်ရပ်တို့သည် ဤရုံးတော်သို့ ၂၀၁၈ ခုနှစ်၊ ဇွန် ၂၅ရက်(၁၃၈၀ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၃ရက်)နံနက် ၁၀နာရီတွင် လာရောက်လျှောက်လွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂၀၁၈ခုနှစ်၊ ဇွန် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိမိခိုင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ် အလက (ဆိတ္တဲ) ပဥ္စမတန်းမှမပြတ်သော်ခင်၏ အမည်မှန်မှာ မပြတ်သောခင်ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ် အလက (ဆိတ္တဲ) ပဥ္စမတန်းမှ မသီတာချမ်းမြေ့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မျိုး ၇/ပတန(နိုင်)၁၀၅၆၂၄ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ တွင်းကြီးကျေးရွာအုပ်စု၊ ဖလန်ပင်ကျေးရွာ အလက(ခွဲ)မှ မောင်သီဟမောင်နှင့် မအိမြွေးတို့၏ ဖခင်ဦးနေလင်းဦး၏ အမည်မှန်မှာ ဦးငွေးလင်း ၈/နမန(နိုင်)၁၇၆၉၇၀ ဖြစ်ပါကြောင်း။

ဦးငွေးလင်း

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ သဲကျွန်းကွက်သစ်ရှိ မြေကွက်အမှတ် ဥသ-၁၀၃၂ ပါမစ်မြေကွက်၏ မြေပေးမိန့်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးစောပီဖိုး ၃/ဘအန(နိုင်)၀၂၀၆၄၂ (ဘ)ဦးစောအပေမှ မြေပေးမိန့်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကိုန်ဆိုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ကိုယ်တိုင်ကတိဝန်ခံချက်များ တင်ပြပြီး မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ပြည်သူ့ဆေးရုံကြီး၊ သန်လျင်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် သန်လျင်မြို့၊ ခုတင်-၂၀၀ဆံ့ ဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် လူနာများအား ကုသပေးရန် လိုအပ်သည့် အောက်ဖော်ပြပါတို့အား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
(က) ဆေးဝါးများ(FDA အသိအမှတ်ပြု) (ခ) ဓာတ်ခွဲခန်းသုံးဓာတ်ဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ (ဃ) ဆေးရုံသုံးပစ္စည်းများ (Consumables)
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၇-၆-၂၀၁၈ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၇-၂၀၁၈ရက် (သောကြာနေ့) ညနေ၄နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သန်လျင်မြို့၊ ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**သန်လျင်ပြည်သူ့ဆေးရုံကြီး**
**ဆက်သွယ်ရန်-ဖုန်း-၀၅၆-၂၁၅၁၁ (လိုင်းခွဲ-၁၂)၊ ၀၅၆-၂၃၃၂၈(Fax)**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ ပန်ကန်း အထက ကျောင်း၊ ဒသမတန်း(B)တွင် ပညာသင်ကြားနေသော မောင်ဇော်ဦး၏ ဖခင် အမည်မှန်မှာ ဦးချမ်းဒရာလာဘ်ဖြစ်ပါကြောင်း။ ဦးချမ်းဒရာလာဘ်
၂/ဒမဆ(ဧည့်)၀၀၀၂၀၉

## အမည်ပြောင်း

ဦးဇော်အောင် ၁၀/မလမ(နိုင်)၁၄၀၂၅၆ ၏သား မော်လမြိုင်မြို့၊ အထက(၉)ပဥ္စမတန်း(B)မှ မောင်ဖွဲ့အောင်ကောင်းဆင့်အား မောင်အောင်ကောင်းဆင့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ကောင်းဆင့်

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၇ခုနှစ်(သို့မဟုတ်)၂၀၁၈ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ကိုးဘွဲ့ရ ကျောင်းတိုက်၌ အမြတ်ဆုံး သိမ်, ဘုရား, ကျောင်းဒကာ ခံယူပါ။

နိုင်ငံကျော် မဓမ္မကထိက၊ ကိုးဘွဲ့ရ ဆရာတော် အရှင်အာစာရာလင်္ကာရအရှင်မြတ် တည်ထောက်သော ကျောင်းတိုက်အတွင်း၌ (၁) မြေအလှူတော် ၅၀၀၀ဝိ/- (၂) ကျောင်းအလှူတော် ၅၀၀၀ဝိ/- (၃) သိမ်အလှူတော် ၅၀၀၀ဝိ/- (၄) ဘုရားစေတီ အလှူတော် ၅၀၀၀ဝိ/- (၅) ဒုတ်တံတိုင်း အလှူတော် ၅၀၀၀ဝိ/- (၆) ပစ္စည်းလေးပါး ပဒေသာပင်အလှူတော် ၅၀၀၀ဝိ/- ကို ရန်ကုန်-မြောက်ဒဂုံ (၄၂) ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်အကောင့်နံပါတ် ၀၇၀-၃၀၁-၀၁-၆၀၀-၅၁-၄၀၀၁ (070-301-01-600-51-4001) သို့ ဖြစ်စေ ဆက်သွယ် လှူဒါန်းနိုင်ပါပြီ။ ဖုန်း ၀၉ ၇၈ ၇၈ ၈၇ ၉၆၉၊ ၀၉ ၇၈ ၇၈ ၇၇ ၉၆၉

## အမည်မှန်

ဦးနိုင်လင်း၏သား မော်လမြိုင်မြို့ အလက(ရွှေပြည်အေး)၊ တတိယတန်းမှ မောင်ချမ်းမြေ့တည်ကြည်လင်း၏ အမည်မှန်မှာ မောင်သုတဇော် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက(၇)၊ စတုတ္ထတန်း (A) မှ မအေးသီရိကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဦး ၉/အမဇ(နိုင်)၀၃၅၄၉၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့၊ အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်း (B) မှ မပိုးအိစံ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးခေတ်အောင် ၁၄/ငပတ(နိုင်)၁၇၉၄၃၂ ဖြစ်ပါသည်။

**ဦးခေတ်အောင်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့ အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်း (D)မှ မောင်အောင်သက်ပိုင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးမင်းဇော်ဦး ၁၄/ငပတ(နိုင်)၁၇၉၄၁၇ ဖြစ်ပါသည်။ **ဦးမင်းဇော်ဦး**

## ဖခင်အမည်မှန်

အထက ကွေ့ဝမ်း၊ နဝမတန်းကျောင်းသူ မအိအိမင်း၏ ဖခင်အမည်မှန်မှာ ဦးတင်မျိုးမင်း ၇/လပတ(နိုင်)၁၃၄၇၄၉ ဖြစ်ကြောင်း။ **ဦးတင်မျိုးမင်း**

## ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အထက(ခွဲ) နှင်းပုလဲ ပဉ္စမတန်းမှ မသီရိအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ငယ်(ကွယ်လွန်) ၁၀/ဘလန(နိုင်)၁၁၅၇၁၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အထက(ခွဲ) နှင်းပုလဲ ဒုတိယတန်းမှ မောင်အောင်မြင့်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွေး ၁၀/ဘလန(နိုင်)၁၇၂၃၇၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အထက(ခွဲ) နှင်းပုလဲ ဒုတိယတန်းမှ မစုလှိုင်နှင်း၏ ဖခင်အမည်မှန်မှာ ဦးသက်မင်းသူ ၁၀/သထန(နိုင်)၁၈၃၃၁၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အထက(ခွဲ) နှင်းပုလဲ ပထမတန်းမှ မောင်လှိုင်မျိုးသူနှင့် မူကြိုတန်းမှ မောင်အောင်မြတ်သူတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၁၀/ဘလန(နိုင်)၀၈၇၀၇၃ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ဘီးလင်းမြို့၊ အထက(ခွဲ) နှင်းပုလဲ ပထမတန်းမှ မောင်လှိုင်မျိုးသူနှင့် မူကြိုတန်းမှ မောင်အောင်မြတ်သူတို့၏ မိခင်အမည်မှန်မှာ မငွမ်းပုံ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်နှင့် မိခင်အမည်မှန်

ဘီးလင်းမြို့၊ အထက (ခွဲ) နှင်းပုလဲ ဆဋ္ဌမတန်းမှ မောင်မြင့်မြတ်အောင်၏ ဖခင်နှင့်မိခင်တို့၏ အမည်မှန်မှာ ဦးဇော်မင်းခိုင် ၁၀/ဘလန(နိုင်)၀၆၀၆၄၄- ဒေါ်ခင်မာစိုး ၁၀/ဘလန(နိုင်)၁၇၂၃၃၇ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မကွေးမြို့၊ အမှတ်(၆၆)အလယ်ရပ်၊ ဘုရားလမ်းနေ ဦးဝင်းမြင့်သန်း ၈/မကန(နိုင်)၀၀၀၄၄၄ နှင့် ဒေါ်နွယ်နွယ်လင်း ၈/ဆပဝ(နိုင်)၀၅၁၃၂၂ ၏သားသမီးများဖြစ်သော မောင်ထက်ဝေအောင်၏ အမည်မှန်မှာ မောင်သုတအောင်ဖြစ်ပါကြောင်းနှင့် မိတ္ထီလာမြို့၊ ပညာရှင်ကိုယ်ပိုင်အထက်တန်းကျောင်းမှ နဝမတန်းအောင်မြင်ခဲ့သော မဝင်းသီဂီအား မဝင်းသီဂီမိုးဟုပြောင်းလဲခေါ်ပါရန်။

**မောင်သုတအောင်၊ မဝင်းသီဂီမိုး**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ တပ်တွင်းကျောင်း၊ အထက(ခွဲ)၊ ပထမတန်းမှ (ဘ)ဦးဇော်သက်အောင် ၈/မလန(နိုင်)၀၈၃၈၇၄ ၏သမီး မသွန်းဝတီ၏ အမည်မှန်မှာ မသက်မှူးခင်ဖြစ်ပါကြောင်း။ **မသက်မှူးခင်**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ တပ်တွင်းကျောင်း၊ အထက(ခွဲ)၊ ပထမတန်းမှ (ဘ)ဦးမင်းဌေး ၈/မလန(နိုင်)၀၈၇၈၄၄ ၏သား မောင်နေမင်းထက်၏ အမည်မှန်မှာ မောင်တင်မင်းအေး ဖြစ်ပါကြောင်း။ **မောင်တင်မင်းအေး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၄၇**

ဦးသက်နောင် **နှင့်** ဒေါ်လှလှဆင့်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဖျောက်ဆိပ်ကုန်းကျေးရွာ၊ နတ်ရေကန်အုပ်စုနေ ဒေါ်လှလှဆင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသက်နောင်က လင်မယားကွာရှင်းပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဇွန် ၂၂ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မုံရွာမြို့နယ်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၉**

ဦးမှတ်ရွှင် **နှင့်** ဦးခင်မောင်ဝင်း
**တရားလို** **တရားပြိုင်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ နယ်မြေ(၁)၊ အမှတ် (၁) လမ်း၊ ချမ်းမြေ့ငါးဒိုင်အနောက်ဘက်နေ ဦးခင်မောင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးမှတ်ရွှင်က တရားလိုသည် အချင်းဖြစ်အိမ်ဝင်းမြေတွင် အနှောင့်အယှက်ကင်းမဲ့စွာဖြင့် လက်ရှိထားကာ နေထိုင်ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဇွန် ၁၃ ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁ရက်)တွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချစ်ငြိမ်းနွယ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မုံရွာမြို့နယ်တရားရုံး**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးကြည်စော [ပြည်နယ်ရုံးခွဲဦးစီးမှူး၊ ရှမ်းပြည်နယ်ရုံးခွဲ(ကျိုင်းတုံ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန]နှင့် ဇနီး ဒေါ်မီမီမောင်ထွေး မြဝတီရပ်သံ(ငြိမ်း)တို့၏ တစ်ဦးတည်းသောသား မောင်အောင်ကောင်းခန့်သည် ၂၀၁၇-၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (၅)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူရပါသည်။

**ခနသုခမိသားစု(မော်ဘီ)**
**ဒေါ်တင်တင်ဝင်း(အထပြ)**
**အထက(၂)၊ မော်ဘီမြို့**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမှုပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗဟိုလမ်းမနှင့် အောင်ချမ်းသာလမ်းထောင့်၊ အမှတ်(၃၂)တွင် ဖွင့်လှစ်ထားသော **လတ်လတ် ကြက်ဆီထမင်းနှင့်ရေခဲမုန့်ဆိုင်** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမှုပိုင်အဖြစ် တရားဝင်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။




**မှတ်ပုံတင်စာချုပ်အမှတ် (၅၀၂၈/၂၀၁၈)**

အထက်ပါ **လတ်လတ်** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်သော ကြက်ဆီထမင်းနှင့်ရေခဲမုန့်အမျိုးမျိုးတို့နှင့်ပတ်သက်သော ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ပါ **လတ်လတ်** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ထုပ်ပိုးပစ္စည်းများ၊ စာရွက်စာတမ်းများ၊ ဆိုင်းဘုတ်၊ ဘလောက်ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ အင်တာနက်၊ ဝက်ဘ်ဆိုက်အစရှိသည်တို့အပေါ်တွင်လည်း ဖော်ပြပါအမှတ်တံဆိပ်အမည်အမှတ်အသားများကို စာရွက်စာတမ်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးတို့ဖြင့် ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေ၍သော်လည်းကောင်း၊ တုပသုံးစွဲခြင်းမပြုလုပ်ကြရန်နှင့်လိုက်နာခြင်းမရှိပါက လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာမှုအရပ်ရပ်အတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလင်းအောင်(LL.B.,D.B.L.,D.M.L)**
**ဒေါ်ဖြူဖြူခိုင် LL.B.,D.B.L.,D.M.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ငြိမ်းချမ်းစုရည်(LL.B.,D.B.L.,D.I.L.,D.M.L) အထက်တန်းရှေ့နေ**
**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၁၂) ရပ်ကွက်၊ မာဃ (၇)လမ်း၊ အမှတ်(၇၇၄)တွင် နေထိုင်သူ ကျွန်ုပ်၏ အမှုသည် ဦးအေးကို ၁၂/ဥကတ (နိုင်)၁၁၃၃၁၄ အေကေအိတ်ချုပ်လုပ်ငန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၂။ ကျွန်ုပ်၏အမှုသည် ဦးအေးကိုသည် အေကေ သားရေအိတ်ချုပ်လုပ်ငန်းကို လွန်ခဲ့သော ၁၉၈၆ ခုနှစ်ကစ၍ အထက်ပါနေရပ်လိပ်စာတွင် လုပ်ကိုင်လျက်ရှိသည်မှာ ယနေ့အထိဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏အမှုသည် ဦးအေးကိုသည် မည်သည့်အခါကမျှ **ဆိုဖာ** လုပ်ငန်းကိုလုပ်ကိုင်ခဲ့ခြင်းလုံးဝမရှိပါ။ ထို့အပြင် ကျွန်ုပ်၏အမှုသည် ဦးအေးကိုသည် အေကေသားရေအိတ်ချုပ်လုပ်ငန်းကို ကျွန်ုပ်၏အမှုသည် ဦးအေးကို တစ်ဦးတည်းအမည်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၏ ခွင့်ပြုချက်လုပ်ငန်းလိုင်စင်အမှတ်(၀၂၁၀၂၀၁၃၉) အရ လုပ်ငန်းလုပ်ကိုင်လျက်ရှိပြီး ကျွန်ုပ်၏အမှုသည် ဦးအေးကို၏ သမီး မသက်ထားဆွေ ၁၂/ဥကတ(နိုင်)၁၇၈၄၁၁ နှင့်လည်း ပူးတွဲလုပ်ကိုင်ခြင်းမရှိသည့်အပြင် အခြားမည်သူတစ်ဦးတစ်ယောက်နှင့်လည်း ပူးတွဲလုပ်ကိုင်ခြင်း လုံးဝမရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ ထို့ကြောင့် ကျွန်ုပ်၏အမှုသည် ဦးအေးကိုနှင့် ၄င်း၏မိသားစုဝင်များအား Facebook လိုင်းပေါ်တွင်ဖြစ်စေ၊ Messenger တွင်ဖြစ်စေ၊ Viber ဖြင့်ဖြစ်စေ၊ တယ်လီဖုန်းထဲတွင်ဖြစ်စေ ပြင်ပတွင် လူကိုယ်တိုင်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဆဲဆိုခြင်း၊ ကြိမ်းမောင်းခြင်း ခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပေးခြင်းများ လုံးဝမပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ကျွန်ုပ်၏အမှုသည် ဦးအေးကိုနှင့် ၄င်း၏ မိသားစုဝင်များအား ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူအပြောအဆို ကြိမ်းမောင်းခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပေးခြင်းများ ပြုလုပ်လာပါက ပြုလုပ်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးကို** **လွှဲအပ်ညွှန်ကြားချက်အရ-**
**လွှဲအပ်ညွှန်ကြားသူ** **ဦးသိန်းဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၇၂)**
**အမှတ်၇(က)၊ ပိတောက်လမ်း၊**
**ပဲခူးလမ်းရပ်ကွက်၊ ထောက်ကြန့်မြို့၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

လှည်းကူးမြို့နယ် မင်းကုန်း(၅)ရပ်ကွက်နေ (ဦးစိန်ဝင်း)-ဒေါ်သောင်း၊ (ဦးကံရွှေ)-ဒေါ်အုန်းရီ၏သား မောင်ဇော်လတ်နှင့် မော်ဘီမြို့နယ်၊ လှပဒါးကျေးရွာနေ ဦးကျော်ကျော်-ဒေါ်ယဉ်ယဉ်ဌေးတို့၏ သမီးကြီး မနှင်းဆုဝေ(ခ)မယဉ်နွယ်ဦး စတုတ္ထနှစ်(ရူပဗေဒ)အဝေးသင်တို့သည် ၂-၆-၂၀၁၈ရက်(စနေနေ့)တွင် နှစ်ဖက်သောလူကြီးမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇော်လတ်-မနှင်းဆုဝေ(ခ)မယဉ်နွယ်ဦး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပြည်မြို့နယ်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၄**

ဒေါ်သန်းသန်းရှင်(၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ-ဦးအောင်သန်းထွဋ်)

၁။ ဒေါ်တင့်တင့်ဝေ
၂။ မောင်အာကာဖြိုး
၃။ မောင်စွမ်းရည်ဘို
၄။ ဒေါ်ခင်သန်းမြင့်
၅။ ဦးအယွတ်ခန်

**တရားလို** **တရားပြိုင်များ**

ပြည်မြို့၊ ဆံတော်ရပ်၊ လှိုင်ဂါတ်လမ်း၊ ပီတိဆေးခန်းအနီး၊ သုခဇေယျာကျောင်းတိုက်နေ (ဘ)ဦးကျော်တင့်၏သမီး ဒေါ်တင့်တင့်ဝေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်သန်းသန်းရှင် (၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ-ဦးအောင်သန်းထွဋ်) က စာချုပ်စာတမ်းများ ပယ်ဖျက်ပေးစေလိုမှုနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအား ဖျက်သိမ်းဖယ်ရှားထွက်ခွာစေ၍ မြေကွက်လက်ရောက်ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ခုနှစ် ဇွန် ၂၂ ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇွန် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်မြင့်ချစ်ကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်မြို့နယ်တရားရုံး**

## ဦးကိုကြီးနှင့်အများသိစေရန်ကြေညာခြင်း

တောင်ငူမြို့၊ အမှတ် (၁၁) ရပ်ကွက်၊ ကန်တော်လမ်း၊ ၁၁/၂၅၆ နေ ဦးအောင်ကိုကို (၁၂/မဂတ(နိုင်)၀၈၇၅၃၉) ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ -

တောင်ငူမြို့၊ အမှတ် ၁၁ ရပ်ကွက်၊ ကန်တော်လမ်း၊ ၁၁/၂၅၆၊ မြေတိုင်း ရပ်ကွက်အမှတ် ၅-ခ၊ ဈေးတန်းအကွက်၊ ဦးပိုင်အမှတ် (၉၉)၊ မူလဧရိယာ ၀. ၁၁၈ ဧကရှိ ဂရန်မြေကွက်မှ မျက်နှာစာ ၄၅ ပေ × အလျား ၈၅ ပေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် (၂) ထပ်အဆောက်အဦး ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးကိုကြီး (ဘ) ဦးဟာမြစ် (TGO-၁၂၂၇၃၅) မှ တရားဝင်လက်ရှိထားပိုင်ဆိုင်နေထိုင်ကြောင်းနှင့် လွတ်လပ်စွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံပြောဆိုချက်အရ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးအောင်ကိုကိုမှ ယင်းနေအိမ်နှင့်ခြံမြေကို နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုဝယ်ယူကာ တစ်စိတ်တစ်ပိုင်းငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ရောင်းသူမှသော်လည်းကောင်း၊ အခြားသူများမှသော်လည်းကောင်း အဆိုပါနေအိမ်ခြံမြေနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းများကို မပြုလုပ်ရန် ဦးကိုကြီးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်ကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂/၂၀၁၃)**
**အမှတ် ၄၂၊ ၄-လွှာ၊ လမ်း ၁၄၀၊ မအူကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၅၀၆၄၉၅၉**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်တော်ဦးမောင်စောအေးသည် (၂၁-၅-၂၀၁၈)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၆)တွင် "ရခိုင်ပြည်နယ်၊ ပေါက်တောမြို့၊ အရှေ့ပိုင်းရပ်ကွက်နေ ကွယ်လွန်သူ ဦးကြာထွန်းနှင့်ဒေါ်ဝင်းသာတို့၏ သားသမီးများဖြစ်ကြသော ရခိုင်ပြည်နယ်၊ ပေါက်တောမြို့၊ အလယ်ပိုင်းရပ်ကွက်နေ ဒေါ်အေးကြိုင်၊ ဒေါ်ဌေးဌေးအေး၊ ဒေါ်ခင်လှရီ၊ အရှေ့ပိုင်းရပ်ကွက်နေ ဒေါ်မအေးကျော့၊ ဒေါ်အေးအေးစော၊ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်နေ ဒေါ်မအေးယဉ်၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဂေါက်ရီလမ်းနေ ဒေါ်လှမြအေး ကျောင်းကြီးလမ်းရပ်ကွက်နေ ဦးမောင်တင်အေးနှင့် အများသိစေရန် အသိပေးကြေညာခြင်း" ကြေညာချက်ကို ကျွန်တော်၏ရှေ့နေ ဒေါ်ဦးသန်းခိုင်၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၀၃)မှတစ်ဆင့် အသိပေးကြေညာခဲ့ပါသည်။

အဆိုပါကြေညာစာ ထည့်သွင်းဖော်ပြပြီးနောက် ကျွန်တော်နှင့် အထက်ဖော်ပြပါညီအစ်ကိုမောင်နှမတို့အကြား ဆွေးနွေးညှိနှိုင်းကြရာ နှစ်ဖက်သဘောတူညီနားလည်မှုရရှိကြပြီးဖြစ်ပါ၍ ၄င်း (၂၁-၅-၂၀၁၈)ရက်စွဲပါမြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)ပါ ကြေညာချက်အား ရုပ်သိမ်းပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်စောအေး(ဘ)ဦးကြာထွန်း**
**၁၁/ပတန(နိုင်)၀၀၁၃၇၈**
**ဦးမြဝါလမ်း၊ ဘဝမ်းချောင်းဝစုရပ်ကွက်၊**
**ပေါက်တောမြို့၊**

## ဦးစိုးမောင် အသက်(၈၅)နှစ်
### နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၃၀) ရန်ကုန်သစ်ရပ်ကွက်၊ နှင်းဆီဖြူလမ်း၊ အမှတ် ၁၂၃နေ(ဦးဘိုးတုတ်-ဒေါ်ငွေဆင့်)တို့၏သား၊ (ဦးထွန်းလှိုင်-ဒေါ်တင်)တို့၏သားသမက်၊ (ဒေါ်ညွန့်ညွန့်)၏ခင်ပွန်း၊ ဒေါ်အေးအေးစိုး(ဒု-ညွှန်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးညွန့်စိုး၊ ဒေါ်ဥဝါးတိုရို(ခေတ္တ-တိုကျို၊ ဂျပန်)၊ ဦးထွန်းအောင်၊ ဒေါ်ရီရီစိုး(ခေတ္တ-တိုကျို၊ ဂျပန်)၊ ဗိုလ်မှူးမြင့်စိုး(ကထိက၊ ဥပဒေရေးရာ ဆေးပညာဌာန၊ တဆတ)၊ ဒေါ်ခင်စုထွေးတို့၏ဖခင်၊ မောင်တင်ထွဋ်(ခေတ္တ-တိုကျို၊ ဂျပန်)၊ မောင်မျိုးမင်းစိုး(ခေတ္တ-တိုကျို၊ ဂျပန်)၊ မောင်ရှို့တာ(ခေတ္တ-တိုကျို၊ ဂျပန်)၊ မောင်ခန့်စိုးမောင်(သတ္တဗေဒ၊ နောက်ဆုံးနှစ်၊ ဒဂုံတက္ကသိုလ်)၊ မောင်ရဲစစ်အောင်[သတ္တမတန်း(စီ)၊ အထက သုဝဏ္ဏ]တို့၏အဘိုး၊ ယခင်တာမွေမြို့နယ်၊ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၅၉နေ ဦးစိုးမောင်သည် ၅-၆-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၈ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တာမွေမြို့နယ်၊ သီတာလမ်း၊ ကျောက်မြောင်း၊ အမှတ် ၅၉နှင့် သဃ်န်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ နှင်းဆီဖြူလမ်း၊ အမှတ် ၁၂၃တို့မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးမောင်
### နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
### အသက်(၈၅)နှစ်

ဒေါ်အေးအေးစိုး(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဖခင်ဖြစ်သူ ဦးစိုးမောင်သည် ၅-၆-၂၀၁၈ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်**
**နိုင်ငံခြားရေး/အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး**
**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိုး၏ဖခင်ဖြစ်သူ ဦးစိုးမောင် အသက်(၈၅)နှစ်သည် ၅-၆-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းမိသားစုများ**
**မြန်မာသံရုံး၊ လန်ဒန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးမောင်
### နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
### အသက်(၈၅)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိုး၏ ချစ်လှစွာသောဖခင် ဦးစိုးမောင် အသက်(၈၅)နှစ်သည် ၅-၆-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**HOB II Batch (1997)**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဦးစိုးဟန်
### အင်ဂျင်နီယာမှူးကြီး၊ (စီမံကိန်း-ငြိမ်း)
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
### အသက်(၈၄)နှစ်

မုံရွာမြို့နေ(ဦးစက်ကို-ဒေါ်တင်ရွှေ)တို့၏သား၊ (ဒေါ်ခင်ကြည်ညွန့်)၏ခင်ပွန်း၊ ဦးဝင်းမောင်-ဒေါ်ငွေးမြင့်၊ ဦးရဲထွတ်ဝင်း-ဒေါ်သီတာစိုး၊ ဦးတေဇာလင်း၊ ဦးနိုင်ထွေးသန်း-ဒေါ်မြတ်သန်းစိုးတို့၏ဖခင်၊ မောင်ပိုင်ကျော်ဇင်၊ မဇေကရီဝင်း၊ မောင်မင်းသူဟန်၊ မောင်ဟိန်းထက်အောင်၊ မောင်မင်းခန့်ဟန်၊ မောင်ကျော်ဇင်ခန့်တို့၏အဘိုးသည် ၆-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇း၂၅နာရီတွင် GRAND HANTHA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ယုဇနလမ်း၊ တိုက် A၊ အခန်း ၁၀၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်သန်းသန်းအေး(ခ)ထွေးထွေး (မော်လမြိုင်)
### အသက်(၇၅)နှစ်

ဒေါက်တာမောင်မောင်စိန်(Physician)၊ ဒေါက်တာမော်အေးလွင်(နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်)တို့၏ ချစ်လှစွာသောမိခင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း**
**ခွဲစိတ်အထူးကုအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်မြင့်သိန်း (မန္တလေး)
### အသက်(၇၄)နှစ်

ဒေါက်တာဦးထွဋ်မောင်မောင် (တွဲဖက်ပါမောက္ခ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဌာန)-ဒေါ်အိအိပန်းအောင်တို့၏မိခင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း**
**ခွဲစိတ်အထူးကုအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဒေါ်အေးမြိုင်
### အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ဝက်ချောင်းကျေးရွာနေ(ဦးသိန်းမောင်-ဒေါ်အေးစိန်)တို့၏သမီး၊ ရန်ကုန်မြို့နှင်းဆီကုန်းအိမ်ရာ၊ အမှတ် ၂၄/၁နေ (ဦးကျော်ဟန်)၏ဇနီး၊ (ဦးသန်းဦး)-ဒေါ်လှလှဦး၊ ဦးစိန်လှိုင်-ဒေါ်မို့မို့အောင်၊ ဦးမောင်မောင်နိုင်-ဒေါ်သင်းသင်းထွေးတို့၏မိခင်၊ မောင်ကောင်းစည်သူ၊ မောင်အောင်ရဲမင်းတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၆-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာတင်လှိုင်
### ကျောင်းအုပ်ကြီး(ငြိမ်း)၊ (IMT)
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (DMA)
### အသက်(၈၇)နှစ်

ဆရာကြီး ဒေါက်တာတင်လှိုင်သည် ၃-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာကြီး မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

**ကုန်သွယ်ရေကြောင်းအရာရှိလောင်းအပတ်စဉ်(၈)**
**(CD 8, CE6) / 1976 မှ တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးတင်ဇော်မင်း
### တပ်မတော်နည်းပညာတက္ကသိုလ်အမှတ်စဉ်(၂)
### အသက်(၄၂)နှစ်

နေပြည်တော်၊ ဇေယျာသီရိမြို့နေ ဒေါ်ထားထားနွယ်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ကောင်းခန့်ဇော်(1st Year MIT)၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးတင်ဇော်မင်းသည် ၅-၆-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၃)မှ ညီငယ်များ**

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးဇော်ဇော်သက်
### ဒုတိယခရိုင်ဥပဒေအရာရှိ
### ရန်ကုန်တောင်ပိုင်းခရိုင်ဥပဒေရုံး
### အသက်(၄၀)

၃-၆-၂၀၁၈ရက်တွင် ကွယ်လွန်သွားသော ဦးဇော်ဇော်သက်၏ နာရေးကိစ္စအရပ်ရပ်တွင် အဘက်ဘက်မှ အားပေးနှစ်သိမ့်ကူညီကြပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ အကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့်ခရိုင်၊ မြို့နယ်အသီးသီးမှ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ဝန်ထမ်းများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့ခြင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ လူမှုကွန်ရက်တို့မှလည်းကောင်း အားပေးနှစ်သိမ့်ခြင်း၊ နာရေးကိစ္စတွင် လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးကြပါသော ရပ်နီးရပ်ဝေးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်သင့် တင်ထိုက်သူအပေါင်းတို့အား လှိုက်လှဲစွာဖြင့် အထူးကျေးဇူးတင်ရှိအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## (၁)လပြည့် လွမ်းဆွတ်သတိရခြင်း
## ဦးစိုးနိုင်(ခ)ဦးသာကေ(ခ)နိုင်နိုင်
### (၄-၅-၂၀၁၈ မှ ၄-၆-၂၀၁၈)

၄-၅-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသော ဦးစိုးနိုင်(ခ)ဦးသာကေ(ခ)နိုင်နိုင်သည် ၄-၆-၂၀၁၈ရက်တွင် (၁)လပြည့်မြောက်သည်ဖြစ်သော်လည်း ဇနီးတစ်ယောက်အနေဖြင့် ဦးနိုင်အား ယနေ့တိုင် သတိရမမေ့နိုင်ပါ။ ဦးနိုင်အတွက် ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအစုစုတို့အား ရောက်ရာဘုံဘဝမှနေပြီး ဦးနိုင် သာဓုခေါ်ဆိုနိုင်ပါစေ။

**ဇနီး-သန်းလှလှဆွေ(ခ)အဲလေး**

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးတင်ဝင်း
### (MPE၊ ငြိမ်း)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ် ၆၅နေ ဦးကြည်လင်း-ဒေါ်ကျင်ပိုတို့၏သား၊ ဒေါက်တာဦးစန်းမောင်-ဒေါ်လှိုင်မိမိ၊ ဦးသန်းမောင်-(ဒေါ်စမ်းစမ်းနွဲ့)၊ ဦးခင်မောင်ရီ-ဒေါ်ဆွေဆွေမြင့်၊ ဦးငွေးဝင်း-ဒေါ်ခင်မော်မော်၊ဒေါ်မြင့်မြင့်ရီတို့၏အစ်ကို/ညီ၊ သာကေတမြို့နယ်၊ အရှေ့ရပ်ကွက်၊ အောင်သပြေအနောက်(၇)လမ်း၊ အမှတ် ၅၀၃နေ (ဦးမှဲ့-ဒေါ်အုန်းမြ)တို့၏သားသမက်၊ ဒေါ်စန်းစန်းမွှေး၏ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းဇင်၊ ကိုကောင်းမြတ်-မဆုမြတ်အောင်၊ မောင်မျိုးသက်တင်တို့၏ ချစ်လှစွာသောဖခင်သည် ၆-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**အနိစ္စ**

## ဒေါ်အေးအေးခိုင်(ခ)ပူစူးမ
### အသက်(၅၀)

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်နေ ဦးစောမင်း-ဒေါ်ပြုံးရီတို့၏ချွေးမ၊ ဘုရင့်နောင်ရပ်ကွက်နေ(ဦးတင်ဆောင်)-ဒေါ်တင်ထွေးတို့၏သမီး၊ ဦးဇင်း ဦးပဏ္ဍိစ္စ၊ ကိုထွန်းထွန်း-မလဲ့လဲ့ဝင်း၊ ကိုမျိုးမင်းလှိုင်-မရီရီဝင်း၊ ကိုပြည့်ဖြိုးဦး - မနီနီဝင်းတို့၏အစ်မ၊ ဒုရဲအုပ်ကျော်ဇင်ကို၊ မအိမ့်ခိုင်ဇင်ကျော်(ဒုတိယနှစ်၊ တောင်ကြီးကွန်ပျူတာတက္ကသိုလ်)တို့၏မိခင်၊ ဦးကျော်မင်းဦး(ဗိုလ်ကြီး၊ ငြိမ်း)၏ဇနီးသည် ၆-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမောင်မြင့်(ခ)
## ဦးကျော်လွင် (မြိတ်)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း ၂လမ်း၊ အမှတ် ၄နေ ဒေါ်ခင်သန်းနွယ်၏ခင်ပွန်း၊ ဦးတင်မောင်မောင်-ဒေါ်ဥမ္မာမြင့်တို့၏ ဖခင်၊ မောင်သန့်ထူးမောင်၊ မမြတ်ဆုမောင်၊ မသင်းသဇင်တို့၏အဘိုးသည် ၆-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရင်နု (ဝါးခယ်မ)
### အသက်(၈၂)နှစ်

ဝါးခယ်မမြို့နေ(ဦးဘတင်-ဒေါ်အေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)ရပ်ကွက်၊ မေယုလမ်း၊ အမှတ် ၃၃နေ ဦးဖုန်းမြင့်-ဒေါ်ခင်မိမိ၊ (ဦးခင်ကျော်)၊ ဦးဇော်လင်း-ဒေါ်တင်တင်ချို (ဒဂုံတောင်၊ လဝက)၊ ဦးဝင်းသောင်-(ဒေါ်ခင်ခင်မော်)၊ ဦးကိုကိုဇင်-ဒေါ်အေးအေးခိုင်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၅-၆-၂၀၁၈ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစန်ကြည် (သံဖြူဇရပ်)
### အကောက်ခွန်(ငြိမ်း)
### အသက်(၈၀)

သံဖြူဇရပ်မြို့နေ (ဦးစိန်-ဒေါ်နှင်းကျင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာ ၂လမ်း၊ အမှတ် ၂၇၁နေ (ဒေါ်လှသန်း)၏ ခင်ပွန်း၊ ဦးမျိုးလွင်၊ ဦးစိုးနိုင်မိုး၊ ဦးသန်းထွဋ်၊ ဒေါ်နုနုလွင်၊ မရွှေစင်သန်း၊ ဦးဗညားဖြိုး၊ မင်းနောင်နောင်စိုးတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၆-၆-၂၀၁၈ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်မေတင့်
### (ဟသ်ာတဒေါင့်ကြီး)
### ရွှေသပြေမိသားစု
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၇)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ် ၉၀၉နေ(ဦးလှမောင်-ဒေါ်သိန်း)တို့၏သမီး၊ ဦးအင်ကြည်(တပ်မတော်-ရေ၊ ငြိမ်း)၏ ဇနီး၊ ဦးဝင်းကြည် - ဒေါ်လှမြင့်တို့၏ညီမ၊ (ဒေါ်တင်နွဲ့ရီ)၊ ဦးကြင်အောင်-ဒေါ်နီနီ၊ ဒေါ်နုနုတို့၏အစ်မ၊ ဦးမောင်မောင်ကျော်-ဒေါ်သန်းသန်းအေး၊ ဦးခင်ဇော်(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်အေးမြင့်၊ ဦးမြင့်စိုး-ဒေါ်ယုယုကြည်၊ ဦးဝင်းလွင်ထွန်း - ဒေါ်ဇင်မာထိုက်(အထက-သုဝဏ္ဏ)တို့၏ချစ်လှစွာသောမိခင်၊မြေးခုနစ်ယောက်၊မြစ်ငါးယောက်တို့၏အဘွားသည် ၆-၆-၂၀၁၈ရက် နံနက် ၈း၂၀နာရီတွင်ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးအောင်သိမ်း (စစ်ကွင်း)
### ဦးစီးအရာရှိ(ငြိမ်း)
### အကောက်ခွန်ဦးစီးဌာန
### (အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း ရာသက်ပန်သက်ကြီးကန်တော့ခံပုဂ္ဂိုလ်)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၉)၊ အမှတ် ၁၄၇/ကနေ (ဦးဘိုးတင့်-ဒေါ်ပု)တို့၏တစ်ဦးတည်းသောသား၊ (ဒေါ်မြင့်မြင့်အေး)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဝင်းအောင်(ဒုအကခမှူး၊ ငြိမ်း)၊ ဦးစောဝင်းမြင့်ထွန်း(မိုးညွှင်းဒီဂရီကောလိပ်)-ဒေါ်သီတာအောင်(ရုက္ခဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးတင်ဝင်း(အကောက်ခွန်ဦးစီးဌာန)-ဒေါ်ရွှေဇင်အောင်(အကခမှူး၊ ငြိမ်း)၊ ဒေါ်ခင်မီမီအောင်(Hight Tech Concrete Co.,Ltd.)-ဒေါ်အေးအေးမော်တို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်ကိုမင်း(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ဘိုးဘိုးသည် ၅-၆-၂၀၁၈ရက်(အင်္ဂါနေ့)ညနေ ၆း၄၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရွှေကြည်(ခ)ဦးကြည်သာ
### ပြည်တွင်းအခွန်များဦးစီးဌာန(ထားဝယ်)
### အသက်(၈၇)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ ဝန်ထမ်းဟောင်းများအသင်း၏ ရာသက်ပန်အသင်းဝင်တစ်ဦးဖြစ်သူ ဦးရွှေကြည်(ခ)ဦးကြည်သာသည် ၂၇-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဝန်ထမ်းဟောင်းများအသင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဦးစီးအရာရှိ ဦးစောဝင်းကျော် အသက်(၃၈)နှစ်သည် ၆-၆-၂၀၁၈ရက်တွင် နေပြည်တော်(ခုတင်-၁၀၀၀)အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းမိသားစုများ**

## ဦးဝင်းစိုး အသက်(၆၁)နှစ်
### စစ်မှုထမ်းဟောင်း

(ဦးလှစိန်-ဒေါ်အေးသောင်း)တို့၏သား၊ (ဦးထွန်းစိန်-ဒေါ်သန်းစိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ စစ်ကိုင်း( ၃လမ်း၊ အမှတ် ၆၄၆၁နေ ဒေါ်အေးအေးသန်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်လင်းမောင်-မလဲ့လဲ့မျိုး၊ ကိုကျော်သူ-မခင်အေးအေးဝင်းတို့၏ချစ်လှစွာသောဖခင်၊ မသဲနုသဇင်၏အဘိုးသည် ၆-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၅နာရီတွင် O.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဝင်းစိုး အသက်(၆၁)နှစ်
### စစ်မှုထမ်းဟောင်း

(ဦးလှစိန်-ဒေါ်အေးသောင်း)တို့၏သား၊(ဦးမြင့်စိုး)-ဒေါ်မူမူအေး၊ (ဦးတင်စိုး-ဒေါ်မာလေး)တို့၏ညီ/မောင်၊ ဦးဝင်းရှိန်(အလက-၃၁)-ဒေါ်သန်းသန်းဝင်း(အထပြ၊ ငြိမ်း)၊ ဒု-အရာခံဗိုလ်ဘလှစိုး(မိတ္ထီလာဆေးတပ်)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးမြတ်ထွန်းအောင်(ဦးစီးအရာရှိ၊ ဆည်/ရေ)-ဒေါ်နုနုအောင်၊ တကကလှကျော်သူ (မစရ-၆)-ဒေါ်တင်တင်စန်းတို့၏အစ်ကိုသည် ၆-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၅နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ စစ်ကိုင်း(၃)လမ်း၊ အမှတ် ၆၄၆-ခ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမောင်နှမများ

## ဦးမျိုးသန့်(ခ)သားသား အသက်(၄၂)နှစ်
### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
### ဘဏ္ဍာရေးမှူး၊ လမ်းတော်မြို့နယ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၄လမ်း၊ အမှတ် ၃၉B၊ ဒုတိယထပ်နေ ဦးတင်ရှိန်-ဒေါ်တင်တင်ထွေးတို့၏သား၊ ဦးဝင်းမောင်-(ဒေါ်မြင့်ရီ)တို့၏သားသမက်၊ မမြမြသက်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်လှလှခိုင်၏မောင်၊ မောင်အောင်အောင်ထွန်း-မကြည်ကြည်မော်တို့၏အစ်ကို၊ မောင်ဝေယံခန့်၊ မသင်းနန္ဒာအောင်တို့၏ချစ်လှစွာသောဖခင်သည် ၆-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစောဝင်းကျော်
### ဦးစီးအရာရှိ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အသက်(၃၈)နှစ်

ပုဏ္ဏားကျွန်းမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ရုံးပတ်လမ်းနေ ဦးစောလှ-ဒေါ်ခင်သာတို့၏သား၊ မစောမြင့်ငွေး၏မောင်၊(မောင်စောညီညီ)၊ မောင်စောအောင်နိုင်တို့၏အစ်ကိုသည် ၆-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် နေပြည်တော် ကျွဲကြီးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၆

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ၁၉၉၃ ခုနှစ် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်ခဲ့မှုများမှာ အောင်မြင်ခဲ့ပါကြောင်း၊ ယခုအခါတွင် မြန်မာအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) သုံးပွင့်ဆိုင် နားလည်မှု စာချွန်လွှာအရ ယခုဆောင်ရွက်မည့် လုပ်ငန်းစဉ်များလည်း အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ ကုလသမဂ္ဂ

စာမျက်နှာ ၉ ကော်လံ ၁ ❀



အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ် **Mr. Knut Ostby** နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဌာနေကိုယ်စားလှယ် **Mr. Giuseppe de Vincentiis** တို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးကျော်တင်တို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြစဉ်။ သတင်းစဉ်

## စစ်ကိုင်း၊ ဟံသာဝတီနှင့်ရခိုင်အသင်း ကွာတားဖိုင်နယ်တက်ရောက်

ရန်ကုန် ဇွန် ၆

**၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှီး၊ ထွက်ပြိုင်ပွဲဒုတိယအဆင့် (ဒုတိယနေ့)ကို ယနေ့ညနေပိုင်းက ကျင်းပရာ စစ်ကိုင်း၊ ဟံသာဝတီနှင့် ရခိုင်အသင်းတို့ ကွာတားဖိုင်နယ်တက်သွားပြီး နာမည်ကြီးရတနာပုံအသင်း ဒုတိယအဆင့်မှထွက်ခဲ့ရသည်။**



စစ်ကိုင်းအတွက် အနိုင်ဂိုးကို သီဟဇော် သွင်းယူလိုက်စဉ်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းက ရတနာပုံအသင်းကို အချိန်ပိုတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းအသင်းသည် ယခုပွဲကို စနစ်တကျပြင်ဆင်လာခဲ့သလို အချိန်ပိုတွင်သွင်းယူသည့်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ယခုပွဲကို ဦးခေါင်းဒဏ်ရာရထားသည့် စစ်ကိုင်းနည်းပြချုပ် ဦးဇော်လင်းထွန်း

စာမျက်နှာ ၁၂ ကော်လံ ၁ ❍

## မလေးရှားနိုင်ငံတွင် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် အဓိကပတ်သက်ဆက်စပ်နေသူ မောင်မောင် (ခ)Yassin အား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၆

မလေးရှားနိုင်ငံတွင် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် အဓိက ပတ်သက်ဆက်စပ်သူ ထွက်ပြေးတိမ်းရှောင်နေသည့် မောင်မောင် (ခ)Yassin အား ဇွန် ၅ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ထွက်ပြေးတိမ်းရှောင်နေသည့် မောင်မောင်(ခ) Yassin နှင့် ပူးပေါင်းပါဝင်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အထူးအမှုစစ်အဖွဲ့ဖွဲ့စည်းကာ ဆက်လက်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ ဇွန် ၅ ရက် ည ၁၀ နာရီခန့်တွင် မောင်မောင်(ခ)Yassin (၄၄ နှစ်)သည် Top Light ယာဉ်အသင်းမှ MDY FF/----ဇင်ကားဖြင့် ပြင်ဦးလွင်မှ မန္တလေးသို့ ထွက်ခွာသွားကြောင်း သတင်းအရ မူးယစ်တပ်ဖွဲ့စုမှ တာဝန်ရှိသူများက ၁၆ မိုင် စစ်ဆေးရေးစခန်းတွင် ပိတ်ဆို့ဖမ်းဆီးရာ ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

**Myanmar Digital News**


